www.burmeseclassic.com

BURMESE CLASSIC .com

# ဂေါ်နှင်မြိုး

ဆေးပြင်းလိပ် လူသတ်သမား နှင့်
ပြွေသူတော်မောင်ဒြိုပ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ဌေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၅၂(ပ-ထပ်)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၀၉၊ ၀၉ ၅၁ ၉၆၁၂၃

မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

ကွန်ပျူတာ
ဆုအေးအောင်၊ ကြည်မိုးဟန်

ဖလင်
Empire

စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)

ပုံနှိပ်ခြင်း
၂၀၁၃၊ အောက်တိုဘာလ၊

အုပ်ရေ
၁၀၀၀

တန်ဖိုး
၁၀၀၀ ကျပ်

၈၉၅.၈၀၃
ဇော်နိုင်ငံမိုး စာရေးဆရာ
ဆေးပြင်းလိပ်လူသတ်သမားနှင့် မြွေသူတော်မောင်ဖြိုး
ဇော်နိုင်ငံမိုး။ ရန်ကုန်၊
ရတနာသိုက် စာပေ ၂၀၁၃
စာ - ၁၆၂ ၁၂.၅ × ၂၀ စင်တီမီတာ
ဆေးပြင်းလိပ်လူသတ်သမားနှင့် မြွေသူတော်မောင်ဖြိုး

www.burmeseclassic.com

www.burmeseclassic.com



# ကျော်နိုင်ကြီး

## ဆေးပြင်းလိပ် လူသတ်သမားနှင့် မြွေသူတော်မောင်ဖြိုး

BURMESE CLASSIC

## အခန်း(၁)

အင်းစိန် စီအိုင်ဒီရုံးကို နေရာပြောင်းပြီး ဖွင့်ထားသည်ဟု ထင်ရလောက်အောင်ပင် ရုံးဝင်းရှေ့ရှိ လက်ဖက်ရည်ဆိုင်အတွင်း၌ အင်းစိန်စီအိုင်ဒီမှ စုံထောက်အရာရှိများနှင့် ပြည့်နှက်နေလေသည်။

ထုံးစံအတိုင်း နံနက် ရုံးတက်ချိန်ရောက်သည့်တိုင် မိမိတို့၏ ရုံးခန်းများရှိရာဆီသို့ သွားရန် စိတ်မကူးကြသေးဘဲ အိုင်ပီတဦး အိုင်ပီ ထွန်းရွှေ၊ အိုင်ပီမောင်မောင်စိန်၊ အိုင်ပီစိန်ထူး အစရှိသော စုံထောက် များမှာ ရောက်တတ်ရာရာ စကားများကို ပြောဆိုနေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရှိနေခိုက်မှာပင် သည်ကနေ့ထုတ် ရန်ကုန်ဂေဇက် သတင်းစာကို ငြိမ်ငြိမ်းဖတ်နေသော အိုင်ပီမောင်မောင်စိန်က အလန့် တကြားလေသံဖြင့်...

"အလို!... ဖြစ်ချင်တိုင်း ဖြစ်နေပါရောလား၊ ရန်ကုန် ဒိစတြိတ် ရာဇဝတ်တရားသူကြီး မစ္စတာမောရစ်ကောရစ် ကိုယ်တိုင် ထောင်ဒဏ်သုံးလနဲ့ငွေဒဏ် ရွှေဒင်္ဂါးသုံးဆယ် အပြစ်ဒဏ် ချလိုက်တာကို တရားခံဖြစ်တဲ့ လက်ဖတင်နှင် စစ်ဗိုလ်လေး ဖော်တက်စကြူး ဆိုတဲ့လူက မကျေနပ်လို့ ဟိုက်ကုတ်မှာ အယူခံဝင်တာ အောင်သွားသတဲ့"

ခါတ်ဆီနှင့် တွေ့လိုက်သည့် မီးတောက်လို အိုင်ပီစိန်ထူးမှာ (အိုင်ပီမောင်မောင်စိန်တစ်ယောက် သူ့ဝသီတိုင်း ဘာမဟုတ်သည့်ကိစ္စ ကို လူကြားကောင်းအောင် ရေကြီးခွင်ကျယ် လုပ်နေသည်ဟု ထင်သွား ပြီး) ချက်ချင်းထပြောလေသည်။

"ဒါများ ဘာဆန်းလို့လဲ ကိုမောင်မောင်စိန်ရယ်။ အဲဒီ စစ်ဗိုလ်လေးဘက်က မှန်လို့ အယူခံအောင်တာ နေမှာပေါ့။ ဝက်ခြံကို အနာလုပ်မနေစမ်းပါနဲ့ဗျာ"

အိုင်ပီစိန်ထူးနှင့် အိုင်ပီမောင်မောင်စိန်မှာ အရင်ဘဝက အမြဲ တကြီးတိုက်ခိုက်ခဲ့ကြသည့် ရန်သူရင်းတွေ ဖြစ်ပုံရပြီး သည်ဘဝမှာပါ ဆက်လက်တိုက်ခိုက်ရအောင် ပဋ္ဌာန်းဆက်က တစ်ရုံးထဲတွင် လာရောက် ဆုံစည်းပေးထားခြင်း ဖြစ်ဟန်တူသည်။

အခုလည်း ဘာမဆိုင်ညာမဆိုင် အထက်စီးလေသံဖြင့် ပြော လိုက်သော အိုင်ပီစိန်ထူး၏စကားကြောင့် အိုင်ပီမောင်မောင်စိန်မှာ





မျက်နှာကြီး နီရဲသွားပြီး ဒေါသတကြီး ပြန်ချေပလေသည်။

"စုံထောက်အရာရှိလုပ်နေပြီး မစူးစမ်း မဆင်ခြင် ပြောတတ် ရန်ကော ကိုစိန်ထူးရယ်၊ အယူခံဝင်လို့ အောင်တာလောက်ကို ကျုပ်က ဘာလို့ စကားထဲ ထည့်ပြောနေရမှာလဲ၊ အခုဟာက တရားမျှတမှု မရှိလွန်းလို့ ပြောရတာဗျ"

"ဒါဆိုလည်း အကြောင်းစုံသိရအောင် လင်းစမ်းပါဦး ကို မောင်မောင်စိန်"

အိုင်ပီဘဦးက သူ့အကျင့်အတိုင်း မီးပွားကို မီးတောက်ဖြစ် အောင် လေပင့်ပေးလေသည်။ အိုင်ပီမောင်မောင်စိန်က ပုလ္လာတစ်ပုဒ်ကို ရှင်းပြတော့မည့် ဆရာတစ်ယောက်၏ အိုက်တင်ဖြင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"အဲဒီ ဖော်တက်စကြူးဆိုတဲ့ ကင်မရွန်း စစ်တပ်က စစ်ဗိုလ် လေးက ဂျင်မခါနာ ကလပ်ကအပြန်မှာ လမ်းစောင့်ပုလိပ်က မီးနီပြထားတာကိုတောင် အရေးမလုပ်ဘဲ ဟယ်လပင်လမ်းနဲ့ ပြည်လမ်းဆုံတဲ့ မီးပွိုင့်ကို မူးမူးရူးရူးနဲ့ ဖွတ်အတင်း ဖြတ် မောင်းပြီး ပြည်လမ်းဘက်က ဖြည်းဖြည်း မှန်မှန်မောင်းလာတဲ့ ကိုယ်ပိုင်ကားတစ်စီးကို ဝင်တိုက်သတဲ့လေ။ တစ်ဖက်ကား ပေါ်မှာပါလာတဲ့ အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက် က ဆီးရိုးကျိုးပြီး ဆီးအိမ်ကွဲသွားတယ်။ ကျန်တဲ့တစ်ယောက် ကလည်း ဆေးရုံမှာ ရက်တော်တော်ကြာ နေလိုက်ရသေးတယ် အဲဒီတော့ ဖော်တက်စကြူးဆိုတဲ့ လူဟာ ရာဇသတ်ပုဒ်မ ၃၃၈ ကို ချိုးဖောက်တာပဲ မဟုတ်လား။ ဒီတော့ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်က ကြောင်တစ်ကောင်ကို သေနတ်နဲ့ပစ်လို့ လူတစ်ယောက်ယောက်ကို သွားမှန်ရင်တောင် ဒီဟာနဲ့ပဲ တရားစွဲရတဲ့ ပုဒ်မဗျ။ ပေါ့သေးသေးမဟုတ်ဘူး။ ဥပဒေအတိုင်းသာ အရေးယူမယ်ဆိုရင် ထောင်ဒဏ် ၂ နှစ်နဲ့ ငွေဒဏ်တစ်ထောင်ထိ ပြစ်ဒဏ်ချလို့ရတယ်။ အခု ထောင်ဒဏ် ၃ လနဲ့ ငွေဒဏ် ရွှေဒင်္ဂါး ၃၀ ပဲ အပြစ်ဒဏ်ချတာ တရားသူကြီးက သက်ညှာလွန်းတယ်လို့ ဆိုရမှာ မဟုတ်လား။ ဒါကိုပဲ ဖော်တက်စကြူးက မကျေနိုင်၊ မချမ်းနိုင်ဘဲ ဟိုက်ကုတ်မှာ အယူခံဝင်တာ အောင်သွားတယ်ဆိုတော့ ဘယ်လောက် ခံပြင်းစရာကောင်းလိုက်သလဲ။ ဒါဟာ ကျုပ်တို့ ဗမာလူမျိုးတွေ ဘယ်လိုပဲ သေသေကြေကြေ သူတို့ ဥရောပတိုက်သားတွေကိုတော့ ဘာအပြစ်ဒဏ်မှ မပေးရဘူးလို့ ဟိုက်ကုတ်က တရားဝင်ဖွင့်ပြောလိုက်တာနဲ့ အတူတူပဲဗျ''

*(ကိုလိုနီခေတ်တွင် ဟိုက်ကုတ်မှ စစ်ဆေးသော အမှုတိုင်းကို အင်္ဂလိပ် ဂျူရီလူကြီးများဖြင့်သာ စစ်ဆေးလေ့ရှိသည်။ မြန်မာပြည်ရှိ အင်္ဂလိပ် ဂျူရီလူကြီးများကား မည်သည့်အမှုမျိုးတွင်ဖြစ်စေ သူတို့ ဥရောပတိုက်သားများကိုသာ မျက်နှာသာပေးလေ့ရှိ၏)*

တောက်တခေါက်ခေါက်နှင့် မခံမရပ်နိုင်စွာ ပြောဆိုနေသော အိုင်ပီမောင်မောင်စိန်ကို ကြည့်ကာ အိုင်ပီထွန်းရွှေမှာ မနေသာတော့ဘဲ ဝင်ပြောလေသည်။

''အဆန်းလုပ်ပြီး ဒေါသထွက်မနေစမ်းပါနဲ့ ကိုမောင်မောင်စိန်ရယ်။ ကျုပ်က ဒီအမှုစပြီး ရုံးတင်ပြီဆိုကတည်းက ဒီလိုမျိုးပဲ





အဆုံးသတ်လိမ့်မယ်ဆိုတာ ကြိုရိပ်မိပြီးသားပါဗျား။ ခေတ်တို့ကလည်း သူတို့က ကျုပ်တို့ လူမျိုးတွေကို ကျွန်ပြုပြီး အုပ်ချုပ်နေတဲ့ ကိုလိုနီခေတ်လေ။ သာမန်ပြည်သူတွေ နှစ်နာတာ မပြောနဲ့၊ သူတို့ အစိုးရအဖွဲ့ထဲမှာ ရာထူးကြီးကြီးယူထားတဲ့ ကျုပ်တို့ ဗမာလူမျိုး အရာရှိကြီးတွေကိုတောင် သူတို့က တစ်တန်း တစ်စားတည်း ဆက်ဆံတာမှ မဟုတ်တာဘဲကိုး''

*(ထိုခေတ် ထိုကာလက အင်္ဂလိပ်မျက်နှာဖြူများမှာ ဗမာလူမျိုးများသာမက တခြား တရုတ်၊ ကုလား အစရှိသည့် လူမျိုးခြားများကိုပါ အဆင့်အတန်းခွဲပြီး ဆက်ဆံကြလေသည်။ ရန်ကုန်မြို့ရှိ အင်္ဂလိပ် အစည်းအရုံးကား ပီးဂျူးကလပ်၊ ဘုတ်ကလပ်၊ ဂျင်မခါနာကလပ်မှ အသင်းသားချည်း ဖြစ်လေသည်။ ထိုကလပ်များမှာ ဥရောပတိုက်သားများမှလွဲ၍ တခြားမည်သည့် လူမျိုးမှ ဝင်ခွင့်မရှိပေ။ လူမျိုးကို အဓိကထား ကန့်သတ်ထားခြင်းဖြစ်၍ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း၊ ရာထူးကြီးမြင့်ခြင်းတို့မှာလည်း ထိုကလပ်များသို့ ဝင်နိုင်သည့်အရည်အချင်းများ မဟုတ်ချေ။ ယုတ်စွအဆုံးပြောရလျှင် မြန်မာလူမျိုးများထဲမှ ခေတ္တဘုရင်ခံဖြစ်ခဲ့သူ ဆာဂျေအေ မောင်ကြီးပင် ထိုကလပ်များသို့ ဝင်ခွင့်မရှိပေ။ ဒါကို ရည်ရွယ်ပြီး အိုင်ပီထွန်းရွှေက ပြောခြင်းဖြစ်လေသည်)*



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီမောင်မောင်စိန်မှာ ထိခိုက်ဒဏ်ရာရသွားခဲ့သော အမျိုးသမီးနှစ်ဦးထဲတွင် သူ့ဆွေမျိုးပါလေဟန်ဖြင့် မကျေနပ်နိုင်သေးဘဲ သတင်းစာကို စားပွဲပေါ်သို့ ဘုတ်ခနဲ ပစ်ချကာ ပြောပြန်သည်။

''စဉ်းစားကြည့်ပါဗျာ။ ဒဏ်ရာရသွားတဲ့ အမျိုးသမီးနှစ်ဦးကသာ အင်္ဂလိပ်လူမျိုးဖြစ်ပြီး၊ အရက်မူးပြီး ကားနဲ့ဝင်တိုက်တဲ့လူကသာ ကျုပ်တို့ ဗမာလူမျိုးဖြစ်ကြည့်ပါလား... ဟွန်း... မပြောလိုက်ချင်ဘူး။ တစ်ဆွေလုံး တစ်မျိုးလုံးတောင် ထောင်ကျသွားဦးမယ်၊ ပြီးတော့ရော သူတို့ လူမျိုးအချင်းချင်း ဘီလပ်က လမ်းဆုံတစ်ခုမှာ အခုလိုပဲ ကားတိုက်မှုဖြစ်ကြည့်ပါလား။ အရက်မူးပြီး မီးနီဖြတ်မောင်းတဲ့ ကားကိုပဲ အပြစ် ဒဏ်ပေးမှာပေါ့''

ဆက်နားထောင်နေလျှင် ဗမာပြည်လွတ်လပ်ရေး ရသည်အထိ ပြီးမှာမဟုတ်သဖြင့် အိုင်ပီထွန်းရွှေကပဲ ပြေရာပြေကြောင်းပြောကာ စကားစဖြတ်ပစ်ရန် ကြိုးစားလိုက်လေသည်။

''ကျုပ်တို့က မျက်မြင်ကိုယ်တွေ့ တွေ့တဲ့လူတွေမှ မဟုတ်ဘဲ ကိုမောင်မောင်စိန်ရယ်။ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ် ဆိုတာ ကံသေကံမတော့ ပြောလို့ ဘယ်ရပါ့မလဲ။ ပြီးတော့ လမ်းစောင့်ပုလိပ်တွေအကြောင်းလည်း ခင်ဗျား သိသားနဲ့။ ဒီကောင်တွေက တစ်ခါတလေကျရင် မဆင်မခြင်နဲ့ မီးပွိုင့်ကို တအားလှည့်ပစ်လိုက်ကြတာဗျ။ အဲဒီလို အခါမျိုးကျရင် မီးနီနဲ့ မီးစိမ်းကြားမှာ မီးဝါတွေဘာတွေ မရှိတော့ဘဲ အနီကနေ အစိမ်း၊ အစိမ်းကနေ အနီ ပြောင်းချင်သလို ပြောင်းကုန်ရော။





ကားမောင်းတဲ့ လူမှာသာ ဘရိတ်ပဲ နင်းရမလို၊ လီဗာပဲ နင်းရမလိုနဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြရတာ။ ကျုပ်ဆို အဲဒီလိုမျိုး ခဏခဏကြုံဖူးတယ်ဗျ။ အခုလည်း လမ်းစောင့် ပုလိပ် အချက်ပြတာမှားလို့ တိုက်မိကုန်တာ ဖြစ်မယ်ထင် တယ်''

*(ထိုစဉ်အခါက ရန်ကုန်မြို့ရှိ အချို့နေရာများတွင်သာ မီးစိမ်း မီးနီဖြင့် အချက်ပြသော မီးပွိုင့်များကို အသုံးပြုလေသည်။ အသုံးပြု ပုံမှာလည်း၊ လမ်းစောင့်ပုလိပ် (ယခုခေတ်အခေါ် ယာဉ်ထိန်းရဲ)က လက်ဖြင့်သာ လှည့်လေ၏။ ထိုသို့ မီးစိမ်း၊ မီးနီမသုံးသည့် နေရာများ တွင်တော့ လမ်းဆုံအလယ်တွင် အုတ်ခုံမြင့်လေးလုပ်ထားပြီး ထိုအပေါ်မှ လမ်းစောင့်ပုလိပ်က ရပ်ကာ လက်ဖြင့် အချက်ပြလေသည်။ ထိုနေရာကိုတော့ ပုလိပ်လက်ပြခုံ သို့မဟုတ် ပုလိပ်လက်ပြတိုင်ဟု ခေါ်လေသည်။)*

ယခုထိ အိုင်ပီမောင်မောင်စိန်မှာ မကျေနပ်နိုင်သေးပေ။

''ဖွတ်!... မဖြစ်နိုင်တာဗျာ''

ကြာတော့ အိုင်ပီစိန်ထူးမှာ မြင်ပြင်းကတ်လာလေသည်။ ထို့ကြောင့် မအောင့်နိုင်မအီးနိုင်တော့ဘဲ ပြောလိုက်မိလေတော့သည်။

''နေ့... နေပါဦး ကိုမောင်မောင်စိန်ရဲ့၊ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက် မကျေမနပ်ဖြစ်နေရတာလဲ။ ဒဏ်ရာရသွားတဲ့ အမျိုးသမီးနှစ်ယောက်က ခင်ဗျားရဲ့ ကြီးတော်တွေ တူမတွေ မို့လို့လား''



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီမောင်မောင်စိန်၏ မျက်နှာမှာ ချက်ချင်းပင် မဲ့ကာရွဲ့ကာ ဖြစ်သွား၏။

''ဘယ်လိုစိတ်ထားနဲ့ ပြောလိုက်တာလဲ ကိုစိန်ထူးရယ်။ ကျုပ်က ကျုပ်ခွေမျိုးတွေကျမှပဲ ဒေါသထွက်ရမယ်တဲ့လား။ အခုဟာက ကိုယ့်ဗမာလူမျိုး ခံရလို့ ဒေါသထွက်နေတာ... ဗျ။ သိရဲ့လား...။ အင်းလေ... ခင်ဗျားလို ကိုယ့်လူမျိုးကို အထင်မကြီး၊ တိုင်းတစ်ပါးလူမျိုးကိုမှ အထင်ကြီးတတ်တဲ့ လူမျိုး အတွက်တော့ ဒါက ဘယ်ဒေါသထွက်စရာကိစ္စ ဟုတ်ပါ့မလဲ။ ကျုပ်လို ကိုယ့်လူမျိုးထိရင် နည်းနည်းမှ မခံတတ်တဲ့ လူစားမျိုးအတွက်သာ အနုနကျွဲခတ်သလို ဖြစ်ရတာပေါ့ဗျ''

ထိုစကားကြောင့် အတူတူထိုင်နေသူအားလုံးမှာ အသီးသီး မျက်နှာ ရှုံ့သွားကြလေသည်။ စိတ်ထဲမှလည်း အခွင့်ကြုံတုန်း ကိုယ့်ကိုယ်ကိုယ် မျိုးချစ်သူရဲကောင်းကြီးပမာ ကိုယ်ရည်သွေးလိုက်သော အိုင်ပီ မောင်မောင်စိန်ကို မြင်ပြင်းကတ်သွားကြမည်မှာ မလွဲပေ။

နှိပ်ကွပ်စရာအကွက် မကြုံသေးသဖြင့် သည်းခံပြီး နားထောင်နေသော အိုင်ပီစိန်ထူးအတွက်တော့ အကြိုက်တွေ့သွားလေသည်။

''တော်စမ်းပါ၊ ကိုမောင်မောင်စိန်ရယ်။ အကြောင်းမသိတဲ့ လူတွေ ကျနေတာပဲ။ မင်းကြီးရှေ့ရောက်ရင် 'ဘုရား... ၊ ကျွန်တော်မျိုး' မိုးမွှန်နေအောင် ပြောတာ ကျုပ်တို့ စုံထောက် အဖွဲ့ထဲမှာ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်။ ကျန်တဲ့လူတွေ အားလုံး မင်းကြီးကို ဘယ်သူမှ 'ဘုရား' မထူးကြဘူး။ ဘယ်နှယ့် ကိုယ့်လူမျိုးကို ချစ်တယ်လည်း ပြောသေးတယ်။





ကိုယ့်လူမျိုး အထွတ်အမြတ်ထား ကိုးကွယ်တဲ့ ဘုရားနဲ့ အင်္ဂလိပ်မျက်နှာဖြူကို တစ်ဂိုဏ်းတည်းထားရတယ်လို့... အံ့ပါ့ဗျာ''

''ခင်... ခင်ဗျား... ဘာ... ဘာစကားပြောတာလဲ''

အရှိက်ကို လက်သီးပြင်းပြင်းနှင့် ဘယ်ညာဆက်တိုက် အထိုး ခံလိုက်ရသလို အိုင်ပီမောင်မောင်စိန်မှာ မရှုနိုင် မကယ်နိုင်ဖြစ်သွား ပြီး စကားပင်ဖြောင့်အောင် မပြောနိုင်ရှာတော့ပေ။ အမှန်တကယ်လည်း ဟုတ်နေသည်ဆိုတော့ အိုင်ပီမောင်မောင်စိန်မှာ ကိုယ့်စကားနှင့်ကိုယ် အချိုကြီး ခံလိုက်ရလေသည်။

ထုံးစံအတိုင်း အာကျယ်တွန်းရွှေခေါ် အိုင်ပီတွန်းရွှေကတော့ ဘယ်သူ့မျက်နှာကိုမှ မထောက်၊ အားမနာ လျှာမကျိုးနှင့် လက်ဖက်ရည် ဆိုင်တစ်ဆိုင်လုံး ကြားအောင် အသံကြီးဖြင့် အော်ရယ်လေတော့သည်။

ထိုသို့ရှိနေခိုက်မှာပင် လက်ဖက်ရည်ဆိုင် တံစက်မြိတ်အောက် သို့ ကျူးနှစ်ကုတ်အင်္ကျီ ဖိုးရိုးဖားရား၊ ဆံပင်ဘုတ်သိုက်၊ ခြေထောက် ဆာတာဆာတာနှင့် လူတစ်ယောက် ကုပ်တိကုပ်ချောင်းနှင့် ဝင်လာလေ သည်။ ထိုလူမှာ မည်မျှလောက် ကြိုတင်ကြံစည်ကာ အစေ့စပ် အသေချာ ဆုံး ကျူးလွန်ထားသည့် ရာဇဝတ်မှုဖြစ်စေ သူကိုင်တွယ်လိုက်လျှင်တော့ နောက်ဆုံးတွင် တရားခံကိုယ်တိုင် လက်မှိုင်ချ အညံ့ခံရစမြဲဖြစ်သည့် မြွေသူတော်မောင်ခြိမ့်ပင် ဖြစ်လေသည်။

အပြင်ပန်း ရုပ်ဆင်းအင်္ဂါကြည့်လျှင်တော့ အင်စပက်တော အရာရှိတစ်ယောက်နှင့် လားလားမှမတူဘဲ မြင်းလှည်းသမားသို့ ချယ်ဂါလီသမားလိုလို ပုံပေါက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲသို့ မြွေသူတော်မောင်ခြိမ့် ဝင်လာသည်ကို တွေ့သည်နှင့် အိုင်ဝီမောင်မောင်စိန်မှာ မနှုတ်ဆက်စဖူး လှမ်းနှုတ်ဆက်လေသည်။ စိတ်ရင်းအမှန်ကတော့ သူ့အား ရှောင်ပြောင်နေသူများကို အာရုံပြောင်းသွားစေရန် ဖြစ်ဟန်တူသည်။

"ကိုမောင်ခြိမ့်... နောက်ကျလှချည်လားဗျ။ လာဗျာ... လက်ဖက်ရည်လေးဘာလေး သောက်ရအောင်"

ထိုစကားသံကြောင့် မြွေသူတော်မောင်ခြိမ့်မှာ တခြားစားပွဲဝိုင်းတွင်ထိုင်ရန် ပြင်နေရာမှ တုံ့ခနဲဖြစ်သွားပြီး အိုင်ဝီမောင်မောင်စိန်အား ငူငူကြီးလှမ်းကြည့်နေ၏။ ပြီးမှ လေးတိလေးကန်အမူအရာဖြင့် တစ်လှမ်းချင်းလျှောက်လာကာ အိုင်ဝီစိန်ထူးဘေးရှိ လွတ်နေသောနေရာတွင် ဝင်ထိုင်လေသည်။

မြွေသူတော်မောင်ခြိမ့်မှာ အမြဲ သည်လိုပုံပင်၊ မည်သည့်အချိန်ကြည့်လိုက်ကြည့်လိုက် အိပ်ရေးမဝသလိုလို၊ မူးယစ်ရီဝေနေသလိုလိုပုံဖြင့် အမြဲတမ်း ထုံထိုင်းလေးကန်နေတတ်သည်။

သည်လိုပုံ၊ သည်လိုအမူအရာနှင့်မို့လည်း ရာဇဝတ်သားများမှာ မြွေသူတော်မောင်ခြိမ့်အား စစတွေ့ချင်းဆိုလျှင် အထင်သေးအမြင်သေးသွားတတ်ကြကာ မိမိတို့ ကျူးလွန်ထားကြသော ရာဇဝတ်မှုများအတွက် ရင်အေးသွားရပြီဟု ယူဆမိကြတာ များသည်။ သို့သော် မြွေသူတော်မောင်ခြိမ့်နှင့် တစ်ခါနှစ်ခါလောက် ခုံတွေ့ပြီးသွားလျှင်တော့ ထိုရာဇဝတ်သားများမှာ သွေးလေချောက်ချားကုန်ကြကာ အမှားများကို တစ်ခုပြီးတစ်ခု ပြုလုပ်မိကြလေတော့သည်။

ဒါကိုပင် မြွေသူတော်မောင်ခြိမ့်က စောင့်ဖမ်းကာ ရာဇဝတ်သားအား ကြိုးစင်ပို့လေတော့သည်။

မြွေသူတော်မောင်ခြိမ့်က အညာသားပီပီ သူသောက်နေကျအတိုင်း ကျရည်နည်းနည်း၊ နို့ဆီများများနှင့် ချိုတွဲတွဲ လက်ဖက်ရည်တစ်ခွက်ကို မှာပြီးနောက် ဗိုလ်လသာဆေးပြင်းလိပ်ကို မီးညှိကာ အားပါးတရ ရှိုက်ဖွာနေလေသည်။

အိုင်ဝီဘဦးက...

"နို့... ဒါနဲ့ ပုလိပ်မင်းကြီး မစ္စတာ မယ်ရီကင် လည်ချောင်းရောဂါ မသက်သာလို့ ခွင့်ခဏယူပြီး ဘိလပ်မှာ ဆေးပြန်ကုမယ့်အကြောင်း ကြားပြီးပြီလားဗျ... ကိုမောင်ခြိမ့်"

ဟု မေးလိုက်လေရာ မြွေသူတော်မောင်ခြိမ့်မှာ အထူးအဆန်းသဖွယ်ဖြစ်သွားပြီး တအံ့တဩဖြင့်...

"ဟုတ်စ... ကျုပ်တော့ မကြားမိသေးပေါင်ဗျာ"

(ပုလိပ်မင်းကြီး မယ်ရီကင်မှာ ၁၉၃၀ ဂျူလိုင်လတွင်လည်ချောင်းရောဂါဝေဒနာကြောင့် ဘိလပ်တွင် ဆေးကုသမှုခံယူရန် ခွင့်ယူပြီး ပြန်သွားခဲ့သူဖြစ်သည်။ သို့သော် ရောဂါဝေဒနာ မသက်သာသဖြင့် မြန်မာပြည်သို့ ပြန်မလာတော့ဘဲ သူ့နေရာအား ဖန်လည် ဝှစ်တင်းစတောလ်ဆိုသူက ဆက်ခံလေ၏။ လက်ထောက် ပုလိပ်မင်းကြီးအဖြစ် မစ္စတာဘာကာဆိုသူကပင် ဆက်လက်လုပ်ဆောင်လေသည်)



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံးလုံး သိရှိပြီးသား သတင်းဖြစ်သော်လည်း မြွေသူတော် မောင်ခြိမ့်တစ်ယောက်သာ မသိသဖြင့် အိုင်ပီဘဦးက ပြုံးရယ်ကာ...

"တစ်မျိုးတော့ မထင်ပါနဲ့ ကိုမောင်ခြိမ့်ရာ။ ကျုပ် တစ်ခုလောက် မေးပါရစေ၊ အမှုလိုက်စရာ မရှိတဲ့အချိန်တွေမှာ ကိုမောင်ခြိမ့် ဘာတွေများ လုပ်နေသတုန်းဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုမောင်ခြိမ့်ကို ဘာမေးလိုက်မေးလိုက် မသိဘူးချည်းပဲ ပြောပြောနေလို့ပါ"

ထိုစကားကြောင့် လက်ဖက်ရည်ဝိုင်းတွင် ထိုင်နေကြသူအားလုံးမှာ ပြုံးစစ ဖြစ်ကုန်ကြသည်။ မြွေသူတော်မောင်ခြိမ့်ကိုယ်တိုင်ပင် ရှက်ပြုံးပြုံးရင်း ပြန်ဖြေသည်။

"မသိပါဘူးဗျာ။ ကျုပ်ကိုယ်တိုင်လည်း အားနေတဲ့အချိန်တွေမှာ ဘာတွေလုပ်လို့ ဘာတွေကိုင်နေမှန်း စဉ်းစားလို့ကို မရပါဘူး။ ကျုပ်အထင်တော့ ဘာလုပ်ရင် ကောင်းမလဲလို့ ‹ဒိုင် စဉ်းစားရင်းနဲ့ပဲ အချိန်တွေ ကုန်သွားတာနေမှာပေါ့... ဟဲ... ဟဲ..."

"ဟာဗျာ... ကျုပ်တို့က အကောင်းမှတ်လို့ နားထောင်နေတာ"

အိုင်ပီဘဦးနှင့် အိုင်ပီထွန်းရွှေကာ သူတို့ မမျှော်လင့်ထားသည့် စကားကို ကြားလိုက်ရသည့်အတွက် တစ်ပြိုင်တည်းလိုလို ညည်းတွားလိုက်လေသည်။

သူတို့ ထင်မှတ်ထားသည်က လိုက်သမျှ အမှုအားလုံးကို သေနတ်လည်း တစ်ချက်မျှမပစ်ရ၊ ရိုက်နှက်ခြိမ်းခြောက်စစ်ဆေးခြင်းလည်း မပြုရဘဲ တရားခံကို အဘက်ဘက်မှ ငြင်းမရအောင် ဖမ်းဆီး





နိုင်သော မြွေသူတော်မောင်ခြိမ့်မှာ အားလပ်ချိန်များတွင် စုံထောက်အတတ်ပညာနှင့် ပတ်သက်သမျှ အရာအားလုံးကို လေ့လာနေမည်ဟု သေချာပေါက် တွက်ဆထားကြသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် အိုင်ပီဘဦးက...

"ကျုပ်တော့ ခင်ဗျား အမှုမလိုက်ရတဲ့ အချိန်တွေမှာ စုံထောက်အတတ်ပညာနဲ့ ပတ်သက်တာ တစ်ခုခုများ လေ့လာလိုက်စားနေမလား ထင်လို့ပါဗျာ"

အိုင်ပီထွန်းရွှေကလည်း...

"ဟုတ်တယ် ကိုမောင်ခြိမ့် ကျုပ်လည်း ဒီအတိုင်းထင်နေတာ"

မြွေသူတော်မောင်ခြိမ့်က ချက်ချင်း ပြန်မဖြေပေ။ လက်ဖက်ရည် ချိုတွဲတွဲကြီးကို တစ်ငုံစုပ်သောက်ကာ ဖိမ်ခံနေသေးသည်။ ပြီးမှ ဆေးပြင်းလိပ်ကို ဖွာရင်း...

"ပြောရရင် စကော့တလန် ယာဒ်မှာတောင် စုံထောက်လက်စွဲတို့၊ စုံထောက်တို့ သိသင့်သိအပ်တဲ့ ပညာရပ်များတို့ဆိုတဲ့ စာအုပ်စာတမ်းတွေ၊ သင်ရိုးညွှန်းတမ်းတွေ ရှိတာမှ မဟုတ်တာဘဲ။ ဘယ်လို သဲလွန်စရရင် ဘယ်လိုသက်သေရှာရမယ်၊ ဘယ်လို သက်သေမျိုးရရင် တရားခံကို တရားစွဲလို့ရပြီ စတဲ့ နည်းဥပဒေသတွေကိုပဲ လေ့ကျင့်သင်ကြားပေးတာလေဗျာ၊ ဘယ်လို အမှုမျိုးဖြစ်ရင် ဘယ်သူဘယ်ဝါက တရားခံလို့ တပ်အပ်ပြောနိုင်တဲ့ ပညာရပ်မျိုးမှ မရှိတာ။ အဲဒီတော့ ဘယ်လိုပညာရပ်မျိုးကို အမှုလိုက်ဖို့အတွက် ကြိုလေ့လာထားရမှာလဲ။ ကျုပ်ရဲ့ အမြင်တစ်ခုတည်းနဲ့ ပြောရရင်တော့

www.burmeseclassic.com



စုံထောက်ဆိုတာ အဖြေအမျိုးမျိုးရှိတဲ့ သင်္ချာပုစ္ဆာတစ်ပုဒ်တည်းကိုပဲ ထပ်ပြန်တလဲလဲ တွက်နေရတဲ့လူဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ရာဇဝတ်မှုပဲ ဖြစ်ပါစေ တွက်နည်းနဲ့အဖြေသာ ပြောင်းသွားတယ်၊ အမှုရဲ့ အခြေခံကျောရိုးပုစ္ဆာကတော့ ပြောင်းသွားတာမှ မဟုတ်တာဘဲကိုး။ အမြဲတမ်း တရားခံနဲ့ တရားလိုကြားမှာ ထူးခြားတဲ့ ဆက်သွယ်ချက်တစ်ခုခုတော့ ရှိနေတာပဲလေ၊ အဲဒီတော့ ဒီတစ်ခါ ဘယ်တွက်နည်းနဲ့ တွက်ရမယ်မှန်းမသိတဲ့ ပုစ္ဆာကို မှန်းဆပြီး တွက်ကြည့်နေတာထက် ကိုယ်တွေ့ကြုံမှုပဲ ဖြေရှင်းလိုက်၊ တွက်လိုက်တာက ပိုပြီး နေရာကျလိမ့်မယ်လို့ ကျုပ်တော့ ထင်တာပဲ။ အဲ... တစ်ခုတော့ ရှိတာပေါ့။ အကြားအမြင် ဗဟုသုတလေးများ စုံထားရင်တော့ ဖြေရှင်းရတာ ပိုမြန်တာပေါ့ဗျာ''

မြွေသူတော်မောင်ခြိမ့်၏စကားကို ဘီလပ်ပြန်စုံထောက် အိုင်ပီစိန်ထူးကတော့ ဘဝင်ကျဟန်မတူ။

''ဒါဆို အကြားအမြင် ဗဟုသုတက စုံထောက်တစ်ယောက်အတွက် ဘာမှ အရေးသိပ်မကြီးဘူးပေါ့ ဟုတ်စ... ကိုမောင်ခြိမ့်''

ဆေးပြင်းလိပ်အငွေ့များကို ကုန်စင်အောင် မှုတ်ထုတ်လိုက်ပြီးမှ မြွေသူတော်မောင်ခြိမ့်က ပြန်ဖြေသည်။

''အဲဒီလိုတော့လည်း မဟုတ်ဘူးပေါ့ ကိုစိန်ထူးရယ်၊ သူ့နေရာနဲ့သူပေါ့။ မျက်လှည့်ဝိဇ္ဇာ မစ္စတာ အလန်ပါဂျူးရဲ့ အမှုတုန်းကဆို ကိုမောင်မောင်စိန်ဆီက လက်နှိပ်စက်အမျိုးအစားတွေ





အကြောင်းရေးထားတဲ့ စာအုပ်ကို ဖတ်မိထားလို့သာ မစ္စတာ အလန်ပါဂျူးရဲ့ ဟာကွက်ကို ချက်ချင်းသိသွားတာပေါ့။ ဒါဟာ အကြားအမြင် ဗဟုသုတပေါ်မှာ အခြေခံပြီး ဖမ်းတာပဲလေ။ ခေတ္တစုံထောက်မင်းကြီး ဟင်နရီမိုးရဲ့ အမှုကျတော့ တရားခံကို ကိုယ်လိုချင်တဲ့နေရာ မရောက်ရောက်အောင် ကျူးသွင်းပြီး မြူဖမ်းရတာပေါ့။ သားကောင်ကို တောခြောက်ပြီးဖမ်းတဲ့ မုဆိုးနည်းပေါ့ဗျာ။ ဒါပေမဲ့ ပန်းချီကားရာဖြတ် ဂျိုးဇက်မောင်ကြီးရဲ့ အမှုကျတော့ ဘာအကြားအမြင် ဗဟုသုတမှ မပါပါဘူး။ သင်္ချာနည်းသက်သက်ပါပဲ။ သူ ဘယ်နေရာမှာ ဘာလုပ်တော့မယ်ဆိုတာ ခန့်မှန်းလို့ရနေတော့ အဲဒါကို စောင့်ပြီး ဖမ်းရုံပေါ့''

ထိုစကားကို ကြားရသည်နှင့် အိုင်ပီထွန်းရွှေမှာ အာကျယ်ထွန်းရွှေဆိုသည့် ဘွဲ့ထူးနှင့်လိုက်အောင် ကျယ်လောင်စွာရယ်မောရင်း...

''ဟား... ဟား... ဟား... ဒီလိုဆိုတော့ ကိုမောင်ခြိမ့်ကြီးက တယ်နိပ်သကိုး။ အမှုလိုက်စရာမရှိတဲ့ အချိန်တွေမှာ ဘာအကြောင်းမှ မစဉ်းစား မတွေးတောဘဲ ဦးနှောက်ကို အနားပေးထားတာပေါ့ ဟုတ်စ...။ မသိပေါင်ဗျာ... ကျုပ်တို့က တို့မောင်ခြိမ့်ကြီးများ အချိန်ပြည့် စဉ်းစားနေလို့ အမြဲတမ်း ငူငူငိုင်ငိုင်ဖြစ်နေတာလား ထင်တာဗျ''

ဟု ပြောလေရာ ဘေးဝိုင်းမှ ဆာသင်ညီပုတို့အဖွဲ့ပင် ဘာများဖြစ်တာလဲလို့ ထင်သွားပုံရကာ အလန့်တကြားနှင့် လှမ်းကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင် မြွေသူတော်မောင်ခြိမ့်သာ ဘာမှမဖြစ်သလို အမူအရာနှင့်...

"စစ်တုရင် ကစားနည်းကို နှံ့မင်နှစ်ခြိုက်ကြတဲ့ လူတွေလိုပေါ့ဗျာ။ ကစားစရာ ပြိုင်ဘက်မရှိတဲ့အခါမှာ တစ်ယောက်တည်း ကပဲ အဖြူ၊ အနက် နှစ်မျိုးစလုံးကို ကိုင်ကစားကြတယ်။ ကျုပ်လည်း အဲဒီလိုပေါ့။ အမှုလိုက်စရာ မရှိတဲ့အချိန်တွေမှာ စိတ်ကူးနဲ့ ကိုယ်တိုင် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ကြည့်ပြီး ကျုပ်ကိုယ်တိုင်ပဲ အဲဒီအမှုကို ပြန်လိုက်ကြည့်နေတာပေါ့"

"အလို!... ဆန်းကြယ်လှချည်လား... ကိုမောင်ခြိမ့်ရယ်။ ဆန်းကြယ်လှချည်လား...။ ခင်ဗျားတစ်ယောက်တည်းကပဲ တရားခံရော၊ စုံထောက်ရောဆိုတော့ အမှုလိုက်ရတာ လွယ်ရဲ့လား... ဟား... ဟား... ဟား"

အချိန်ကြီး နှိပ်ကွပ်ခံထားရသဖြင့် ငြိမ်ချက်သားကောင်းနေသော အိုင်ပီမောင်မောင်စိန်မှာ သည်တစ်ခါတော့ မြွေသူတော် မောင်ခြိမ့်၏ လုပ်ရပ်မှာ ကလေးကလားဆန်လွန်းသည်ဟု ထင်ကာ လှောင်ပြောင်ပြောဆိုလိုက်လေသည်။

မြွေသူတော်မောင်ခြိမ့်က သူ့အကျင့်အတိုင်း ရှက်ကိုးရှက်ကန်း အမူအရာနှင့် ခေါင်းကို တဖျင်းဖျင်းကုတ်ကာ...

"တစ်ယောက်တည်း စစ်တုရင်ထိုးရတာရော၊ တရားခံနဲ့ စုံထောက်ကို တစ်ယောက်တည်းလုပ်ပြီး အမှုလိုက်ရတာရော က ကိုယ့်စိတ်ကသာ ဘက်မလိုက်ဘူးဆိုရင် တော်တော် မလွယ်တဲ့ ကိစ္စဗျ။ ဘာဖြစ်လို့လဲဆိုတော့ လက်ရည်က





အသေအချာကြီး တူနေတာကိုး။ တစ်ခါတလေ တရားခံ ဘက်က ကျုပ်က သိပ်ပိရိသွားလို့ စုံထောက်ဘက်က ကျုပ် မှာ အရှုံးပေးလိုက် ရတယ်ဗျို့... ဟဲ... ဟဲ"

ဟု ပြောလိုက်လေရာ နားထောင်နေသူများမှာ တဝါးဝါး တဟားဟားနှင့် ပွဲကျသွားကြလေသည်။

ထိုအချိန်မှာပင် လက်ဖက်ရည်ဆိုင်ထဲသို့ မဂိုလမ်းရှိ ပုလိပ် မင်းကြီးရုံးမှ ဆာဂျင်ရန်တစ်ယောက် သုတ်သီးသုတ်ပျာ အမူအရာနှင့် ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

*(ဘင်္ဂါလီလူမျိုး ဆာဂျင်ရန်မှာ ၁၉၃၀ ခုနှစ်များတစ်ဝိုက်က လူဆိုးလူမိုက်များ လောကတွင် လက်ဝှေ့ထိုးကောင်းသူအဖြစ် နာမည် ကျော်ကြားလှသည်။ သူ ဖမ်းဆီးရသည့် လူဆိုးလူမိုက်တိုင်းကို စိန်ခေါ် ကာ လက်ဝှေ့ထိုးသတ်ပြီးမှ ဖမ်းဆီးလေ့ရှိသည့်အပြင် ထိုးသတ်ပြီးတိုင်း လည်း လဲကျနေသည့် တရားခံကို သူကိုယ်တိုင် ဆွဲထူမကာ လက်ဆွဲ နှုတ်ဆက်လေ့ရှိသူဖြစ်၏)*

ဆာဂျင်ရန်ကို တွေ့လိုက်ရသည်နှင့် အိုင်ပီဘဦးက...

"အရေးတော်ပုံတော့ စပြီထင်တယ်ဗျို့"

ဟု ရွှတ်နောက်နောက် ပြောရုံရှိသေးသည်။ ဆာဂျင်ရန်မှာ စားပွဲအနားသို့ရောက်လာပြီး အမောတကောလေသံဖြင့်...

"ရှာလိုက်ရတာ ဆရာခြိမ့်ရယ်၊ ဒီအချိန် ဆရာခြိမ့် ရုံးမရောက် လောက်သေးဘူးထင်လို့ အိမ်ကို အရင်သွားရှာတာ ဆရာ ကတော်နဲ့ပဲ တိုးတယ်။ ဆရာကတော်က ရုံးသွားပြီဆိုလို့ လိုက်လာတော့လည်း ဆရာခြိမ့်က ရုံးမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပေါ့ ဒီလက်ဖက်ရည်ဆိုင် ဝင်လာကြည့်မိလို့။ နို့မို့ဆို ဘယ်လိုက်ရှာရမှန်း မသိတော့ဘူး''

မြွေသူတော်မောင်ခြိမ့်က သူ့အား ဘာကြောင့် အရေးတကြီး လိုက်ရှာနေရသည့် အကြောင်းအရင်းကို မမေးသေးဘဲ ဆာကျင်ရန်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသည့် လူတစ်ယောက်လို မျိုး ပြူးတူးကြောင်တောင်နှင့် စိုက်ကြည့်နေသည်။

အိုင်ပီဘဦးကသာ မနေနိုင် မထိုင်နိုင်နှင့် မေးလိုက်လေသည်။

''ဘာတွေများ အရေးကြီးလို့ ဒီလောက်တောင် အသည်းအသန် လိုက်ရှာနေရတာလဲကွ ရန်ရ''

''ဘာအရေးကြီးရမှာလဲ ဆရာဘဦးရယ်။ ပုလိပ်မင်းကြီးက ဆရာခြိမ့်ကို မတွေ့တွေ့အောင်ရှာပြီးတော့ သူ့ဆီကို အမြန်ဆုံး ခေါ်လာခဲ့ဖို့ ခိုင်းလိုက်လို့ပေါ့''

ထိုစကားကြောင့် အိုင်ပီစိန်ထူးက မျက်မှောင်ကြုတ်လိုက်ပြီး...

''ဒါဆိုရင်တော့ အမှုကြီးကြီးတစ်ခုပေါ်လို့ ထင်တယ်။ ဟုတ်လား... ရန်''

ဟု မေးလိုက်လေရာ ဆာကျင်ရန်မှာ စိတ်လေးလက်လေးပုံဖြင့် သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်ကာ ခေါင်းညိတ်ပြလေသည်။

''အမှုကတော့ ရိုးရိုးလူပျောက်မှုပါပဲ။ ဒါပေမဲ့ ပျောက်နေတဲ့လူက အင်္ဂလိပ်အစိုးရအတွက် အကျိုးအမြတ် အများကြီး ရှိမယ့် စီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော်ပေးနေတဲ့ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်နေလို့ အမှုက ကြီးနေတာပါ''

''ဘယ်သူများတုန်း''





မြွေသူတော်မောင်ခြိမ့်က အခုကျမှ အိပ်ပျော်နေရာမှ နိုးလာပြီး မေးမိမေးရာကို မေးလိုက်သည့်လူလို ပျင်းရိပျင်းတွဲပုံဖြင့် မေးလိုက်သည်။ သို့သော် ထိုသို့မေးလိုက်သည်မှာလည်း ဝတ်ကျေတန်းကျေ မေးလိုက်ဟန်တူပြီး အဖြေကိုလည်း စိတ်ဝင်စားပုံမရ။ အဘယ်ကြောင့်ဆိုသော် မြွေသူတော်မောင်ခြိမ့်မှာ သူ့ကုတ်အင်္ကျီပေါ်မှ ဆေးပြင်းလိပ်ပြာများကိုသာ ခေါင်းငုံ့ပြီး ခါထုတ်နေသောကြောင့် ဖြစ်လေသည်။

ဆာကျင်ရန်ကသာ တလေးတစားနှင့် ဖြေရလေသည်။

''မန္တလေးမြို့ အခြေစိုက် နေရှင်နယ်ဘားမား ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီရဲ့ ချယ်ယာမင် ဦးကျိန်းလှဖေပဲ ဆရာခြိမ့်။ မန္တလေးကနေ မေမြို့အသွားမှာ အဆက်အသွယ်ပြတ်သွားသတဲ့။ အဲဒီ့ပုဂ္ဂိုလ်က ဘုရင်ခံကတောင် မျက်နှာသာပေးပြီး ဆက်ဆံရတဲ့လူဆိုတော့ မင်းကြီးက တစ်ခုခုဖြစ်သွားမှာကို အလွန်စိုးရိမ်နေတာလေ။ ပြီးတော့ မင်းကြီးနဲ့လည်း အလွန်ရင်းနှီးသတဲ့''

(နေရှင်နယ်ဘားမား ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီသည် ရေဒီယိုသတ္တုများ တောင်လိုက်ရှိသည်ဟူသော သတင်းအရ ဗြိတိသျှဆာပေးကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ မန္တလေးမြို့မှ မေမြို့ (ယခုပြင်ဦးလွင်)သို့တက်ရာ ကားလမ်းဘေးရှိ တောင်များတွင် 'ရေဒီယံ' သတ္တုများ ရှာဖွေနေသော ကုမ္ပဏီတစ်ခုဖြစ်လေသည်။ 'ရေဒီယံ'သတ္တုမှာ အလွန်ရှားပါး၍ အဖိုးထိုက်တန်လှသော သတ္တုဖြစ်ကာ ခုနှစ်အထိ ကမ္ဘာအရပ်ရပ်တွင် တွေ့ရှိသော 'ရေဒီယံ'သတ္တု ချိန်မှာ ဂရမ် (၂၀၀၀)ထက် မပိုသေးချေ။ ထို့ကြောင့်လည်း

www.burmeseclassic.com



ကမ္ဘာစစ်အတွင်းမှာပင် (၁)ဂရမ်၏တန်ဖိုးမှာ ခြောက်သိန်းကျော်မျှ ဈေးပေါက်ခဲ့လေသည်။)

ထိုသို့ ရွှေထက်ပင်ရှားသော 'ရေဒီယံ'သတ္တုကို ရှာရန်အတွက် ဗြိတိသျှဆာဗေးကုမ္ပဏီသည် မေမြို့သို့ စတင်တက်ရာ တောင်ခြေဖြစ်သည့် မန္တလေးမြို့အရှေ့ဘက်ရှိ အောင်ပင်လယ်အရပ်မှနေပြီး အနီးစခန်းတောင်ပေါ်ထိ တောင်အထပ်ထပ်၏အပေါ်မှ ဖြတ်ကျော်ကာ ကေဘယ်လ်ကား (Cable car)ခေါ် မိုးပျံ ကောင်းကင်ကြိုးရထားအား ကနဦးတည်ဆောက်တပ်ဆင်လေသည်။

ပြီးနောက် ထိုယာဉ်တွင် 'မက်ဂနတို မီတာ'(Magneto meter) ခေါ် သံလိုက်တိုင်းထွာသည့် ကိရိယာတပ်ဆင်ကာ တောင်များပေါ်မှ ဖြတ်ကျော်မောင်းနှင်စေလျက် ဓာတ်ပုံများကို ရိုက်ကူးယူလေသည်။ ပြီးမှ ထိုဓာတ်ပုံများ ရိုက်ကူးထားသော နေရာအချို့မှ သတ္တုများကို 'နေရှင်နယ်ဘားမား' ကုမ္ပဏီမှ တူးဖော်ကာ ဓာတ်ခွဲခန်းများတွင် 'ရေဒီယံ'သတ္တု မည်မျှပါကြောင်းကို ရှာဖွေစမ်းသပ်လေသည်။

ဗြိတိသျှအစိုးရကလည်း 'ရေဒီယံ'သတ္တုများသာ တွေ့ရှိပါက ဈေးပေါပေါနှင့် လက်ဝါးကြီးအုပ်နိုင်မည်ဖြစ်သဖြင့် 'နေရှင်နယ်ဘားမား' ကုမ္ပဏီအား အစွမ်းကုန်ထောက်ပံ့ပေးထားလေသည်။

ထို့ကြောင့်လည်း ယခုလို နေရှင်နယ်ဘားမားကုမ္ပဏီ၏ ချုယ်ယာမင် ပျောက်ဆုံးနေမှုအား အရေးတယူ ဆောင်ရွက်ခြင်းဖြစ်၏။

မြေသူတော်မောင်ခြိမ့်က ဆာဂျင်ရန်ပြောသည့် 'ဦးကိုန်းလှဖေ' ဆိုသော နာမည်ကို ခပ်တိုးတိုး ရေရွတ်ကြည့်နေလေသည်။ ကြည့်ရသည်မှာ သူ ကြားဖူးပုံမရချေ။





ဆာဂျင်ရန်က အေးတိအေးစက်လုပ်နေသော မြေသူတော်မောင်ခြိမ့်ကိုကြည့်ကာ လောလိုက်သည်။

"ဆရာခြိမ့်ရေ မင်းကြီးဆီ သွားကြရအောင်။ နောက်ကျရင် ကျွန်တော် အကြိမ်းအမောင်း ခံနေရဦးမယ်။ ပြီးတော့ မင်းကြီးက ဆရာခြိမ့်ကို ဒီနေ့ပဲ မန္တလေးကို လွှတ်မယ်ထင်တယ်။ အဲဒီအတွက်လည်း ပြင်ရ ဆင်ရဦးမယ်လေ"

"ဩော်... အင်း... အင်း"

ထိုသို့ သတိပေးလိုက်သည့်အခါကျမှ မြေသူတော်မောင်ခြိမ့်မှာ အင်းအင်းအဲအဲနှင့် ထိုင်ရာမှ ထလေသည်။

အိုင်ပီဘဦးက ကြည့်ကာ...

"ခင်ဗျားတော့ ကော်တာပဲ ကိုမောင်ခြိမ့်ရေ။ ဘုရင်ခံနားအထိ ပေါက်မယ့်အမှုကို လိုက်ရတာဆိုတော့ နာမည်ကောင်းလက်မှတ်တော့ရမှာ သေချာနေပြီ။ အမှုကလည်း လူပျောက်မှုပဲဆိုတော့ အချိုပေါ် သကာလောင်းပေ့ါဗျာ"

ဟု ပြောလိုက်လေရာ မြေသူတော်မောင်ခြိမ့်မှာ သူ့ဆံပင်အုံဘုတ်သိုက်ကြီးထဲသို့ လက်ချောင်း တိုတိုတုတ်တုတ်ကြီးများကို ထိုးသွင်းကာ ခဏစဉ်းစားလိုက်ပြီးမှ...

"ဒီလို ပုဂ္ဂိုလ်မျိုး ပျောက်တယ်ဆိုတာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်လောက်ဘူးဗျ။ ပိုပြီးတောင် အမှုလိုက်ခက်မယ့်ပုံပဲ"

ထိုစကားကို ကြားသောအခါ ဘိလပ်ပြန်စုံထောက် အိုင်ပီစိန်ထူးက မျက်နှာကို မဲ့ရွဲ့လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



''ခရုဖမ်းတာလောက်များ ခါးတောင်းကျိုက်ပြနေစရာ မလိုပါဘူး ကိုမောင်ခြိမ့်ရာ။ ဘယ်လိုဖမ်းဖမ်း မိပါတယ်။ ကျုပ်သာဆို ဟွန်း... နှစ်ဆယ့်လေးနာရီတောင် မကျော်ဘူး...''

ဟု မြွေသူတော်မောင်ခြိမ့်ထက် သူကပဲ ပိုစွမ်းသယောင်ယောင်နှင့် မနာလိုမရှုဆိတ်ဖြစ်စွာ ပြောလေသည်။ သို့သော် မြွေသူတော်မောင်ခြိမ့်ကတော့ အခုလို အပြောခံလိုက်ရသော်လည်း စိတ်စနိုးစနောင့်ဖြစ်သွားခြင်းမျိုး အလျင်းမရှိချေ။ ရယ်ရယ်မောမောနှင့်ပင်...

''ယုံပါတယ်ဗျာ... ယုံပါတယ်''

ဟုသာ အရိုးခံအတိုင်းပြောဆိုပြီး ဆာဂျင်ရန်နှင့်အတူ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

❑





## အခန်း(၂)

လွန်ခဲ့သော နှစ်ရက်ခန့်အလိုက ဖြစ်သည်။

နေရှင်နယ်ဘားမား ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီ၏ ဓာတ်ခွဲခန်းတစ်ခုအတွင်းတွင် လူရွယ်တစ်ယောက်ကား တစ်စုံတစ်ရာကို သဲကြီးမဲကြီး စမ်းသပ်နေလေသည်။

ထိုလူရွယ်စမ်းသပ်နေသည့် အရာကား စက္ကန့်ပိုင်းအချိန်အတွင်း ပေါက်ကွဲအားပြင်းထန်စေသော ထောင်ချောက်ဗုံးတစ်ခုပင်ဖြစ်လေသည်။

အသားနီစပ်စပ်၊ မေးစေ့ချွန်ချွန်၊ မျက်စေ့ပေါက်ကျဉ်းကျဉ်း ကိုယ်ခန္ဓာ ပိန်ပိန်ရှည်ရှည်နှင့် ထိုလူရွယ်မှာ ဂျော်နီဆိုသူဖြစ်ပြီး ဘီကာလကတ္တားတို့တွင် ဓာတုဗေဒပညာရပ်၊ သတ္တုဓာတ်ခွဲခြင်း ပညာရပ်တို့ကို သွားရောက်သင်ကြားခဲ့သော်လည်း အချိန်ပြည့် ...

www.burmeseclassic.com



လောင်းကစားလုပ်ဖို့သာ စိတ်အားထက်သန်နေသဖြင့် စာမေးပွဲအလီလီကျကာ ကျောင်းမှအထုတ်ခံရပြီး လွန်ခဲ့သည့် လအနည်းငယ်ကမှ မြန်မာပြည်သို့ ပြန်ရောက်လာခဲ့သူဖြစ်သည်။

ဂျော်နီ၏ ဖခင်မှာမူ နေရှင်နယ်ဘားမား ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူဖြစ်ပြီး သတ္တုဓာတ်ခွဲခြင်းအတတ်တွင် လွန်စွာကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လေသည်။

ထို့အတွက်ကြောင့်လည်း သားဖြစ်သူ ဂျော်နီကို တစ်ချိန်ချိန်တွင် သူ့နေရာအား ဆက်ခံနိုင်စေရန်အတွက် သူ မကွယ်လွန်မီ အချိန်ကတည်းက တိုင်းတစ်ပါးနိုင်ငံများသို့ ပို့ကာ ပညာသင်ကြားစေခဲ့သည်။

သို့သော် ငယ်စဉ်ကတည်းက မိဘဆိုးသားလေးမို့ အလိုလိုက်ထားခဲ့သော ဂျော်နီမှာ တိုင်းတစ်ပါးတွင် ပညာကို ကောင်းကောင်းမသင်ယူချေ။ အကြောင်းအမျိုးမျိုးပြကာ ကျောင်းစရိတ်များ လိမ်လည်တောင်းပြီး တိုင်းတစ်ပါးတွင် ထင်တိုင်းကြဲလေတော့သည်။

သည်အကြောင်းတွေကိုတော့ ကွယ်လွန်သူဖခင် မဆိုထားနှင့် ဂျော်နီအား ငယ်စဉ်ကတည်းက သားအရင်းကဲ့သို့ ထိန်းကျောင်းစောင့်ရှောက်လာခဲ့သော အဒေါ်ဖြစ်သူ ဒေါ်ရီတာပင် မသိချေ။ ဂျော်နီတစ်ယောက် ကျောင်းပြီး၍ ပြန်ရောက်လာသည်ဟုသာ ဒေါ်ရီတာမှာ ထင်မှတ်ထားလေသည်။

ဂျော်နီ၏အကြောင်းစုံကို သိရှိသူဟူ၍ ဒေါ်ရီတာ၏ ခင်ပွန်းဖြစ်သည့်အပြင် နေရှင်နယ်ဘားမား ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီ၏ ချယ်ယာမင်ရာထူးကို ယူထားသူ ဦးကျိန်းလှဖေ တစ်ယောက်သာ ရှိလေသည်။





ယခုလည်း လူရှုပ်လူပွေ ဂျော်နီတစ်ယောက် မည်သည့်အတွက်ကြောင့် အန္တရာယ်အလွန်ကြီးသော ထောင်ချောက်ပုံးကို စမ်းသပ်နေသည် မသိ။

ပေါက်ကွဲစေတတ်သော ဓာတုဆေးရည်အချို့နှင့် အပြာရောင်အမှုန့်အနည်းငယ်ကိုရောကာ ဆလင်ဒါပုံ အချောင်းငယ်တစ်ခုအတွင်းသို့ လောင်းထည့်လိုက်သည်။ နောက်... သူ အထူးစီမံပြုလုပ်ထားသော အဝါရောင် ယမ်းတောင့်ငယ်လေးတစ်ခုကို ထိုဆလင်ဒါပုံ အချောင်းငယ်၏ ထိပ်ဝတွင် တေ့ရုံတေ့ထားလိုက်ကာ စနက်တံကြိုးနှင့် ဆက်လိုက်လေသည်။

တစ်ဆင့်ပြီးတစ်ဆင့်ကို ဂရုတစိုက်နှင့် လုပ်ကိုင်ပြီးသွားပြီဆိုတော့မှ ဂျော်နီက အချိန်မှတ်နာရီကိုကြည့်ကာ မှတ်သားလိုက်ပြီး စနက်တံကြိုးနှင့် ဆက်ထားသောခလုတ်ကို နှိပ်လေသည်။

ဆလင်ဒါပုံ အချောင်းငယ်၏ထိပ်မှ ယမ်းတောင့်လေးမှာ ဓာတုဆေးရည်နှင့် ထိတွေ့ကာ ဓာတ်ပြုလေပြီ...။

ဂျော်နီက နားနှစ်ဖက်ကို လက်ဝါးဖြင့်အုပ်ကာ နောက်သို့ အနည်းငယ်ဆုတ်ပြီး စူးစိုက်ကြည့်နေသည်။

ဆယ်စက္ကန့်.....

...............

စက္ကန့်နှစ်ဆယ်

...............

...............

စက္ကန့်ငါးဆယ်



www.burmeseclassic.com

www.burmeseclassic.com



................

"ဖုန်း!"

မီးခိုးငွေ့ အနည်းငယ်နှင့်အတူ ပေါက်ကွဲသံတစ်ခုမှာ ခပ်အုပ်အုပ် ထွက်ပေါ်သွားလေသည်။

ဂျော်နီ၏ ပါးလျားတွန့်ခေါက်နေသော နှုတ်ခမ်းထောင့်စွန်းတွင် အပြုံးတစ်ခု စွန်းထင်သွားလေတော့သည်။ ယခု စမ်းသပ်ချက်မှာ သူလိုချင်သော ပေါက်ကွဲမှုပမာဏထက် အဆပေါင်းများစွာ လျော့ချစမ်းသပ်ထားခြင်းဖြစ်သည်။ အဓိက သူသိချင်သော အရာမှာ သူ အထူးစီမံပြုလုပ်ထားသော ယမ်းတောင့်နှင့် ဓာတုဆေးရည်တို့ ထိတွေ့ပြီး ပေါက်ကွဲချိန် အတိုင်းအတာပင်ဖြစ်သည်။

အခုတော့ သိလိုက်ရလေပြီ။

တစ်မိနစ် စွန်းစွန်းလေးပင်...။

ထိုအဖြေကား မကောင်းကြံမည့် ဂျော်နီအတွက်တော့ မာရ်နတ်၏ ကောင်းချီးပြသော သို့မဟုတ် သူ မုန်းတီးစက်ဆုပ်သော လူတစ်ယောက်၏ အသက်ဇီဝိန်ကို ခြွေရန် မရဏမင်းထံမှ သဝဏ်လွှာပင် ဖြစ်လေတော့သည်။

ဂျော်နီမှာ အားတက်သရောနှင့် သူ့အကြံအစည်ကို စတင်အကောင်အထည်ဖော်လေပြီ။

နေရှင်နယ်ဘားမား ကုမ္ပဏီ၏ သဘ္တဘေတ်ခွဲပါရဂူ ဦးနီမောင်၏ ရုံးခန်းအတွင်းရှိ ဗီရိုထဲမှ မည်သူမှမသိအောင် တိတ်တဆိတ်ယူလာခဲ့သော အလျား ရှစ်လက်မ၊ အနံ ခြောက်လက်မနှင့် အမြင့် နှစ်လက်မအရွယ်ရှိ ကျူးဘားနိုင်ငံလုပ် ရို့(စ်)ဘတ်(ဒ်) (Rose Bud) တံဆိပ်





အကောင်းစားဆေးပြင်းလိပ် ထင်းရှူးသေတ္တာလေးကို ဂျော်နီက သူ သိမ်းဆည်းထားရာ အံဆွဲတစ်ခုအတွင်းမှ ထုတ်ယူလိုက်သည်။

ထို ရို့(စ်)ဘတ်(ဒ်) (Rose Bud) တံဆိပ် ဆေးပြင်းလိပ်မှာ နေရှင်နယ် ဘားမားကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျိန်းလှဖေ၏ ပါးစပ်မှမချွတ်တမ်း စွဲလမ်းနှစ်ခြိုက်စွာ သောက်လေ့ရှိသည့် ဆေးပြင်းလိပ်အမျိုးအစားပင် ဖြစ်လေသည်။

ဦးကျိန်းလှဖေမှာ ထိုအမျိုးအစား ဆေးပြင်းလိပ်ကို နှစ်ခြိုက်လွန်း၍ ပစ္စည်းပြတ်မှာ စိုးရိမ်ပြီး ဘီလပ်မှ လူကြုံရှိတိုင်း ဆေးပြင်းလိပ်သေတ္တာအများအပြားကို မှာယူစုဆောင်းထားလေ့ရှိလေသည်။ ထို့အပြင် ဦးကျိန်းလှဖေမှာ သူနေ့စဉ် ထိတွေ့လုပ်ကိုင်နေရသည့် ဦးနီမောင်လိုလူမျိုး၏ ရုံးခန်းတွင်ပါ ထို ရို့(စ်)ဘတ်(ဒ်) (Rose Bud) တံဆိပ် ဆေးပြင်းလိပ် ထင်းရှူးသေတ္တာများကို သိမ်းဆည်းထားစေလေ့ရှိသည်။ အကြောင်းမှာ မတော်တဆ ဆေးပြင်းလိပ်မေ့ကျန်ခဲ့ပြီး ထိုရုံးခန်းထဲသို့ ရောက်နေခိုက် နှင့်ကြုံလျှင် သောက်ရအောင်အတွက် ဖြစ်လေသည်။

ဦးကျိန်းလှဖေ ဆေးပြင်းလိပ်ကြိုက်ပုံမှာ ထိုမျှလောက်အထိ စိတ္တဇဆန်လေသည်။

ယခု ဂျော်နီက ထို ရို့(စ်)ဘတ်(ဒ်) (Rose Bud) ဆေးပြင်းလိပ် ထင်းရှူးသေတ္တာ၏ အဖုံးနှင့် ကိုယ်ထည်အား ကပ်ထားသည့် တိပ်စနှစ်ခုကို ခွဲခွာလိုက်သည်။ ပြီးနောက် ဆေးပြင်းလိပ်သေတ္တာအဖုံးအား အသာအယာဖွင့်လိုက်၏။

ချိုရှမွှေးပျံ့သော ရနံ့နှင့်အတူ ဆေးပြင်းလိပ်သေတ္တာအတွင်း၌ကား ရွှေရောင်ဖိတ်ဖိတ်လက်နေသော ဆေးပြင်းလိပ်များ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လိပ်တိတိ ရှိလေသည်။

ပုံမှန်အားဖြင့်တော့ ဆေးပြင်းလိပ်အရောင်မှာ ညိုညက်ညက် အရောင်သာရှိပြီး ယခုလိုမျိုး ရွှေရောင်ဖိတ်ဖိတ်လက်နေစရာ အကြောင်းတော့ မရှိချေ။

သို့သော် သည် ရို့(စ်)ဘတ်(ဒ်) (Rose Bud) တံဆိပ် ဆေးပြင်းလိပ်များကား ကျူးဘားနိုင်ငံလုပ် ပထမတန်းစား ဆေးပြင်းလိပ်များဖြစ်သည်နှင့်အညီ ထုတ်လုပ်သည့်ကုမ္ပဏီက သောက်သုံးသူများ ကြာရှည်သိမ်းဆည်းပြီး သောက်သုံးနိုင်စေရန်အတွက် ဆေးပြင်းလိပ်တစ်လိပ်ချင်းစီအား ဆလင်ဒါပုံ ရွှေရောင်သတ္တုချောင်းလေးအတွင်း၌ ထည့်ကာ ထုပ်ပိုးထားလေသည်။ သောက်သုံးခါနီးအချိန်ကျမှ ထို ရွှေရောင် သတ္တုချောင်းလေးအတွင်းမှ ဆေးပြင်းလိပ်အား ထုတ်သောက်ရခြင်းဖြစ်၏။

ဂျော်နီကမူ အခြားလူများနှင့် မတူပေ။

ရွှေရောင်သတ္တုချောင်းအတွင်းမှ ဆေးပြင်းလိပ်အား ထုတ်ကာ အနီးရှိ စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ သူက ဆေးပြင်းလိပ်ကို လိုချင်သူမဟုတ်။ အပြင်မှ ထုတ်ပိုးထားသော ရွှေရောင်သတ္တုချောင်း အခွံလွတ်ကိုသာ တမင်တကာလိုချင်သောကြောင့် ဖြစ်လေသည်။

ဘာမှ အသုံးမဝင်သော သတ္တုချောင်းအခွံလွတ်ကို မည်သည့်အတွက်ကြောင့် လိုချင်ရတာလဲ ?

အဖြေမှာ ရွှေရောင်သတ္တုချောင်းလေးကို အသုံးပြုပြီး ထောင်ချောက်ဗုံးလုပ်ရန် ဖြစ်လေသည်။

ဂျော်နီက တစ်ဖက်ပိတ် အခေါင်းပေါက် သတ္တုချောင်းခွံလေး





အတွင်းသို့ ပေါက်ကွဲအားပြင်းထန်သော ဓာတုဆေးရည်များ၊ ယမ်းများ စသည်တို့ကို လောင်းထည့် ဖိသိပ်လိုက်သည်။ ထိုပမာဏမှာ စစ်တက်သုံး လက်ပစ်ဗုံးတစ်လုံးထက်ပင် ပေါက်ကွဲအား ပြင်းထန်မည်ဖြစ်၏။

သို့သော် ဂျော်နီကတော့ ကလေးကစားစရာ ပစ္စည်းလေး တစ်ခု လုပ်နေသည့်အလား အေးဆေးတည်ငြိမ်စွာနှင့်ပင် တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဆောင်နေလေသည်။ နောက်ဆုံး... ဓာတုဆေးရည်များ ယမ်းများ ထည့်ထားသော ရွှေရောင်သတ္တုချောင်းကို ဆေးပြင်းလိပ် သေတ္တာအတွင်းရှိ တခြား ဆေးပြင်းလိပ်များရောကာ ထည့်လိုက်ပြီးလျှင် စနက်တံကြိုးအား တံခါးအဖုံးပတ္တာနှင့် ချိတ်ဆက်လိုက်လေသည်။

ဒါမှလည်း ဆေးပြင်းလိပ်သေတ္တာအား ဖွင့်လိုက်သည်နှင့် ထောက်ချောက်ဗုံးမှ စနက်တံကြိုးအား ဆွဲဖြုတ်လိုက်သလို ဖြစ်သွားပြီး တစ်မိနစ်တိတိအကြာတွင် ပေါက်ကွဲမည် မဟုတ်ပါလား...။

အခုတော့ ဂျော်နီမှာ သူကြံစည်ထားသည့်အတိုင်း ထောင်ချောက် ဗုံးတစ်ခုအား အပိရိအသေသပ်ဆုံး လုပ်ဆောင်၍ ပြီးသွားလေပြီ...။

...

ဆေးပြင်းလိပ်ကြိုက်တတ်လွန်းသော ဦးကျိန်းလုဖေအတွက် သေမင်းတမန် သေတ္တာကလေး...။

ဂျော်နီကတော့ ကောက်ကျစ်စွာ ပြုံးလျက်...။

*



www.burmeseclassic.com

www.burmeseclassic.com



ခန့်ခန့်ကြီး ဓာတ်ပုံတိုက်နှင့် ကပ်လျက်ရှိသော တီအင်အဟူဂျာဓာတ်ပုံဆိုင်မှ ဝယ်ယူလာခဲ့သည့် နောက်ဆုံးပေါ် ကိုဒက် (Kodek) ဓာတ်ပုံကင်မရာကို လည်ပင်းတွင်ဆွဲလျက် ဂျော်နီမှာ နေရှင်နယ် ဘားမားကုမ္ပဏီ ရုံးခန်းအတွင်းသို့ လက်နောက်ပစ်ကာ ဟိုကြည့်သည်ကြည့်နှင့် တစ်လှမ်းချင်းလှမ်းဝင်လာသည်။

အမူအရာကို ကြည့်ရုံနှင့်ပင် ဂျော်နီမှာ တစ်ခုခုကို ဗရုတ်သုတ်ခ လုပ်ချင်နေမှန်း သိသာပေါ်လွင်နေလေသည်။

အမြဲတစေ ဂျော်နီလာလျှင် တစ်ခုမဟုတ်တစ်ခု နောက်ပြောင်ကျီစယ်ခြင်းခံရသဖြင့် စာရေးမလေးများမှာ ဂျော်နီအား ရွံ့ကြောက်ကြီးလို ဖြစ်နေလေသည်။ ယခုလည်း ဂျော်နီဝင်လာသည်ကို မြင်သည်နှင့် မည်သူမှ ခေါင်းမဖော်ကြတော့ဘဲ ကိုယ့်အလုပ်ကိုသာ ခေါင်းငုံ့ပြီး လုပ်နေကြလေသည်။

ဒါကိုပင် ဂျော်နီက ကျေနပ်နေဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်ကာ တစ်ယောက်ချင်းစီအား စိတ်အနှောင့်အယှက် ဖြစ်လောက်အောင်အထိ လိုက်ကြည့်နေလေသည်။

စာရေးမလေးများမှာလည်း ကံဆိုးမည့်သူမှာ ကိုယ်မဖြစ်ပါစေနဲ့ဟုသာ စိတ်ထဲမှ ကျိတ်ဆုတောင်းနေကြသည်။ သို့သော် တစ်ယောက်မှာတော့ ဆုတောင်းမပြည့်ရှာပေ။





ဂျော်နီက တစ်ပတ်လျှို ဆံထုံးထုံးထားသော လက်နှိပ်စက်စာရေးမလေး ယဉ်ယဉ်၏အနားသို့ ရောက်သောအခါ နောက်သို့ပစ်ထားသော သူ့လက်နှစ်ဖက်ကို ရှေ့သို့ ထုတ်လိုက်သည်။

ဂျော်နီ၏ လက်ထဲတွင်တော့ မှုတ်ဆေးဘူးလေးတစ်ဘူး။ ထိုမှုတ်ဆေးဘူးလေးကား ခလုတ်နှိပ်လိုက်မည်ဆိုပါက ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသော အမှုန်အမွှား၊ အစအနများ ထွက်လာမည် ဖြစ်သည်။

ပြောင်စပ်စပ် မျက်နှာပေးနှင့်အတူ ဂျော်နီက သူ့လက်ထဲမှ မှုတ်ဆေးဘူး၏ ခလုတ်ကို နှိပ်လိုက်ရာ...

"ရှူး..."

ဆိုသော အသံနှင့်အတူ...

"အမယ်လေး!..."

"ဟား... ဟား... ဟား... ဟီး... ဟီး... ဟီး"

"အိုး... ရှင်... ရှင် ဘယ်လိုလုပ်လိုက်တာလဲ...။ ကျွန်မ ခေါင်းတစ်ခုလုံး အမှုန်အမွှားတွေ ကပ်ကုန်ပြီ"

"ဟီး... ဟီး... ဟီး... ဒါမှ ပိုလှသွားမှာပေါ့ဗျ"

ရုံးခန်းတစ်ခုလုံးတွင်ကား လက်နှိပ်စက်စာရေးမလေး ယဉ်ယဉ်၏ အလန့်တကြား အော်ဟစ်ပြောဆိုသံများ၊ တစ်ဖက်လူ မခံချင်စရာကောင်းသည့် ဂျော်နီ၏ လှောင်ပြောင်ရယ်မောနေသံများနှင့် ဆူညံသန်းကား ဖြစ်သွားလေသည်။

လက်နှိပ်စက်စာရေးမလေး ယဉ်ယဉ်မှာလည်း ကိုယ့်အသုံးရှင်၏ တူ ဖြစ်သည်ကတစ်ကြောင်း၊ တစ်ချိန်တစ်ခါကျလျှင် ကုမ္ပဏီကို

www.burmeseclassic.com



ဦးစီးဦးဆောင် ဆက်ခံပြီး လုပ်မည့်သူဖြစ်သည်က တစ်ကြောင်းမို့သာ ဂျော်နီအား သည်းခံနေရသော်လည်း စိတ်ထဲကတော့ လုံးဝ ကျေနပ်ဟန်မတူပေ။ သူမ၏ ဆံနွယ်စများပေါ်မှ ဘာမှန်းညာမှန်းမသိသည့် အမှုန်အမွှားများကိုသာ ဒေါသတကြီး ဖယ်ရှားရင်း အံကိုတင်းတင်းကြိတ် ကျိတ်ထားရလေသည်။

ဂျော်နီကတော့ တစ်ဖက်သားအမျိုးသမီးငယ် မည်သို့ပင် စိတ်ဒုက္ခရောက်သွားပါစေ၊ နည်းနည်းမှ ဂရုမစိုက်။ သူ့ စိတ်ဆန္ဒဆိုးအတိုင်းသာ ရုံးခန်းအတွင်းရှိ စာရေးမလေးများအား တစ်ယောက်ပြီး တစ်ယောက် မှတ်ဆေးဘူးလေးဖြင့် တဟီးဟီး တဟားဟားလုပ်ကာ လိုက်လံဖျန်းမှုတ်နေလေသည်။

ထိုအချိန်မှာပင် ဝရုန်းသုန်းကားဖြစ်နေသော အသံများကြောင့် ဦးကျိန်းလှဖေ၏ အတွင်းရေးမှူးဖြစ်သူ ဆူဇီမှာ ရုံးခန်းထဲမှ အပြင်သို့ ပြေးထွက်လာပြီး...

''ကိုဂျော်နီ... တော်ပါတော့ရှင်''

ဟု ဟန့်တားလိုက်မှ ဂျော်နီမှာ ကိုယ်ရှိန်သတ်သွားလေသည်။

ဆူဇီကပင် စိတ်ပျက်ဝမ်းနည်းသည့်အသံဖြင့် ဆက်ပြော၏။

''ရှင့်ကို အရေးတကြီးပြောစရာ စကားရှိလို့ ဆရာ စောင့်နေတယ်။ ရုံးခန်းထဲကို လိုက်ခဲ့ဦး''

''အလို... ချယ်ယာမင်ကြီးက တယ်ဇွဲကောင်းသကိုး...''

ဂျော်နီက ပေါ့သွမ်းသွမ်း အမူအရာဖြင့် ခနဲ့တဲ့တဲ့ ပြောလိုက်သည်။ ပြီးမှ လက်နှိပ်စက်စာရေးမလေး ယဉ်ယဉ်အား မျက်လုံးပြူး၊ လျှာထုတ်ပြကာ ပြောင်နောက်ပြီး ဆူဇီနောက်မှ လိုက်ပါလာခဲ့သည်။





ရုံးခန်းထဲသို့ ဂျော်နီရောက်သည်နှင့် ဆူဇီက အခန်းတံခါးကို အလျင်အမြန်ပိတ်လိုက်ကာ စိုးရိမ်တကြီး ပြောလေသည်။

''တစ်နေကုန် ဘယ်သွားနေတာလဲ ဂျော်နီရယ်။ ဆူဇီမှာဖြင့် စိတ်ပူလိုက်ရတာ။ စက်ရုံတစ်ခုလုံးကို ဖုန်းဆက်ပြီး မေးရတာလည်း အမောပဲ''

အသက် အစိတ်အရွယ်၊ အသားဖြူဖြူ၊ ကိုယ်ခန္ဓာ လုံးကြီးပေါက်လှနှင့် ဆူဇီမှာ ဂျော်နီ၏ မျက်စိကျခြင်းကို ခံနေရသူဖြစ်ပြီး သူမကလည်း တစ်ချိန်ချိန်တွင် ကုမ္ပဏီကိုဆက်ခံမည့် ချယ်ယာမင် အလောင်းအလျာလေး ဂျော်နီကို အပိုင်ဖမ်းချင်နေသူ ဖြစ်သည်။ ထို့ကြောင့် သူမမှာ ဂျော်နီနှင့် ပတ်သက်လာလျှင် အမြဲတမ်း အရေးတယူဆောင်ရွက်လေ့ရှိ၏။

ယခုလည်း သူမက စိုးရိမ်တကြီးနှင့် ပြောဆိုနေသော်လည်း ဂျော်နီကမူ အရေးတယူ နားထောင်နေခြင်းမရှိဘဲ လည်ပင်းမှ တတ်ပုံကင်မရာကို ချွတ်ကာ ဟိုကြည့်သည်ကြည့် လုပ်နေသဖြင့် အားမလိုအားမရ ဖြစ်သွားကာ...

''ဂျော်နီ... ဆူဇီပြောတာကို အလေးအနက်ထားပြီး နားထောင်စမ်းပါဦး။ ဆူဇီက ဂျော်နီ့အတွက် စိုးရိမ်လွန်းလို့ ပြောနေတာရှင့်။ ဟိုမှာ... ဆရာက မနက်ဖြန် သဘက်ခါဆိုရင်ပဲ ဒီကုမ္ပဏီကို တရုတ်သူဌေးတွေဆီ ရောင်းတော့မှာ အဲဒါ ရှင် သိရဲ့လား''

ဟု ငိုသံတစ်ဝက်ရောကာ ပြောလိုက်မှ ဂျော်နီမှာ [illegible] မော့ကြည့်လာလေသည်။ သို့သော်လည်း ထိုသတင်းမှာ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အတူးအဆန်းဖြစ်ဟန် မတူချေ။

ထိတ်လန့်တကြားပြောနေသော ဆူဇီကိုပင် ဂျော်နီက ပြောင်ချော်ချော်လုပ်ကာ ဘက်ပေါင်းစုံမှ ဓာတ်ပုံကင်မရာဖြင့် တဖျတ်ဖျတ် လိုက်ရိုက်နေလေသည်။

ကြာတော့ ဆူဇီမှာ သည်းမခံနိုင်တော့ပေ။ ဂျော်နီလက်ထဲမှ ကင်မရာကို ဆတ်ခနဲ ဆွဲလုယူလိုက်ကာ သူမ၏ အလုပ်စားပွဲပေါ်သို့ တင်လိုက်ပြီး...

"ရှင်... ဘာလို့... ဒီလောက်တောင် ပြောင်ချော်ချော် လုပ်နေရတာလဲ...။ ဆရာက ဒီနေ့ညနေပဲ မေမြို့တက်ပြီး အရောင်းအဝယ်ကိစ္စ သွားဆွေးနွေးတော့မှာရှင့်၊ ဒီကုမ္ပဏီက တစ်ချိန်ချိန်မှာ ရှင်ပိုင်ဆိုင်ရမယ့် ကုမ္ပဏီလေ။ အဲဒါကို ရှင်က ဒီအတိုင်း လက်ပိုက်ကြည့်နေမှာလား... ဟင်"

အမှန်တကယ်တော့ ဆူဇီမှာလည်း သူမ၏ စိတ်ကူးအိပ်မက်ထဲတွင် ကုမ္ပဏီချယ်ယာမင်၏ ဇနီးအဖြစ် အိပ်မက်မက်ထားသူမို့ ဒီလောက် သွေးဆူနေရခြင်းဖြစ်လေသည်။

ဂျော်နီက ပြုံးတုံးကြောင်တောင်ဖြင့် ဆူဇီကိုကြည့်ရင်း...

"ဩော်... အန်ကယ်လ်ဖေဖေက ဒီညနေပဲ မေမြို့တက်မှာပေါ့ ဟုတ်လား... ဆူဇီ"

"ဟုတ်တယ်လေ... အဲဒါကြောင့် ရှင့်ကို ဆူဇီက လောနေရတာပေါ့။ ဆရာက ရှင်နဲ့ ကုမ္ပဏီရောင်းဖို့ ကိစ္စပြောပြီးရင် မေမြို့ကို ဒီညနေပဲ သွားတော့မှာ။ ဟိုမှာ ဝယ်မယ့်လူတွေနဲ့ ချိန်းထားတယ်တဲ့လေ။ အဲဒါကြောင့် အဝတ်အစားတွေ





ကိုတောင် လက်နှိပ်စက်စာရေးလေး မောင်မိုးက ဆရာ့အိမ်ကနေ သွားယူပြီး ဒီမှာ လာပို့ထားတာပဲ ကြည့်လေ"

ဂျော်နီက စိတ်လေးပင်သွားဟန်ဖြင့် ပခုံးစွန်းနှစ်ဖက်ကို တွန့်ပြရင်း သက်ပြင်းရှည်ကြီး ချလိုက်လေသည်။ ပြီးမှ ဦးဂျိန်းလှဖေ အတွက် ပြင်ပေးထားသော ခရီးဆောင်အိတ်ကို ဟိုကိုင်ကြည့် သည်ကိုင်ကြည့်လုပ်နေရင်း တစ်စုံတစ်ရာကို သတိပြုမိသွားဟန်ဖြင့်

"ဟင်!... ဆူဇီ၊ ဆေးပြင်းလိပ်သေတ္တာလည်း မတွေ့ပါလား။ ဒုက္ခပါပဲ... ဆူဇီတော့ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ အလုပ်ပြုတ်တော့မယ်။ ဆေးပြင်းလိပ်ကိစ္စနဲ့ ပတ်သက်လာရင် ကိုယ့်ဦးလေး ဘယ်လောက် ဇီဇာကြောင်သလဲဆိုတာ သိရဲ့သားနဲ့"

"အိုး!... ဟုတ်လား၊ သတိထားနေရင်းနဲ့ကို မေ့သွားတာ ကြည့်စမ်း"

ဆူဇီမှာ ခွင့်မလွှတ်နိုင်သော အမှားကြီးတစ်ခု လုပ်မိထားသည့် လူပမာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ရုံးခန်းထောင့်တစ်နေရာသို့ ခပ်သုတ်သုတ်လှမ်းကာ ဆေးပြင်းလိပ်သေတ္တာများထားရာ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်လေသည်။

ဒါကို အခွင့်ကောင်းယူပြီး ဂျော်နီက ခရီးဆောင်အိတ်ပေါ်တွင် လွှားပြီးတင်ထားသော ဦးဂျိန်းလှဖေ၏ ကုတ်အင်္ကျီအတွင်းအိတ်ကပ်ထဲမှ ဆေးပြင်းလိပ်ထည့်သည့် လေးထောင့်အရှယ် ရှည်မျောမျော သားရေအိတ်လေးအား ဆူဇီ မမြင်အောင် ထုတ်ယူလိုက်သည်။ ပြီးနောက် အလျင်အမြန်ပင် ဘောင်းဘီအိတ်ကပ်ထဲသို့ ထိုးထည့်ကာ ဖွက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူဇီမှာ ဂျော်နီအား ကျောခိုင်းထားပြီး ဗီရိုထဲမှ ဆေးပြင်းလိပ်သေတ္တာကို ထုတ်ယူနေသဖြင့် ထိုလုပ်ရပ်ကို မမြင်မတွေ့လိုက်ချေ။

ဂျော်နီကတော့ သူ့ကိစ္စပြီးသည်နှင့် ကိုဒက် (Kodek) ဓာတ်ပုံကင်မရာကို လှမ်းယူလိုက်ပြီး ဦးဂျိန်းလှဖေ၏ ရုံးခန်းထဲသို့ ဣန္ဒြေရရနှင့်ပင် ဝင်သွားလေသည်။

*





မျက်နှာကြက်ပေါ်သို့ လေယပ် (ပန်ကာ)မှာ အရှိန်ကောင်းကောင်းဖြင့် တဝီဝီ လည်ပတ်လျက်ရှိနေလေသည်၊ ထို့အတွက်ကြောင့် ခန်းဆီးလိုက်ကာကြားမှတစ်ဆင့် ရုံးခန်းအတွင်းသို့ စီးလဲ့ဖြာကျနေသော ညနေခင်း၏ နေရောင်ခြည်မှာ နွေးထွေးခြင်းမရှိဘဲ အေးမြသော အလင်းတန်းလေးအဖြစ်သာ ပျံ့နှံ့လင်းသန့်နေလေ၏။

အနောက်တိုင်းဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ထားပြီး ဉပဓိရုပ် ခန့်ခန့်ညားညားရှိလှသော ဦးဂျိန်းလှဖေက သူ၏လူယုံတော် အန်သိုနီခေါ် မောင်ရာဟု လှမ်းပေးသည့် စာရွက်စာတမ်းများကို ယူကာ ဂျော်နီ့ရှေ့သို့ ချပေးလိုက်သည်။ ထို့နောက်...

''ကိုင်း... ကုမ္ပဏီရောင်းမယ့်ကိစ္စကို ကန့်ကွက်ချင်သေးသလား မောင်ဂျော်နီ''

''ချပ်! ''

www.burmeseclassic.com



ဦးဂျိန်းလှဖေက အလေးအနက်ပြောကြားနေသော်လည်း ဂျော်နီကတော့ တလေးတစား နားထောင်နေခြင်းမရှိပေ။ ထိုင်ခုံတွင် ငြိမ်ငြိမ်သက်သက် ထိုင်မနေဘဲ မခန့်လေးစား အမူအရာနှင့်ပင် ဦးဂျိန်းလှဖေအား ဓာတ်ပုံကင်မရာဖြင့် ဘက်ပေါင်းစုံမှ တဖျတ်ဖျတ်လိုက်ရိုက်နေလေသည်။

ကြာတော့ ဦးဂျိန်းလှဖေမှာ စိတ်မရှည်နိုင်တော့ပေ။ ထို့ကြောင့် စားပွဲခုံကို လက်ဖြင့် ဒုန်းခနဲ ထုလိုက်ရင်း…

"မောင်ဂျော်နီ!… အဲဒီကင်မရာကို ဘေးချပြီး ငါမေးတာကို ဖြေစမ်း"

ထိုသို့ ဟောက်ဟမ်းလိုက်မှ ဂျော်နီမှာ အနည်းငယ် ကိုယ်ရှိန်သတ်သွားလေသည်။ ဒါတောင် အလွန်အမင်း ကြောက်ရွံ့သွားသလိုမျိုး ခန္ဓာကိုယ်ကို တုန်ခါပြကာ ဦးဂျိန်းလှဖေအား မထီမဲ့မြင် လုပ်ပြနေသေး၏။ ပြီးမှ ဦးဂျိန်းလှဖေ၏နောက်တွင် လက်နောက်ပစ်ကာ ရပ်နေသော မောင်ရာဟုကို တစ်ချက်လှမ်းကြည့်လိုက်ကာ…

"ကိုရာဟုရေ ခင်ဗျားဆရာကတော့ ကုမ္ပဏီရောင်းဖို့ကိစ္စကျုပ်ကို အတင်းအကျပ် တိုက်တွန်းနေပြီဗျို့။ ဘယ်နှယ့်ကျုပ်မိဘ စတင်တည်ထောင်လာတဲ့ ကုမ္ပဏီကို ဟင်းရွက်ကန်စွန်းရွက်ရောင်းသလို ကျုပ်က လွယ်လွယ်ကူကူနဲ့ ခွင့်ပြုရမှာလဲဗျ။ မဟုတ်ဘူးလား… ကိုရာဟု"

ထိုစကားကို ကြားသောအခါ မောင်ရာဟုက မဲ့ပြုံးပြုံးလိုက်လေသည်။ မောင်ရာဟုမှာ ဦးဂျိန်းလှဖေထံတွင် လူယုံအဖြစ် မလုပ်ကိုင်မီ ပုလိပ်ဘက်တွင် ဆာဂျင်အဆင့်ထိ အမှုထမ်းခဲ့ဖူးသူဖြစ်ပြီး ဂျော်နီ့





အကြောင်းကို ခရေစေ့တွင်းကျ သိသူတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့်လည်း ဂျော်နီက အခါအခွင့်သင့်တိုင်း အခုလိုမျိုး ဆရာတပည့်နှစ်ယောက်ကို စကားနာထိုးကာ ရိသဲ့သဲ့ ပြောဆိုလေ့ရှိ၏။

ဦးဂျိန်းလှဖေက နှုတ်ခမ်းလွှာကြားမှ ဆေးပြင်းလိပ်ကို လက်ဖြင့် ညှပ်ယူချွတ်ရင်း မဲ့ပြုံးတစ်ချက်နှင့်အတူ…

"သြော်… မင်းက မင်းအဖေ စတင်တည်ထောင်ခဲ့တဲ့ ကုမ္ပဏီကို ငါကပဲ မတော်မတရားလုပ်ပြီး ရောင်းခိုင်းနေတယ်လို့ စွပ်စွဲချင်နေတာကိုး။ ဒါဆိုလည်း မင်းအဖေ မသေခင် ရေးခဲ့တဲ့ သေတမ်းစာကို ဖတ်ကြည့်လေ… ရော့"

ပြောပြောဆိုဆိုနှင့် ဦးဂျိန်းလှဖေက စားပွဲပေါ်မှ စာရွက်တစ်ရွက်ကိုယူကာ ဂျော်နီ့အား လှမ်းပေးလိုက်သည်။

ဂျော်နီက မကောင်းတတ်၍ ယူဖတ်ရသည့် အမူအရာဖြင့် စာရွက်ကို လှမ်းယူလိုက်သည်။ ပြီးနောက် မခန့်လေးစားပုံနှင့် ဦးဂျိန်းလှဖေ၏ အလုပ်စားပွဲပေါ်သို့ ခြေစုံပစ်တင် ဖတ်ကြည့်လိုက်ကာ

"အင်းလေ… ဘာထူးဆန်းလို့လဲ။ ဒီထဲမှာလည်း ကုမ္ပဏီကို ဆက်ခံပိုင်ဆိုင်ခွင့်ရှိတာ ကျွန်တော်လို့ ရေးထားတာပဲ မဟုတ်လား"

ဦးဂျိန်းလှဖေက စိတ်ပျက်လက်ပျက် အမူအရာနှင့် သက်ပြင်းကိုချကာ ခေါင်းကို ခါယမ်းလိုက်လေသည်။

"မင်းက အောက်ဆုံးနားမှာရေးထားတဲ့ စာပိုဒ်ကို သေသေချာချာမှ မဖတ်တာကိုး။ ဒါဆိုလည်း ငါကပဲ နှုတ်က…

ရတော့မှာပေါ့။ မင်းအဖေက ကုမ္ပဏီ အရှုံးပေါ်…



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မင်းက ကုမ္ပဏီကို ဆက်ခံပြီး ဦးစီးဦးဆောင် လုပ်နိုင်တဲ့ အရည်အချင်းမျိုး၊ ပညာမျိုး မရှိရင်ဘဲဖြစ်ဖြစ် လက်ရှိကုမ္ပဏီကို စီမံခန့်ခွဲအုပ်ချုပ်နေတဲ့လူက ကုမ္ပဏီကို ရောင်းချပိုင်ခွင့်ရှိတယ်လို့ သေတမ်းစာထဲမှာ ရေးသွားတယ်။ အခု ကုမ္ပဏီကလည်း စပြီး တည်ထောင်ကတည်းကနေပြီး ဒီနေ့ထိ အဓိကထားရှာဖွေနေတဲ့ ဓာတ်သတ္တုကို မတွေ့သေး တော့ အရှုံးပေါ်နေပြီ။ အဲဒါကြောင့် ငါက ဒီကုမ္ပဏီကို ရောင်းဖို့ ဆုံးဖြတ်ရတာပဲ ဂျော်နီ''

''အာ... အရှုံးပေါ်တိုင်း ကုမ္ပဏီကို ရောင်းပစ်ရမှာလား အန်ကယ်။ ရေဒီယံသတ္တု တွေ့လာတဲ့ တစ်ချိန်ချိန်ကျရင် အကျိုးအမြတ် အများကြီးရှိလာမှာပဲ ဥစ္စာ။ အင်းလေ... အန်ကယ်က ဓာတ်သတ္တုရှာဖွေရေး ပညာရပ်နဲ့ ပတ်သက် လာရင် ကျွန်တော့်လို ဘီလပ်ကဘွဲ့တွေ ဘာတွေ ယူလာ တဲ့သူမှ မဟုတ်တာ၊ ဘယ် သေသေချာချာ ဆုံးဖြတ်နိုင်ပါ့ မလဲ''

''တိတ်စမ်း! ဂျော်နီ။ မင်းကများ စော်စော်ကားကား''

သားအရင်းကဲ့သို့ တစ်သက်လုံး ကျွေးမွေးပြုစု စောင့်ရှောက် လာသည့် ဖနီးသည်၏ကျေးဇူးကိုမှ မထောက်။ သူ့အား အားမနာလျှာ မကျိုး နိမ့်ချပြောဆိုလိုက်သော ဂျော်နီ၏စကားကြောင့် ဦးကိုန်းလှုဖေမှာ မျက်နှာတစ်ခုလုံး နီရဲသွားကာ ဒေါသတကြီး ပြောဆိုလိုက်လေသည်။

တစ်ဆက်တည်းဆိုသလိုလည်း...

''မင်းကို အစစအရာရာ အလိုလိုက်ထားတဲ့ မင်း အဒေါ်





ကိုသာ မင်း လိမ်ချင်တိုင်း လိမ်လို့ရမယ် ဂျော်နီ။ ငါ့ကိုတော့ လာမလိမ်နဲ့။ မင်း ဘီလပ်မှာ ပညာကောင်းကောင်း မသင်ဘဲ ပေလေဂျပိုးတိုးနေလို့ ကျောင်းထုတ်ခံရတယ်ဆိုတာ ငါ အစောကြီးကတည်းက သိတယ်။ အဲဒါတင်မကဘူး မင်း ပညာသင်စရိတ် အကြောင်းပြပြီး ဒီကပို့ပေးလိုက်တဲ့ ပိုက်ဆံ မှန်သမျှကို မင်း လောင်းကစား၊ အပျော်အပါးလုပ်ပစ်တာပါ အကုန်လုံးသိတယ်ကွ။ ဒီအကြောင်းတွေကို မင်းအဒေါ်သိရင် စိတ်ဆင်းရဲမှာစိုးလို့ ငါက မပြောဘဲ မျိုသိပ်ထားခဲ့ရတာ။ အခုတော့ မင်းက ငါ့ကိုပါ စော်ကားမော်ကား ပြောလာပြီ ဆိုတော့ သိကြသေးတာပေါ့ကွာ''

ဟု ဆိုကာ အနောက်ဘက်တွင်ရပ်နေသော လူယုံတော် မောင်ရာဟုအား ချာခနဲ လှည့်ကြည့်လိုက်သည်။ ပြီးနောက်...

''ရာဟု... ဘီလပ်က မင်း မိတ်ဆွေတွေရဲ့ အကူအညီနဲ့ ဂျော်နီ့ အကြောင်း စုံစမ်းထားတဲ့ အထောက်အထားတွေ သေသေချာချာ သိမ်းထားရဲ့လားကွ။ ဒီကောင့်အဒေါ်က ပါးစပ်က ပြောရင် ယုံချင်မှယုံမှာ။ အထောက်အထားပြမှ သူတူ ဆိုးတာ မိုက်တာကို ယုံမှာ''

မောင်ရာဟုက ခေါင်းညိတ်သည်ဆိုရုံ ညိတ်ပြလိုက်ပြီး...

''ဟုတ်ကဲ့... အပြည့်အစုံရှိပါတယ် ဆရာ။ အားလုံးကို လက်နှိပ်စက်နဲ့ရိုက်ပြီး ကျွန်တော် သိမ်းထားပါတယ်''

ထိုစကားကြောင့် ဂျော်နီမှာ မျက်နှာ ကွက်ခနဲ ပျက်သွားလေ သည်။ အဖြစ်မှန်ကို အဒေါ်ဖြစ်သူ ဒေါ်ရီတာ သိလို့မဖြစ်၊ အကယ်၍

www.burmeseclassic.com



အဖြစ်မှန်ကိုသာ သိသွားခဲ့ပါက သူ ယခုလို သုံးချင်တိုင်းသုံးပြီး နေချင်တိုင်းနေ၍ ရတော့မှာမဟုတ်ပေ။ သူဖခင်ထားခဲ့သော အမွေစည်းစိမ်ဥစ္စာများမှာ သူ သုံးဖြုန်း၍ ကုန်သလောက်နီးပါး ရှိနေလေပြီ၊ သို့သော် အဒေါ်ဖြစ်သူ ဒေါ်ရီတာက ထိုကိစ္စကို မသိကျိုးကျွန်ပြုကာ သူ့အား ဘိလပ်ပြန် ပညာတတ်လေးဆိုပြီး ဆက်လက် အလိုလိုက်ထားခဲ့လေသည်။

ဂျော်နီက မျက်နှာအမူအရာကို မပျက်အောင် ထိန်းပြီး လေသံအေးအေးနှင့်ပင် ပြောလိုက်သည်။

"အန်ကယ်က ကုမ္ပဏီရောင်းဖို့ကိစ္စကို ဒီလောက် စိတ်အားထက်သန်နေမှဖြင့် ကျွန်တော် သဘောတူရတော့မှာပေါ့။ ဒါပေမဲ့ ကုမ္ပဏီရောင်းလို့ရလာမယ့် ငွေကြေးကိုတော့ ကျွန်တော်ရသင့်တဲ့ အကျိုးခံစားခွင့်အတိုင်း ခွဲပေးရမယ်နော်"

လွယ်လွယ်ကူကူနှင့် လက်လျှော့သွားသော ဂျော်နီကိုကြည့်ကာ ဦးဂျိန်းလုဖေက နှုတ်ခမ်းတွန့်သည်ဆိုရုံ ပြုံးလိုက်လေသည်။ ပြီးမှ ဆေးပြင်းလိပ်ကို တစ်ရှိုက် ရှိုက်ဖွာလိုက်ကာ...

"အများကြီး ရလိမ့်မယ်လို့တော့ မမျှော်လင့်ထားနဲ့ မောင်ဂျော်နီ၊ ငြိတိုသူ အစိုးရဆီက ထုတ်ချေးထားတဲ့ အကြွေးတွေကို အတိုးရော အရင်းရော ပြန်ဆပ်ရမှာဆိုတော့ ကုမ္ပဏီရောင်းလို့ရတဲ့ ပိုက်ဆံက ကုန်သလောက်နီးပါးပဲ"

ဂျော်နီက အလွန်တရာ စိတ်ပျက်သွားသည့် အမူအရာဖြင့် သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ရင်း ခေါင်းကို ငိုက်စိုက်ချလိုက်လေသည်။ အတန်ကြာမှ ပြန်မော့လာပြီး မျက်နှာငယ်လေးနှင့်...





"ရပါတယ် အန်ကယ်ရာ၊ အန်ကယ် ကောင်းမယ်ထင်သလိုသာ ကြည့်လုပ်လိုက်ပါတော့၊ ကျွန်တော် သဘောတူပါတယ်"

ချက်ချင်း အချိုးပြောင်းသွားသော ဂျော်နီကို ကြည့်ကာ ဦးဂျိန်းလုဖေမှာ မစဉ်းစားတတ်အောင် ဖြစ်သွားရလေသည်။ သူသိသော ဂျော်နီမှာ အလျှော့ပေးဖို့ထက် ပြဿနာရှာဖို့ကိုသာ ဦးစားပေးတတ်သူ ဖြစ်လေသည်၊ တစ်နည်းမဟုတ် တစ်နည်းနှင့် သူတစ်ပါးအား စိတ်အနှောင့်အယှက်ပေးလေ့ရှိသော ဂျော်နီမှာ ယခုတော့ မခုတ်တတ်သည့် ကြောင်လေးတစ်ကောင်သဖွယ် ငြိမ်ကုပ်သွားလေပြီ။

ဦးဂျိန်းလုဖေက စားပွဲပေါ်မှ စာရွက်စာတမ်းများကို စုစည်းသိမ်းဆည်းနေရင်းရာမှ...

"ဒါဆိုလည်း မနက်ဖြန် မင်းရဲ့ရှေ့နေကို အကြောင်းကြားထားလိုက်ပေါ့ ဂျော်နီ၊ အိမ်ပြန်ရောက်ရင်လည်း မင်းအဒေါ်ကို ကုမ္ပဏီရောင်းမယ့်ကိစ္စ ပြောလိုက်ဦး... ဟုတ်ပြီလား။ ငါကတော့ ဒီနေ့ညနေပဲ မေမြို့တက်ပြီး တောင်ပေါ်ရုံးမှာ ကုမ္ပဏီကိုဝယ်မယ့် လုပ်ငန်းရှင်တွေနဲ့ သွားဆွေးနွေးလိုက်ဦးမယ်"

ဂျော်နီက မည်သည့်စကားမှ ပြန်မပြော။ စစ်ပွဲတွင် ရှုံးနိမ့်ပြီး ပြန်လာသော စစ်သူကြီးတစ်ယောက်လို ညှိုးငယ်သော မျက်နှာထားနှင့် ဦးဂျိန်းလုဖေ၏ရှေ့မှ ထထွက်သွားလေသည်။

ဦးဂျိန်းလုဖေကတော့ ဂျော်နီတစ်ယောက် အမှန်တကယ်ပင် စိတ်ထိခိုက်သွားသည်ဟုသာ ထင်မှတ်ပြီး စိတ်မကောင်းသင် ဖြစ်နေရှာသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂျော်နီကတော့ သူထင်သလို မဟုတ်။

ဦးဂျိန်းလုဖေ၏ ရုံးခန်းထဲမှ ထွက်လာပြီးသည်နှင့် မျက်နှာအမူအရာမှာ ကျားစေ့ဦးလဲတစ်ကောင်လို အမူအရာပြောင်းသွားသည်။

ဘောင်းဘီအိတ်ကပ်ထဲမှ ဆေးပြင်းလိပ်ထည့်သည့် လေးထောင့်ရာဘာအိတ်လေးအား ဆူဇီ၏ အလုပ်စားပွဲအောက် ကြမ်းပြင်ပေါ်သို့ မသိမသာ ပစ်ချလိုက်လေသည်။ ဆူဇီကတော့ တယ်လီဖုန်းပြောဆိုမှုများကို ဖမ်းယူသိမ်းဆည်းသော စက်ခလုတ်ခုံရှေ့တွင် အလုပ်ရှုပ်နေသဖြင့် မမြင်မတွေ့လိုက်ချေ။ (ထိုတယ်လီဖုန်း စက်ခလုတ်ခုံမှာ တစ်ဖက်မှ ပြောဆိုမှုအားလုံးကို တိပ်ခွေများဖြင့် ဖမ်းယူထားနိုင်ပြီး အလိုရှိသည့်အချိန်တွင် ပြန်လည် နားထောင်နိုင်လေသည်။ ထို့အပြင် မန္တလေးနှင့် မေမြို့အတက်ကြားရှိ ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းခွင်မှ ကြိုးမဲ့ ရေဒီယိုစကားပြောစက်များဖြင့် သတင်းပို့ချက်များကိုလည်း မှတ်တမ်းတင် ထိန်းသိမ်းထားနိုင်လေ၏။)

ယခုလည်း ဆူဇီက ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းခွင်မှ တစ်နေ့တာ သတင်းပို့ချက်များကို ဦးဂျိန်းလုဖေ နားထောင်နိုင်စေရန်အတွက် အသံသွင်းတိပ်ခွေများ ပြင်ဆင်နေရသဖြင့် အလုပ်ရှုပ်နေခြင်းဖြစ်လေ၏။

ဂျော်နီက သူ ကြံစည်ထားသည့်အတိုင်း လုပ်ပြီးသည်နှင့် ရုံးခန်းထဲမှ မသိမသာ လစ်ထွက်လာခဲ့သည်။ ရုံးရှေ့ ကားပါကင်သို့ ရောက်သောအခါ ဂျော်နီက သူ့ကားထဲမှ ထောင်ချောက်ဗုံး တပ်ဆင်ထားသော ရို့(စ်)ဘတ်(Rose Bud) တံဆိပ် ဆေးပြင်းလိပ် ထင်းရှူးသေတ္တာကိုယူကာ ဦးဂျိန်းလုဖေ၏ ကားရှိရာသို့ လာလိုက်သည်။





ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး လူသူကင်းရှင်းသည်နှင့် ကားထဲတွင် အဆင်သင့်တွေ့ရသော ဆေးပြင်းလိပ်သေတ္တာနှင့် သူ့လက်ထဲတွင် ကိုင်လာသော လျှို့ဝှက်ဗုံးတပ်ဆင်ထားသည့် ဆေးပြင်းလိပ်သေတ္တာအား လဲလှယ်လိုက်၏။

တစ်ဆက်တည်းဆိုသလိုလည်း ဂျော်နီက ကား ဒက်ရှ်ဘုတ်ထဲရှိ ဆေးပြင်းလိပ်များကိုပါ ယူငင်လိုက်လေသည်။

ဒါဆိုလျှင် ဦးဂျိန်းလုဖေမှာ အင်္ကျီအိတ်ကပ်ထဲမှ ဆေးပြင်းလိပ်ထည့်သည့် လေးထောင့်ရာဘာအိတ်ကိုလည်း မတွေ့၊ ကား ဒတ်ရှ်ဘုတ်ထဲမှ ဆေးပြင်းလိပ်များကိုလည်း မတွေ့နှင့်ဆိုတော့ သေချာပေါက်ကို လျှို့ဝှက်ဗုံးတပ်ဆင်ထားသော မရဏဆေးပြင်းလိပ် ထင်းရှူးသေတ္တာအား ဖွင့်ရမည်ဖြစ်သည်။

ထိုသို့ဆိုလျှင်တော့ ဦးဂျိန်းလုဖေမှာ သူသိပ်ကြိုက်သော ရို့(စ်)ဘတ် (Rose Bud) တံဆိပ် ဆေးပြင်းလိပ်အား နောက်ဆုံး ရှိုက်ဖွာခြင်းသာ ဖြစ်သွားပေလိမ့်မည်။

*



www.burmeseclassic.com

www.burmeseclassic.com



''ဂျိန်း!... ဒိန်း... ဒလိန်း''

မိုးခြိမ်းသံများနှင့်အတူ မိုးမှာ သဲကြီးမဲကြီး ရွာနေသဖြင့် မောင်ရာဟုမှာ ကားကို သတိကြီးစွာနှင့် မောင်းနှင်နေရလေသည်။ ည ခြောက်နာရီအချိန်သာ ရှိသေးသော်လည်း ဆိုးဝါးလှသော ရာသီဥတု အခြေအနေကြောင့် မေမြို့အတက် တောင်တက်လမ်းတစ် လျှောက်မှာ သန်းခေါင်ယံအချိန်လား ထင်ရလောက်အောင် မည်းမှောင် တိတ်ဆိတ် နေလေသည်။

လမ်းများမှာ မိုးရေနှင့် စွတ်စိုနေသည့်အပြင် အန္တရာယ် ကြီးမားသော တောင်တက်လမ်းလည်း ဖြစ်တာကြောင့် မောင်ရာဟုမှာ ကားကို ပုံမှန်ထက် အရှိန်လျှော့မောင်းလာခဲ့သည်။

ဦးဂျိန်းလှဖေကတော့ မန္တလေးတွင် နေရစ်ခဲ့သည့် ဇနီးသည် ဖြစ်သူ ဒေါ်ရီတာအား မှာကြားစရာကိစ္စတစ်ခုရှိသဖြင့် ကားနောက်ခန်း တွင်ထိုင်ကာ ကြိုးမဲ့ရေဒီယို စကားပြောစက်လေးဖြင့် မန္တလေးရုံးသို့ လှမ်းပြီး မှာကြားနေလေသည်။ မန္တလေးရုံးရှိ တာဝန်ရှိသူတွေကတော့





ဒေါ်ရီတာထံသို့ ဦးဂျိန်းလှဖေ ပြောသမျှကို အသံသွင်းထားသည့် တိပ်ခွေ အား ပို့ပေးပေလိမ့်မည်။

ဦးဂျိန်းလှဖေက ကြိုးမဲ့ရေဒီယို စကားပြောစက်လေးဖြင့် မှာကြားနေရာမှ ကားမောင်းနေသော မောင်ရာဟု၏ ပခုံးစွန်းကို လက်ဖြင့် လှမ်းပုတ်လိုက်ကာ...

''ရာဟုရေ... ငါ့ကို ဆေးပြင်းလိပ် ပေးစမ်းပါဦးကွာ''

''ဟုတ်ကဲ့... ဆရာ''

မောင်ရာဟုက ချက်ချင်းပင် လက်တစ်ဖက်က ကားစတီယာ ရင်ကို ထိန်းရင်း ကျန်သည့် လက်တစ်ဖက်က ကားဒက်ရှ်ဘုတ်ထဲသို့ နှိုက်ကာ ဆေးပြင်းလိပ်အပြည်များအား ဟိုဟိုဒီဒီ လျှောက်စမ်းကာ ရှာဖွေလိုက်သည်။

မတွေ့။ ကားကိုလည်း အာရုံစိုက်မောင်းနှင်နေရသဖြင့် မောင်ရာဟုမှာ ဆက်လက် ရှာဖွေမနေတော့ဘဲ ဘေးနားတွင် အဆင် သင့်ရှိနေသည့် ဆေးပြင်းလိပ် ထင်းရှူးသေတ္တာကို ကားနောက်ခန်းရှိ ဦးဂျိန်းလှဖေထံသို့ ထိုးပေးလိုက်သည်။ နှုတ်မှလည်း...

''ဆရာရေ... ဆေးပြင်းလိပ်သေတ္တာ အသစ်သာ ဖောက်လိုက် တော့...။ ဆေးပြင်းလိပ်အပြည်တွေ မတွေ့ဘူး ဆရာရဲ့''

ဟု နောက်သို့ လှည့်မကြည့်ဘဲ ပြောလိုက်သည်။

ဦးဂျိန်းလှဖေမှာလည်း ဆေးပြင်းလိပ်သေတ္တာရသည်နှင့် ချက်ချင်းဖွင့်ကာ အတွင်းမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိ လိုက်လေသည်။ ပြီးနောက် ဆေးပြင်းလိပ်ကို အငွေ့တလူလူထအောင် ဖွာရှိုက်ရင်း ဇနီးသည်ဖြစ်သူအား ဆက်လက်မှာကြားနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်တော့ ဦးဂျိန်းလုဖေမှာ အခုလို မှာကြားနေခြင်းသည်ပင်လျှင် သူ့ဘဝအတွက် ဖနီးသည်ဖြစ်သူအား နောက်ဆုံးမှာ ကြားနှုတ်ဆက်ခဲ့ခြင်း ဖြစ်သည်ဆိုတာကို သိရှိမသွားခဲ့ချေ။

စက္ကန့်လက်တံများက တချက်ချက်မြည်ကာ မှန်မှန်ရွေ့လျားလျက်။ ထို့နောက်...

''ဝုန်း''

မကြာခင် အချိန်အနည်းငယ်အတွင်းမှာပင် ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ ဦးဂျိန်းလုဖေမှာ လူ့လောကထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့လေသည်။

သည်ကံကြမ္မာဆိုးကို ပိပိရိရိနှင့် ဖန်တီးခဲ့သူ ဂျော်နီကတော့ အခုချိန်လောက်ဆိုလျှင် ပျော်ပွဲစားရုံတစ်ခုခု၌ ယမကာနိုးဝေပြီး မိန်းမလှတစ်ယောက်ယောက်နှင့် ပျော်ပါးနေပေလိမ့်မည်။

ဒါသည်ပင်လျှင် ဦးဂျိန်းလုဖေ၏ ဘဝနိဂုံး သို့မဟုတ် မြွေသူတော်မောင်ခြိမ့်နှင့် ဂျော်နီတို့နှစ်ယောက် တွေ့ဆုံရမည့် နိဒါန်းစာမျက်နှာ ဖြစ်လေတော့သည်။

❑





အခန်း(၃)

အသက်လေးဆယ်ကျော်အရွယ် ဆိုပေမဲ့လည်း ဒေါ်ရီတာမှာ နုပျိုနေဆဲပင်။ ခင်ပွန်းသည် ပျောက်ဆုံးနေသည့်အတွက် စိတ်ပူပန်သောက ရောက်နေရသော်လည်း ဒေါ်ရီတာ၏ မျက်နှာပေါ်တွင်တော့ အထက်တန်းလွှာ အမျိုးသမီးများ၏ ထုံးစံအတိုင်း မျက်နှာချေ၊ ကတ္တီပါ ရည်တို့ဖြင့် ဇာတ်မင်းသမီးတစ်ဦးအလား ပြင်ဆင်ခြယ်သထားလေသည်။

ဒေါ်ရီတာက ဗိုလ်လသာဆေးပြင်းလိပ်အား အငွေ့တသောင်းသောင်းထအောင် ဖွာရှိုက်ရင်း သူမ ပြောသမျှကို မှတ်စုစာအုပ်ထဲ လိုက်မှတ်နေသည့် မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ ဝမ်းနည်းမှုကြီး နေသည့်အသံဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါပါပဲ စုံထောက်ကြီးရယ်။ ကျွန်မ ခင်ပွန်းပျောက်နေတာ အခုဆို နှစ်ရက်ရှိသွားပါပြီ။ ဘာသတင်း အစအနမှကို မကြားရသေးပါဘူး''

ဟုဆိုကာ မျက်ဝန်းအိမ်ထဲမှ မျက်ရည်စအချို့ကို လက်ချောင်းထိပ်လေးများနှင့် သုတ်ဖယ်နေလေသည်။

မြွေသူတော်မောင်ခြိမ့်ကတော့ သူ့ထုံးစံအတိုင်း အကြောင်းမသိသူ တစ်ယောက်ယောက်ကမြင်လျှင် ဖျတ်လတ်တက်ကြွမှုမရှိဘဲ ထုံထိုင်းဧေးငိုင်နေသည်ဟု ထင်မှတ်သွားရမည့်နှယ် မှတ်စုစာအုပ်ကို တွေတွေကြီး စိုက်ကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစားနေလေသည်။ သူ့လက်ချောင်း တုတ်တုတ်ကြီးများကြားတွင် ညှပ်ထားသော ဆေးပြင်းလိပ်မှ ပြာမှုန့်များမှာလည်း ကြမ်းပြင်ပေါ်ရှိ အကောင်းစား ပါရှန်းကော်ဇောပေါ်သို့ တဖွားဖွား လွင့်စင်ကျလျက်ရှိနေလေ၏။

ထို့ကြောင့် အိမ်ရှေ့တံခါးမှတစ်ဆင့် ဧည့်ခန်းထဲသို့ ဝင်လာသော လူရွယ်မှာ မြွေသူတော်မောင်ခြိမ့်ကို တွေ့လျှင်တွေ့ချင်းပင် မျက်နှာထား တင်းသွားပြီး...

''ဟေ့လူ... ဆေးလိပ်ပြာတွေကို ပြာခွက်ထဲ ခြွေချလေ။ ဟိုမှာ... ကော်ဇောပေါ် ကျကုန်ပြီ''

ဟူသော အော်ငေါက်သံနှင့်အတူ မြွေသူတော်မောင်ခြိမ့်၏ အနားသို့ ဒေါ်နှင့်မောနှင့် လှမ်းလာလေတော့သည်။

ထိုအခါကျမှ မြွေသူတော်မောင်ခြိမ့်မှာ မေ့မြောနေသူ တစ်ယောက် သတိပြန်လည်လာသကဲ့သို့ ပြူးတူးကြောင်တောင်နှင့် ကြည့်ကာ ဆေးပြင်းလိပ်အား ကပျာကယာ ဆေးလိပ်ပြာခွက်ထဲသို့





ထည့်လိုက်လေ၏။

ထိုအဖြစ်အပျက်ကြောင့် ဒေါ်ရီတာမှာ အားတုံ့အားနာ ဖြစ်သွားသည့် အမူအရာနှင့် မြွေသူတော်မောင်ခြိမ့်နှင့် လူရွယ်ကို တစ်လှည့်စီကြည့်ကာ...

''သြော်... စုံထောက်ကြီးကို မိတ်ဆက်ပေးရဦးမယ်။ ဒါက ကျွန်မရဲ့တူ ဂျော်နီပါ။ ဘိလပ်မှာ ပညာသင်ပြီး ပြန်လာတာ မကြာသေးဘူး။ ဂျော်နီ... ဒါက အင်းစိန်စီအိုင်ဒီက စုံထောက်အရာရှိ အင်စပက်တာ မောင်ခြိမ့် ဆိုတာပဲ''

ထိုအခါကျမှ ဂျော်နီမှာ မျက်နှာထား အနည်းငယ်ပျော့ပျောင်းသွားပြီး မြွေသူတော်မောင်ခြိမ့်အား အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်ပြလေသည်။ သို့သော် ဂျော်နီမှာ မည်သည့်အတွက်ကြောင့် မြွေသူတော်မောင်ခြိမ့် ရောက်နေသည်ကို နားလည်ဟန်မတူ။ ဒါကြောင့်...

''မေးပါရစေဦး... ဒေါ်ဒေါ်၊ ဘာလို့ ရန်ကုန်က စုံထောက်အရာရှိက ဒီကို ရောက်နေရတာလဲ၊ ဒေါ်ဒေါ်နဲ့ အသိအကျွမ်းများလား''

ဒေါ်ရီတာက ညှိုးငယ်သော မျက်နှာထားနှင့်အတူ ဂျော်နီကို တစ်ချက်လှမ်းကြည့်ရင်း သက်ပြင်းကို ချလေသည်။ ပြီးမှ...

''ဘာကိစ္စရှိရမှာလဲ ဂျော်နီရယ်။ မင်း ဦးလေးပျောက်နေတာကို စုံစမ်းဖို့ ဒေါ်ဒေါ်တို့မိတ်ဆွေ ပုလိပ်မင်းကြီး မယ်ရီကင်းက လွှတ်လိုက်တာပေါ့''

ထိုစကားကြောင့် ဂျော်နီက မြွေသူတော်မောင်ခြိမ့်အား မျက်မှောင်ကုတ်ကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ စိတ်ထဲကလည်း



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဒင်းက ငါ့ကို အနှောင့်အယှက်ပေးဖို့ လာတာကိုး"

ဟု မကျေမနပ်နှင့် ရေရွတ်လိုက်မိသည်။ တကယ့်တကယ် တမ်းတွင်တော့ ဂျော်နီက...

"ကျုပ်ဦးလေး ပျောက်ဆုံးနေတာနဲ့ ပတ်သက်ပြီး ဘာများ သဲလွန်စရထားသေးလဲဗျ"

ဟုသာ လူကြီးလူကောင်းတစ်ယောက်လို နူးညံ့သိမ်မွေ့စွာ မေးလိုက်လေသည်။

"ကျုပ်လည်း ဒီနေ့မှ ရန်ကုန်ကရောက်တာဆိုတော့ ဘာမှ မစုံစမ်းရသေးပါဘူးဗျာ။ အချက်အလက်တွေ စုဆောင်းတုန်း ပဲ ရှိပါသေးတယ်။ ခင်ဗျား အဒေါ်ပြောပြလို့ သိရသလောက်က တော့ နေရှင်နယ်ဘားမား ကုမ္ပဏီမှာ ဦးဂျိန်းလှဖေနဲ့ ဝန်ထမ်း အကြီးပိုင်းတချို့ ပြဿနာ နည်းနည်းရှိတယ်ဆို။ အဲဒါ ဟုတ်လား ကိုဂျော်နီ၊ ကျုပ်ကို ခင်ဗျားသိသလောက် ပြောပြ ပေးပါလား"

မြွေသူတော်မောင်ခြိမ့်၏ အမေးစကားကြောင့် ဂျော်နီမှာ ခေတ္တခဏမျှ တွေခနဲ ဖြစ်သွားသည်။ ပြီးမှ တစ်စုံတစ်ရာကို စဉ်းစား မိသွား ပြီး...

"အင်း... ဟုတ်တယ်ဗျ။ ကုမ္ပဏီကို ရောင်းပစ်မယ်ဆိုတော့ နှစ်ပေါင်းများစွာ အလုပ်လုပ်လာတဲ့ ဝန်ထမ်းကြီးတချို့က အန်ကယ့်ကို သိပ်မကျေနပ်ကြဘူး။ သူတို့ အလုပ်လက်မဲ့ ဖြစ်မှာကို ကြောက်ကြလို့လေ၊ အဲဒါကြောင့်ပဲ အန်ကယ်ဆီကို အသက်အန္တရာယ် ခြိမ်းခြောက်တဲ့ ဖုန်းတွေဘာတွေ မကြာ





ခဏ လာနေတာပေါ့။ အလုပ် အတူတူတွဲလုပ်တဲ့ ငြိမ်းသူ ဆာဖေး ကုမ္ပဏီကလည်း ဒီကိစ္စကို မကျေနပ်ကြဘူး"

ထိုစကားကို ကြားသောအခါ ခေါင်းတညိတ်ညိတ်နှင့် နား ထောင်နေသော မြွေသူတော်မောင်ခြိမ့်က ဒေါ်ရီတာဘက်သို့ လှည့် ကြည့်ကာ သူမ၏ ထင်မြင်ချက်ကိုပါ မေးမြန်းလိုက်သည်။

ခင်ပွန်းသည်ဖြစ်သူ၏ အလုပ်ကိစ္စကို မည်သည့်အခါမှ ဝင် မစွက်ဖက်တတ်သော ဒေါ်ရီတာကတော့ စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို ခါယမ်းရင်း...

"ကျွန်မကတော့ ဘာထင်မြင်ချက်မှ မပေးတတ်ပါဘူးရှင်။ လောလောဆယ် ကျွန်မယောက်ျား အသက်ရှင်လျက်မှ ရှိသေး ရဲ့လားလို့ပဲ စိတ်ပူနေတာပါ"

မြွေသူတော်မောင်ခြိမ့်က လေပူတချို့ကို ဟူးခနဲ မှုတ်ထုတ် လိုက်သည်။ ပြီးမှ ထိုင်ခုံလက်ရန်းကို လက်ဖြင့် တဒေါက်ဒေါက်ခေါက် နေသော ဂျော်နီအား ထပ်မေးလိုက်၏။

"ဦးဂျိန်းလှဖေ မပျောက်ဆုံးခင် ညနေက ခင်ဗျားနဲ့ တွေ့သွား သေးတယ်ဆို ကိုဂျော်နီ။ အဲဒါ ဟုတ်လား"

"အင်း... ဟုတ်တယ်"

"ဒါဆို... ခင်ဗျားကို သူ ဘယ်သွားမယ်ဆိုတာ ပြောသွားသေး လားဗျ"

ဂျော်နီက သွက်လက်စွာပင် ခေါင်းညိတ်ပြပြီး...

"တောင်ပေါ်ရုံးကို သွားမယ်လို့ ပြောတာပဲ"

"တောင်ပေါ်ရုံး... ဟုတ်လား။ အဲဒါက ဘယ်နေရာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်က နားမလည်နိုင်စွာဖြင့် ရေရွတ်ရင်း မေးလိုက်သည်။ ထိုအမေးကိုတော့ ဒေါ်ရီတာက ပြန်ဖြေလေသည်။

"တောင်ပေါ်ရုံးဆိုတာ မေမြို့အတက် အနီးစခန်းမှာရှိတဲ့ ရုံးကို ပြောတာပါရှင်။ ကျွန်မက ကိုလှဖေကို အမြဲမှာပါတယ်။ တောင်ပေါ်ရုံးကိုသွားရင် ကားနဲ့သွားတာက အန္တရာယ်များလို့ ကောင်းကင်ကြိုးရထား (Cable car) နဲ့ သွားပါလို့။ အဲဒါက တောင်ပေါ်ကို မြန်မြန်လည်း ရောက်တဲ့အပြင် ကားထက်ပိုပြီး ဘေးလည်းကင်းတယ်လေ။ အခုတော့ ကိုလှဖေက တောင်ပေါ် ရုံးကိုလည်း ရောက်မလာ၊ ဒီမှာလည်းမရှိဆိုတော့ ကား အက်စီးဒင့်တွေ ဘာတွေများ ဖြစ်နေပြီလား မသိပါဘူးရှင်"

"ကျွန်တော် မေမြို့ဂိတ်ကို အကြောင်းကြားပြီး ဦးကျိန်းလှဖေ ပျောက်တဲ့ညက အဲဒီလမ်းတစ်လျှောက်မှာ ယာဉ်မတော်တဆ မှုတွေ ရှိ၊ မရှိ လှမ်းမေးထားပါတယ်။ သူတို့ကတော့ ဘာ ယာဉ်မတော်တဆမှုမှ မရှိဘူးလို့ အကြောင်းပြန်တာပဲ ဒေါ်ရီတာ"

ဒေါ်ရီတာမှာ မတွေးတတ်အောင်ဖြစ်သွားပြီး ခေါင်းကို ခါယမ်း နေလေသည်။ မြွေသူတော်မောင်ခြိမ့်ကပင်...

"ဒါဆို ဦးကျိန်းလှဖေဆီက အသံသွင်းတိပ်ခွေကလွဲရင် အဲဒီ နေ့ကစပြီး ဘာသတင်းမှ မကြားရတော့တာပေါ့ ဟုတ်လား"

ဟု မေးလိုက်ရာ ဂျော်နီမှာ အထူးအဆန်းသဖွယ် ဖြစ်သွား ပြီး မြွေသူတော်မောင်ခြိမ့်အား လှမ်းကြည့်လေသည်။ ပြီးနောက် အလောတကြီးဖြင့်...





"အသံသွင်းတိပ်ခွေဆိုတာ ဘာကိုပြောတာလဲ"

ထိုအခါကျမှ ဒေါ်ရီတာက အခုမှ တစ်စုံတစ်ရာကို သတိရ သွားဟန်ဖြင့်...

"သြော်... မင်းကို ဒေါ်ဒေါ်ပြောဖို့ မေ့နေတာကွဲ့။ မင်း ဦးလေး က ဒေါ်ဒေါ်ကို မှာစရာရှိလို့ဆိုပြီး ကားပေါ်ကနေ စကားပြော စက်နဲ့ ရုံးခန်းကို လှမ်းပြောတယ်လေ။ အဲဒါကို မင်း ဦးလေးရဲ့ အတွင်းရေးမှူးမလေး ဆူဇီက အသံသွင်းပြီး တိပ်ခွေနဲ့ ဒေါ်ဒေါ်ဆီကို ပို့ပေးထားတာကွဲ့"

ထိုစကားကို ကြားကြားချင်း ဂျော်နီမှာ စိတ်နှလုံး တုန်လှုပ် ချောက်ချားသွားရလေတော့သည်။

သူ့အကြောင်းတွေကိုများ ပြောပြတာလား ဒါမှမဟုတ် တခြား အရေးတကြီးကိစ္စ တစ်ခုခုများလား... စသည်ဖြင့် ဂျော်နီမှာ အလွန် အမင်း သိချင်သွားလေသည်။ ထို့ကြောင့်

"ဒါဆိုလည်း အဲဒီအခွေကို နားထောင်ကြည့်ရအောင်လေ... ဒေါ်ဒေါ်"

"အေး... အေး..."

ဒေါ်ရီတာက ချက်ချင်းပင် စောစောက မြွေသူတော်မောင်ခြိမ့် အား ဖွင့်ပြခဲ့သည့် တိပ်ခွေကို စက်ထဲသို့ထည့်ကာ နောက်တစ်ကြိမ် ဖွင့်လိုက်လေသည်။

မကြာခင်မှာပင် စပီကာထဲမှ ဦးကျိန်းလှဖေ၏အသံက အသံ အုပ်အုပ် ထွက်ပေါ်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ... ကိုယ်ကတော့ အခု တောင်ပေါ်ရုံးကို သွားနေ တာကွ။ ဒီညတော့ အဲဒီမှာပဲ အိပ်မှာ။ အလုပ်ကိစ္စလေး ရှိလို့ပါကွာ။ မင်းကို အရေးတကြီး မှာစရာလေးရှိတာ အခုမှ သတိရလို့ပါ"

ထိုစကားသံပြီးသည်နှင့် ဦးကျိန်းလှဖေ၏အသံမှာ တိတ်သွား သည်။ မိုးခြိမ်းသံ ခပ်အုပ်အုပ်နှင့် လေတိုးသံများကိုသာ ခပ်သဲ့သဲ့ကြား နေရသည်။ အနည်းငယ်ကြာပြီးမှ ဦးကျိန်းလှဖေ၏ စကားသံမှာ ပြန်လည် ထွက်ပေါ်လာလေသည်။

"ရာဟုရေ... ငါ့ကို ဆေးပြင်းလိပ်ပေးစမ်းပါဦးကွာ"

"ဟုတ်ကဲ့... ဆရာ..."

ရာဟုဆိုသူ၏ အသံကို ကြားရပြီးနောက် အချိန်အနည်းငယ်မျှ စကားသံ ပျောက်သွားပြန်လေသည်။ ပြီးမှ...

"ဆရာရေ... ဆေးပြင်းလိပ်သေတ္တာ အသစ်သာ ဖောက်လိုက် တော့။ ကားအင်္ကျီဟုတ်ထဲမှာလည်း ဆေးပြင်းလိပ်အပြည့်တွေ မတွေ့ဘူး ဆရာရဲ့"

ဟူသော စကားသံနှင့် မရှေးမနှောင်းမှာပင် ဆေးပြင်းလိပ် ထင်းရှူးသေတ္တာ ဖွင့်သံနှင့်တကွ မီးခြစ် ခြစ်လိုက်သော အသံကိုပါ ကြားရလေသည်။

ဦးကျိန်းလှဖေမှာ ဆေးပြင်းလိပ်ကို အားရအောင်ဖွာပြီးမှ ဇနီး သည်အား သူမှာချင်တာကို ဆက်လက်မှာကြားပုံရသည်။

"အေး... မိန်းမရေ၊ ဒီနေ့ညတော့ ဖြစ်နိုင်ရင် အိမ်မှာပဲ နေလိုက်ဦး။ ဘာဖြစ်လို့လဲဆိုတော့ မင်းတူ ဂျော်နီ ဒီနေ့ည





အိမ်ကိုလာပြီး တိုင်ပင်စရာ ကိစ္စတစ်ခုရှိတယ်"

မြွေသူတော်မောင်ခြိမ့်နှင့် ဒေါ်ရီတာက စပီကာမှ ထွက်ပေါ် နေသော ဦးကျိန်းလှဖေ၏ အသံကို စိတ်ဝင်တစားနှင့် နားထောင်နေ သော်လည်း ဂျော်နီကတော့ သွေးအေးအေးနှင့် နားထောင်မနေနိုင်ပေ။ ကိုယ်ဖန်တီးထားသည့် ပြဇာတ်၏ ဇာတ်သိမ်းခန်းကို ကြိုသိနေသော ဇာတ်ဆရာလို ဂျော်နီမှာ နာရီတကြည့်ကြည့်နှင့် ဖြစ်နေလေသည်။

ဆေးပြင်းလိပ်သေတ္တာအား ဖွင့်လိုက်ပြီးသည်နှင့် ထောင် ချောက်ပုံးမှ စနက်တံမှာ ပြုတ်သွားမည်ဖြစ်ပြီး တစ်မိနစ်အကြာမှာ ပေါက်ကွဲတော့မည်ကို ကြိုသိနေသောကြောင့်ပင် မဟုတ်ပါလား...။

ထို့ကြောင့် ဂျော်နီက ဦးကျိန်းလှဖေ၏ ဆေးပြင်းလိပ်သေတ္တာ အား ဖွင့်လိုက်သည့်အသံကို ကြားပြီးသည်နှင့် ဂနာမငြိမ်နိုင်တော့ဘဲ သူ့လက်မှ လက်ပတ်နာရီကိုသာ မကြာခဏ ကြည့်နေမိခြင်းဖြစ်သည်။

ဒါကို မြွေသူတော်မောင်ခြိမ့်က မျက်လုံးထောင့်စွန်းမှ မြင် ဖြစ်အောင် မြင်သွားလေ၏။ သို့သော် မသိလိုက် မသိဘာသာပင် မြွေသူတော်မောင်ခြိမ့်က ဦးကျိန်းလှဖေ၏ စကားသံအား ဆက်လက် နားထောင်နေလိုက်သည်။

ဦးကျိန်းလှဖေ၏အသံ ပျောက်သွားသည်နှင့် ဒေါ်ရီတာက အိပ်ခွေဖွင့်သည့်စက်ကို ပိတ်ပစ်လိုက်၏။ ထိုအခါကျမှ ဂျော်နီမှာလည်း သက်ပြင်းချနိုင်လေတော့သည်။

ဦးကျိန်းလှဖေ ပြောသွားသည့် အထဲတွင် ကံကောင်းထောက် မှာဖြင့် သူ့ မကောင်းကြောင်းများ တစ်လုံးတစ်ပါဒမှ မပါခဲ့ချေ။ ပြီးတော့လည်း ဦးကျိန်းလှဖေမှာ ပေါက်ကွဲခါနီး စက္ကန့်ပိုင်း အလိုသော်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြိုးမဲ့ရေဒီယို စကားပြောစက်ကို ပိတ်လိုက်ဟန်တူသည်။ ထို့ကြောင့် ပေါက်ကွဲသံ တစ်စုံတစ်ရာကို မကြားရခြင်း ဖြစ်ပေလိမ့်မည်။

ဒေါ်ရီတာက အခုမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ဂျော်နီအား ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး...

"ဒါနဲ့... မေးရဦးမယ် ဂျော်နီ။ မင်းမှာ ဒေါ်ဒေါ်နဲ့ တိုင်ပင်စရာကိစ္စရှိတယ်လို့ မင်း ဦးလေးက ပြောသွားတယ်။ အဲဒါ ဘာများပါလိမ့်..."

ထိုအမေးစကားကြောင့် ဂျော်နီမှာ ရုတ်တရက် ဘာပြန်ဖြေလို့ ဖြေရမှန်းမသိ ဖြစ်သွားသည်။ ပြီးမှ လိမ်ညာအကြောင်းပြစရာတစ်ခုကို အလျင်အမြန် စဉ်းစားလိုက်ပြီး...

"ဪ... ဟိုလေ... ဟို.... ဘာမှမဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်။ ကျွန်တော်က ဗမာပြည်ကို ပြန်ရောက်ကတည်းက ဘာမှ မလုပ်ဘဲ ဒီအတိုင်း နေနေတာဆိုတော့ မသင့်တော်တာနဲ့ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ဖို့ အန်ကယ့်ကို ပြောထားတာလေ။ အဲဒါကို အန်ကယ်က ဒေါ်ဒေါ်နဲ့ တိုင်ပင်ဖို့ ကျွန်တော့်ကို မှာထားတာပါ..."

သူမ၏ ချစ်လှစွာသော တူတော်မောင်ထံမှ ထိုစကားကို ကြားသောအခါ ဒေါ်ရီတာမှာ ခင်ပွန်းသည်အတွက် သောကရောက်နေရသည်ကိုပင် မေ့လျော့သွားကာ ပြုံးရွှင်သော မျက်နှာထားနှင့်...

"အို... ဒါများ ဘာတိုင်ပင်နေစရာ လိုလို့လဲ ငါ့တူရယ်။ ကောင်းတဲ့အလုပ်ကို လုပ်တာပဲ။ မသိပါဘူး ဒေါ်ဒေါ်ကတော့ ခါတိုင်းလို မင်းဦးလေးနဲ့ စကားများလို့လားလို့ကွဲ့"





ရှိုးသားဖြူစင်သည့် ကလေးငယ်တစ်ယောက်လိုပင် ဂျော်နီက ဟန်ဆောင်ပြီးရင်း ဒေါ်ရီတာအား ခေါင်းခါပြလေသည်။

မေးစရာ မြန်းစရာမရှိတော့ပြီမို့ မြွေသူတော်မောင်ခြိမ့်က...

"ကိုင်း... ဒါဆိုလည်း... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဒေါ်ရီတာ။ အကြောင်းထူးရင် ကျွန်တော် ဆက်သွယ်လိုက်ပါ့မယ်"

ဟု နှုတ်ဆက်ပြောဆိုလိုက်သည်။

"ဪ... ဟုတ်ကဲ့ပါရှင်..."

ဒေါ်ရီတာက မြွေသူတော်မောင်ခြိမ့်အား ကျေးဇူးတင်သည့် အမူအရာဖြင့် ပြန်ဖြေရင်း တစ်ဆက်တည်းဆိုသလို ဂျော်နီကို စောင်းငဲ့ကြည့်ကာ...

"ဂျော်နီရေ... စုံထောက်ကြီးကို အိမ်အပြင်ရောက်တဲ့အထိ လိုက်ပို့ လိုက်ပါဦး"

"ဟုတ်ကဲ့... ဒေါ်ဒေါ်"

ထို့နောက် မြွေသူတော်မောင်ခြိမ့်နှင့် ဂျော်နီမှာ အိမ်အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။ အိမ်အပြင်ဘက် ကားဂိုဒေါင်အနားသို့ ရောက်သောအခါ မြွေသူတော်မောင်ခြိမ့်က တစ်စုံတစ်ရာကို စဉ်းစားမိကာ ဂျော်နီအား မေးလိုက်သည်။

"ခင်ဗျား အဒေါ် ဒေါ်ရီတာနဲ့ ဦးကျန်းလှဖေတို့ ဖနီးမောင်နှံမှာ သားသမီးမရှိဘူးလား... ဗျ"

ဂျော်နီက လမ်းလျှောက်လာရာမှ မြွေသူတော်မောင်ခြိမ့်အား လှည့်ကြည့်ရင်း ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း... မရှိဘူး။ အဲဒါကြောင့် သူတို့က ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



သားအရင်းလို ချစ်နေကြတာ''

''သြော်... ဟုတ်လား...။ ဒါနဲ့ ခင်ဗျား မိဘတွေကရော...''

ဂျော်နီက ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်သည်။ ပြီးနောက် မြွေသူတော်မောင်ခြိမ့်ကို ဖြည်းညင်းစွာလှည့်ကြည့်ရင်း မဖြေချင်ဖြေချင် ပုံဖြင့်...

''ကျုပ်ရဲ့ အမေကတော့ ကျုပ်ကို မွေးပြီးပြီးချင်း မီးတွင်းထဲမှာ ဆုံးပါးသွားခဲ့တာဗျ။ ကျုပ်ရဲ့ အဖေကတော့ ကျုပ် ကာလကတ္တားမှာ ကျောင်းတက်နေတဲ့ အချိန်မှာပဲ ဓာတ်ခွဲခန်းထဲမှာ ပေါက်ကွဲမှုဖြစ်ပြီး ကွယ်လွန်သွားခဲ့တာလေ။ အဲဒါကြောင့် ကျုပ်အဒေါ် ဒေါ်ရီတာက ကျုပ်ရဲ့ အုပ်ထိန်းသူ ဖြစ်လာရတာပေါ့''

''အလို... ကြားရတာ စိတ်မကောင်းပါဘူးဗျာ။ မေးလက်စနဲ့ ဆက်မေးရဦးမယ်... ဒေါ်ရီတာက ခင်ဗျား အဖေဘက်က တော်တာလား... ခင်ဗျား အမေဘက်က တော်တာလားဗျ''

''ကျုပ် အဖေရဲ့ တစ်ဦးတည်းသော ညီမပါ''

မြွေသူတော်မောင်ခြိမ့်မှာ ခေါင်းကို တဗျင်းဗျင်းကုတ်ဖွရင်း စဉ်းစားနေလေသည်။ ပြီးမှ ဂျော်နီကို မော့ကြည့်ကာ မေးလိုက်၏။

''ဦးဂျိုန်းလှဖေဘက်က တော်တဲ့ တူတွေ၊ တူမတွေရော မရှိဘူးလားဗျ''

ထိုအမေးစကားကြောင့် ဂျော်နီ၏မျက်နှာမှာ တင်းမာသွားသည်။

''ဟော့လူ ခင်ဗျားက ကျုပ်ဦးလေး ပျောက်နေတဲ့အမှုကို စုံစမ်း





ဖော်ထုတ်ဖို့ လာတာလား ဒါမှမဟုတ် ကျုပ်တို့ရဲ့ ဆွေစဉ်မျိုးဆက်ကို စုံစမ်းဖော်ထုတ်ဖို့ လာတာလား''

*စိတ်အနှောင့်အယှက် ဖြစ်သွားသည့်ပုံဖြင့် ခေါင်းသံမာကာ*

ပြောလိုက်သော ဂျော်နီ၏စကားကြောင့် မြွေသူတော်မောင်ခြိမ့်မှာ ပြုံးတုံးပျာတာ ဖြစ်သွားလေသည်။

''စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်ဗျာ။ ကျုပ်က ဘာရယ်မဟုတ်ဘဲ မေးမိတာပါ''

မိဘက ခြောက်လှန့်လိုက်၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည့် ကလေးငယ်တစ်ယောက်လို ချက်ချင်း အမူအရာပြောင်းသွားသော မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ ဂျော်နီက အထင်သေး အမြင်သေးစွာ ပြုံးလိုက်သည်။

''ခင်ဗျားကို ကျုပ် ခပ်ရှင်းရှင်းပဲ ပြောမယ်။ ကျုပ်ဦးလေး သေလို့လည်း ကျုပ် အမွေရမှာ မဟုတ်ဘူး။ ကျုပ် အဒေါ်ပဲ ရမှာဗျ။ ကျုပ်မှာက ကျုပ်အဖေထားခဲ့တဲ့ အမွေတွေ သတ်သတ်ရှိပြီးသားပါ''

ထိုစကားကိုတော့ ဂျော်နီက မြွေသူတော်မောင်ခြိမ့်က ဦးဂျိုန်းလှဖေ ပျောက်ဆုံးနေသည့်ကိစ္စတွင် သူ့ကို သံသယဝင်ပြီး လှည့်ပတ်မေးနေသည်ဟု ထင်ကာ တစ်ခါတည်းနှင့် အပြတ်ပြောချလိုက်ခြင်း ဖြစ်သည်။

မြွေသူတော်မောင်ခြိမ့်ကတော့ ထိုစကားကို မည်သို့ သဘော ပေါက်သွားသည် မသိ။ ဂျော်နီကို တွေတွေကြီးနှင့်သာ မလှုပ်မယှက် စိုက်ကြည့်နေလေသည်။ အတန်ကြာမှ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း… ဒါဆိုလည်း ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

ဟု နှုတ်ဆက်ကာ သူ့ကား ရပ်ထားရာဆီသို့ လေးတိလေးကန်ဖြင့် လျှောက်သွားလေသည်။ ဂျော်နီက မည်သို့မှ ခန့်ညားထည်ဝါသည့်ပုံမပေါက်သော မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ သက်ပြင်းချလိုက်မိလေ၏။ စိတ်ထဲမှာတော့ ဒီလို နုံနုံအအ စုံထောက်မျိုးနှင့် တွေ့ရသဖြင့် ကျေနပ်ပျော်ရွှင်သလိုပင် ခံစားလိုက်ရသည်။

ဂျော်နီက မြွေသူတော်မောင်ခြိမ့် ကားမောင်းထွက်သွားသည့်အထိ စောင့်ကြည့်မနေဘဲ အိမ်ထဲသို့ ပြန်လာရန် ခြေလှမ်းပြင်လိုက်သည်။ ထိုအချိန်မှာပင် သူ့မျက်လုံး ထောင့်စွန်းတစ်နေရာမှ တစ်စုံတစ်ရာကို မြင်တွေ့လိုက်ရသည်။

"ဟင်… ဘယ်လိုဖြစ်တာလဲ…။ ဒီတံခါးကို ငါ သေသေချာချာ ပြန်ပိတ်ခဲ့ပါတယ်"

ကားဂိုဒေါင် အပေါ်ထပ်ရှိ ဦးဂျိန်းလုဖေ၏ လူယုံတော်မောင်ရာဟုနေထိုင်သည့် အခန်းတံခါးမှာ ပွင့်နေလေသည်။

ဦးဂျိန်းလုဖေ ပျောက်ဆုံးပြီး နောက်တစ်နေ့တွင် ဂျော်နီက မောင်ရာဟု၏ အခန်းထဲသို့ တိတ်တဆိတ်ဝင်ကာ သူ ဘီလပ်တွင် ရှုပ်ခဲ့ပွေခဲ့သမျှကို မှတ်တမ်းတင်ထားခဲ့သော ဖိုင်တွဲများနှင့်တကွ လက်နှိပ်စက်ကိုပါ ဖျောက်ဖျက်ပစ်လိုက်လေသည်။

ဂျော်နီက ထိုအခန်းတံခါးကို ပြန်ပိတ်ရန် သစ်သားလှေကားအတိုင်း ကားဂိုဒေါင် အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ်သို့ရောက်သောအခါ ဂျော်နီက တံခါးကို ချက်ချင်းမပိတ်သေးဘဲ အခန်းထဲသို့ ခေါင်းထိုးကာ အကဲခတ်ကြည့်လိုက်သေးသည်။





သူ နောက်ဆုံးတစ်ခေါက် ဝင်ရောက်ခဲ့သည့်အတိုင်း အခန်းအတွင်းရှိ ပစ္စည်းပစ္စယများမှာ ခြေရာလက်ရာမပျက်ဘဲ ရှိနေသည်ဆိုတော့မှ ဂျော်နီက အခန်းတံခါး လက်ကိုင်ဘုအား ဆွဲကာ တံခါးပိတ်ရန် ပြင်လိုက်သည်။ ထိုအချိန်မှာပင်…

"အလို!… ဒါ ခင်ဗျားနေတဲ့ အခန်းလားဗျို့… ကိုဂျော်နီ"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ဂျော်နီမှာ အလန့်တကြားဖြစ်သွားပြီး နောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေရာ လှေကားအတိုင်း တက်လာသော မြွေသူတော်မောင်ခြိမ့်ကို တွေ့လိုက်ရလေသည်။

ထိုမြင်ကွင်းကြောင့် ဂျော်နီက အံကို တင်းတင်းကြိတ်ကာ မျက်လုံးကို မှိတ်လိုက်လေသည်။ အနည်းငယ်ကြာမှ မျက်လုံးကို ပြန်ဖွင့်ကာ စိတ်ဆိုးမာန်ဆိုး အသံဖြင့်…

"ခင်ဗျားက အခုထက်ထိ မပြန်သေးဘဲ ဘာလို့ ဒီအပေါ်ကို တက်လာတာလဲ"

မြွေသူတော်မောင်ခြိမ့်က ချက်ချင်းပြန်မဖြေသေးဘဲ ဂျော်နီကို ကြောင်တက်တက်နှင့် ကြည့်နေသည်။ ပြီးမှ…

"ဩော်… ဘာမှတော့ မဟုတ်ပါဘူးဗျာ။ ခင်ဗျားကိုမေးဖို့ တစ်ခုမေ့သွားလို့ ပြန်လှည့်လာတာပါ။ ခင်ဗျား ဒီအပေါ်ကို တက်သွားတာ ကျုပ် ကားထဲကနေ လှမ်းမြင်လိုက်ရတယ်လေ။ အဲဒါကြောင့် ကျုပ်က ဒါဟာ ခင်ဗျားအခန်းပဲလို့ ထင်ပြီး တက်လာတာဗျ"

ဂျော်နီက စိတ်ပျက်လက်ပျက် အမူအရာနှင့် ခေါင်းကို ခါယမ်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း သက်ပြင်းကို ချလိုက်လေသည်။ ဘာမှတော့ မဟုတ်ပေမဲ့လည်း လိပ်ပြာမလုံသူ တစ်ယောက်အဖို့ ဒီလိုမျိုး အဖြစ်အပျက်ကလည်း ရင်မောစရာပင် မဟုတ်ပါလား…။

ဂျော်နီက…

"ဒါ ကျုပ်အခန်း မဟုတ်ဘူးဗျ။ အန်ကယ်လှဖေရဲ့ လူယုံတော် ကိုရာဟုနေတဲ့ အခန်း။ ကျုပ်က အခန်းတံခါးပွင့်နေတာကို မြင်လို့ ပိတ်ပေးရအောင် တက်လာခဲ့တာ"

"အလို… ကိုရာဟုဆိုတာ ဦးကျွန်းလှဖေရဲ့ ကားကို မောင်းတဲ့ လူမဟုတ်လား…။ ဒါဆို အခန်းတံခါးက သွေးရိုးသားရိုး ပွင့်နေတာမှ ဟုတ်ပါလေစ"

ထိုစကားသံနှင့်အတူ မြွေသူတော်မောင်ခြိမ့်က အလွန်တရာ စိတ်ဝင်စားသွားသည့်ပုံဖြင့် ဂျော်နီကိုကျော်ကာ အခန်းတွင်းသို့ ကိုးကန်း တောင်းမှောက် ကြည့်လေတော့သည်။ ပွင့်ဟနေသော တံခါးလက်ကိုင် ဘုကိုလည်း ထိုးကလန့်ဖွင့်ထားသည့် ပုံမျိုး ရှိ၊ မရှိကို စိမ်ပြေနပြေ စစ်ဆေးနေ၏။

ဒါကို ဂျော်နီက စိတ်မရှည်နိုင်တော့ဘဲ မြွေသူတော်မောင်ခြိမ့် ၏ လက်မောင်းရင်းကို ဆုပ်ကိုင်ကာ အခန်းအပြင်သို့ ခေါ်ထုတ်လိုက် ပြီး…

"အရေးမကြီးတာကို လုပ်မနေစမ်းပါနဲ့ဗျာ။ ကိုရာဟုက ချက် သေသေချာချာ မချခဲ့လို့ တံခါးပွင့်နေတာ နေမှာပေါ့…။ ခင်ဗျား မေးစရာရှိတယ်ဆိုတာကိုသာ အရင်ပြောပါ"

ဟု ပြောလိုက်လေရာ မြွေသူတော်မောင်ခြိမ့်က ဂျော်နီ၏လက်မှ





လက်ပတ်နာရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး…

"မေးစရာရှိတယ်ဆိုတာ ဘာမှတော့ ထွေထွေထူးထူး မဟုတ် ပါဘူး။ ခင်ဗျားရဲ့ လက်ပတ်နာရီ ပျက်နေသလားလို့ သိချင် လို့ပါ"

မထင်မှတ်ထားသည့် အမေးကြောင့် ဂျော်နီမှာ ကြောင်အမ်း အမ်းဖြစ်သွားပြီး သူ့လက်မှ နာရီကို နားအနားသို့ကပ်ကာ စက်သံကို နားထောင်ကြည့်လိုက်သည်။

တချက်ချက်နှင့် စက္ကန့်လက်တံ ရွေ့လျားနေသံကို ကြားရ၏။ နာရီကို ကြည့်လိုက်တော့လည်း ပုံမှန်အတိုင်း သွားနေသည်။

ထို့ကြောင့် ဂျော်နီမှာ နားမလည်နိုင်စွာဖြင့် မြွေသူတော်မောင် ခြိမ့်ကို ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး…

"ကျုပ် နာရီက ဘာလို့ ပျက်ရမှာလဲ။ အကောင်းကြီးပါဗျ"

ဟု မကျေမနပ်နှင့် ပြောလိုက်လေသည်။

ထိုစကားကို ကြားသည့်အခါ မြွေသူတော်မောင်ခြိမ့်မှာ အလွန် တရာ စိတ်ပျက်သွားသည့်ပုံဖြင့် နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက် ပြီး…

"အလို!… ဟုတ်စ၊ မသိပေါင်ဗျာ…။ ဦးကျွန်းလှဖေရဲ့ အသံ သွင်းတိပ်ခွေကို နားထောင်နေတုန်းက ခင်ဗျားရဲ့ လက်ပတ် နာရီကို တကြည့်ကြည့်လုပ်နေတာမြင်လို့ မေးကြည့်တာပါ"

ချက်ချင်းပင် မြွေသူတော်မောင်ခြိမ့် ဘာကိုဆိုလိုမှန်း သိလိုက် သဖြင့် ဂျော်နီ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားပြီး မျက်စိမှောက်နှာ [illegible]ပျက်သွားလေသည်။ အတွေးမြင်ကွင်းထဲတွင်လည်း အသံသွင်း



www.burmeseclassic.com

www.burmeseclassic.com



တိပ်ခွေကို နားထောင်နေစဉ်က ဦးဂိုန်းလှဖေတစ်ယောက် ဆေးပြင်းလိပ်ထင်းရှူးသေတ္တာကို ဖွင့်သံကြားလိုက်ရသည်နှင့် ထောင်ချောက်ဗုံးပေါက်ကွဲမည့်အချိန်ကို သိရရန် သူ နာရီတကြည့်ကြည့် လုပ်နေမိသည်ကို ဖျတ်ခနဲ ပြန်မြင်ယောင်မိသွားလေသည်။

ဂျော်နီမှာ ချက်ချင်းပင် အကြောင်းပြစရာတစ်ခုကို အလျင်အမြန်စဉ်းစားလိုက်ပြီး...

''ဩော်... ဒါကတော့ဗျာ... ဘယ်သူမဆို ကိုယ့်လက်က နာရီကိုတော့ ခဏခဏ ငုံ့ကြည့်တတ်တာပဲ။ ကျုပ်လည်း အဲဒီအတိုင်းပဲပေါ့ဗျ''

အကြောင်းပြချက်မှာ ခိုင်ခိုင်လုံလုံမရှိသော်လည်း မြွေသူတော်မောင်ခြိမ့်ကတော့ နှစ်နှစ်ကာကာ ယုံကြည်သွားလေဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ...

''ဟုတ်တာပေါ့... ဟုတ်တာပေါ့...၊ ကျုပ်လည်း ဒီအတိုင်းပါပဲ၊ အမြဲတမ်း ကိုယ့်လက်ပတ်နာရီကိုပဲ ငုံ့ငုံ့ကြည့်နေတတ်တာဗျ။ ကိုင်း... ဒါဆိုလည်း ကျုပ်ကို ခွင့်ပြုဦးဗျာ''

ဟုဆိုကာ လှေကားပေါ်မှဆင်းလာပြီး သူ့ကား ရှိရာဆီသို့ ခြေလှမ်း ဆာတာဆာတာနှင့် လျှောက်သွားလေတော့သည်။

ထိုအခါကျမှ ဂျော်နီမှာလည်း သက်ပြင်းကို ရဲရဲတင်းတင်း ချလိုက်မိတော့သည်။

❑





အခန်း(၄)

နောက်တစ်နေ့ မနက်။

မေမြို့ဂိတ်မှ မန္တလေး–မေမြို့ အတက်ကားလမ်းဘေးရှိ ချောက်ကမ်းပါးအောက်တွင် ပေါက်ကွဲပျက်စီးထားသော ကားအပိုင်းအစအနများကို တွေ့သည်ဟူသော အကြောင်းကြားချက်အရ မြွေသူတော်မောင်ခြိမ့်မှာ ထိုနေရာသို့ နေရှင်နယ်ဘားမား တတ်ထွေးဘားဖော်ရေး ကုမ္ပဏီပိုင် ကောင်းကင်ကြိုးရထား (Cable car) ဖြင့် လိုက်ပါလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က ဖြည်းဖြည်းမှန်မှန်မောင်းသော လှည်းကိုပင် မတ်တတ်ရပ် မစီးရဲသဖြင့် သူငယ်ချင်းများ၏ နောက်ပြောင်မှုကို အကြိမ်ကြိမ်ခံခဲ့ရသော မြွေသူတော်မောင်ခြိမ့်မှာ အခုလို တောင်ထိပ်တောင်ဖျားများ၊ ချောက်ကမ်းပါးများအပေါ်မှ ဖြတ်သန်းကာ တအိအိနှင့် သွားဘယ်ညာ ယိမ်းထိုးနေသော ကောင်းကင်ကြိုးရထား (Cable car) ကို စီးနေရသည်ဆိုတော့ ခြေဖျားလက်ဖျားများမှသည် တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်အထိ ကြောက်ရွံ့ထိတ်လန့်နေလေသည်။

မှန်အပြည့် ကာရံထားသော ၁၀ ပေပတ်လည် ကောင်းကင်ကြိုးရထား (Cable car) အတွင်းရှိ ထိုင်ခုံပေါ်တွင် မြွေသူတော်မောင်ခြိမ့်မှာ မည်သည့်နေရာကိုမှ မကြည့်ဘဲ ရှေ့တူရူသို့သာ မလှုပ်မယှက်ကြည့်ရင်း လိုက်ပါလာခဲ့လေသည်။

သည်လိုမှမဟုတ်ဘဲ ဟိုဟိုဒီဒီ လျှောက်ကြည့်နေလျှင်တော့ သစ်ပင်ထိပ်ဖျားများ၊ အောက်ခြေကို မှုန်ဝါးဝါးသာ တွေ့မြင်နေရသော ချောက်ကမ်းပါး နက်နက်ကြီးများ၊ ဓားဦး၊ လှံဦးများသဖွယ် ထိုးထိုးထောင်ထောင် ဖြစ်နေသည့် ကျောက်တောင် ကျောက်တုံးကြီးများကို မြင်မိပြီး အခုထက် ပိုကြောက်နေရမည် မဟုတ်ပါလား...။

အခုတောင် မြွေသူတော်မောင်ခြိမ့်မှာ အသက်ရှူမဝသလို ခံစားနေရပြီး နှလုံးအိမ်မှာ တဒုန်းဒုန်း ခုန်နေလေသည်။

ကောင်းကင် ကြိုးရထားပေါ်တွင် လိုက်ပါလာခဲ့သော မေမြို့ဂါတ်မှ ဆာသင်စိန်မြင့်ကတော့ မြွေသူတော်မောင်ခြိမ့်၏ အခြေအနေမှန်ကို နားမလည်ဘဲ သံကြိုးဆွဲယာဉ် အပြင်ဘက်သို့ကြည့်ရင်း ပတ်ဝန်းကျင် ရှုခင်းများအကြောင်းကို တတွတ်တွတ်နှင့် ရှင်းပြနေသည်။

''ဆရာခြိမ့်ရေ ကျွန်တော်တို့ အခုရောက်နေတာ အမြင့်ပေနှစ်ထောင်ဆိုတော့ ကားနဲ့သာသွားရင် မြူးပွိုင့် (View point) ကို ရောက်နေပြီပျ။ ဟော... ဟိုးမှာ ဧရာဝတီမြစ်ကြီးကို လှမ်းမြင်နေရပြီ တွေ့လား... ဆရာခြိမ့်။ ဒီဘက်သောင်းက မှုန်ပျပျလေး မြင်နေရတာ ပုပ္ပါးတောင်ပေါ့''

မြွေသူတော်မောင်ခြိမ့်က မကောင်းတတ်၍ ဆာသင်စိန်မြင့် ညွှန်ပြရာနေရာသို့ ဖျတ်ခနဲသာ လှည့်ကြည့်လိုက်ပြီးနောက် ချက်ချင်း အကြည့်ပြန်လွှဲလိုက်သည်။

ဆာသင်စိန်မြင့်ကတော့ တိုးရစ်ဂိုက် (Tourist Guide) သဖွယ် ဆက်လက် ပြောဆိုနေလျက်...။

''အခု ကျွန်တော်တို့ ဖြတ်ကျော်လာတာ ခြောက်ထပ်ကွေ့လို့ခေါ်တဲ့ နေရာပေါ့။ ဟိုးရှေ့က သစ်ချပင်တောကို ကျော်ရင် အာနန္ဒာမင်းကြီးရဲ့ စတော်ဘယ်ရီခြံရှိတဲ့ အနီးစခန်းကို ရောက်ပြီ ဆရာခြိမ့်ရေ။ နေရှင်နယ်ဘားမား ကုမ္ပဏီရဲ့ တောင်ပေါ်ရုံးခွဲရှိတာလေ။ ကားအပျက်အစီး အပိုင်းအစတွေ တွေ့တာက သစ်ချပင်တောနားမှာဆိုတော့ ကျွန်တော်တို့က အနီးစခန်းကိုရောက်ရင် တောင်အောက်ကို ကားနဲ့ နည်းနည်း ပြန်ဆင်းရဦးမှာ ဆရာခြိမ့်''

မြွေသူတော်မောင်ခြိမ့်က မည်သည့်စကားမှ ပြန်မပြောဘဲ ခေါင်းသာ ညိတ်ပြလိုက်သည်။ သည်အချိန်တွင် သူ့ စိတ်အာရုံတစ်ခုလုံးကို







www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးချုပ်ကိုင်ထားသည့် တစ်ခုတည်းသောအရာမှာ ယခု သူစီးနေသော ယာဉ်ကြီး ဘယ်အချိန်မှာ ကြိုးပြတ်ပြီး ချောက်ကမ်းပါးအောက်ကို ပြုတ်ကျမလဲဆိုသည့် စိုးရိမ်ပူပန်နေစိတ်ပင် ဖြစ်လေသည်။

ထို စိုးရိမ်ပူပန်နေစိတ်ကလွဲလျှင် မြွေသူတော်မောင်ခြိမ့်မှာ တခြားမည်သည့် အကြောင်းအရာကိုမှ စိတ်မဝင်စားနိုင်ပေ။

ဒါကို ဆာသင်စိန်မြင့်က ရိပ်မိသွားဟန်တူသည်။ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို လက်ခုံဖြင့် သုတ်ဖယ်နေသော မြွေသူတော်မောင်ခြိမ့်ကို ရယ်ကျဲကျဲ အမူအရာနှင့်ကြည့်ရင်း ဆာသင်စိန်မြင့်က...

"ကေန္တတော့ ဆရာခြိမ့်က ဒီယာဉ်ကြီး မတော်တဆ ကြိုးပြတ်ပြီး တောင်အောက်ပြုတ်ကျသွားမှာကို စိုးရိမ်နေတာနဲ့တူတယ်"

ဟု မေးလိုက်လေရာ မြွေသူတော်မောင်ခြိမ့်က ဆာသင်စိန်မြင့်ကို အံ့ဩတကြီးနှင့် လှမ်းကြည့်လေတော့သည်။ မြွေသူတော်မောင်ခြိမ့်၏ စိတ်ထဲတွင် ဆာသင်စိန်မြင့်မှာ အကြားအမြင်များ ရနေလားဟု ထင်မှတ်သွားပုံရ၏။

ဆာသင်စိန်မြင့်ကပင် ဆက်ပြီးပြောသည်။

"အဲဒါဆိုရင်တော့ မစိုးရိမ်နဲ့ ဆရာခြိမ့်ရေ။ ဒီ မိုးပျံသံကြိုးဆွဲယာဉ်က ဂျာမနီနိုင်ငံက အင်ဂျင်နီယာတွေကိုယ်တိုင် အာမခံပြီး လာတည်ဆောက်ပေးထားတာ။ မတော်တဆ ကြိုးပြတ်ပြီး ပြုတ်ကျသွားရင်တောင်မှ အကျမနာအောင် ယာဉ်မှာ အရေးပေါ် လေထီးပါသေးတယ် ဆရာခြိမ့်ရဲ့။ အန္တရာယ်ကင်းအောင် လို့ သေသေချာချာ ပုံစံထုတ် ဒီဇိုင်းဆွဲပြီး ဒီယာဉ်ကို





တည်ဆောက်ထားတာလေ။ တစ်ကြိမ်တစ်ခါမှ မတော်တဆ အန္တရာယ်ကြုံတာ မဖြစ်ဖူးသေးဘူး"

ထိုအခါကျမှ မြွေသူတော်မောင်ခြိမ့်မှာ စိတ်သက်သာရာ အနည်းငယ်ရသွားတော့သည်။ သို့သော် အလုံးစုံတော့ မဟုတ်။ စိုးရိမ်ကြောက်ရွံ့စိတ် အကြွင်းအကျန်များကတော့ လှိုင်းလုံးပြေပြေလေးများ သဖွယ် နှလုံးအိမ်ကို စည်းချက်မှန်မှန် ရိုက်ခတ်လျက် ရှိနေလေသည်။

ထိုခံစားချက်များမှာ အနီးစခန်းသို့ရောက်ပြီး အခင်းဖြစ်ပွားသည့် သစ်ချပင်တောရှိရာ နေရာဆီသို့ ဂျစ်ကားလေးနှင့် ခရီးဆက်လာသည်အထိ ကောင်းကောင်းမပြေပျောက်သေးပေ။

မြွေသူတော်မောင်ခြိမ့်၏ ခေါင်းထဲတွင် မူးဝေနောက်ကျိုနေသလို ခံစားနေရသေးသည်။ သစ်ချပင်တောရှိရာသို့ ရောက်ပြီး တောင်ကမ်းပါးအောက်မှ ကားအပျက်အစီး အပိုင်းအစများကို ဆယ်ယူနေသည့် ဝန်ထမ်းများ၊ မေမြို့ဂါတ်မှ ရာဇဝတ်အုပ်များ၊ ပုလိပ်များကို တွေ့လိုက်ရမှ အားလုံး ပြေပျောက်ကုန်တော့၏။

ကားရပ်ပြီး မြွေသူတော်မောင်ခြိမ့် ဆင်းလာသည်ကို မြင်သည်နှင့် မေမြို့ဂါတ်မှ ရာဇဝတ်အုပ် ဦးမြင့်ကြိုင်က သူ့ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးကို သယ်ပိုးကာ အနားသို့ ရောက်လာလေသည်။

ပြီးနောက် ကားလမ်းဘေး ချောက်ကမ်းပါးအောက်မှ ဝန်ထမ်းတို့က်ဖြင့် ပိတ်ဖြူအုပ်ကာ ကြိုးအထပ်ထပ် ရစ်ပတ်ပြီး သယ်ယူလာသော အလောင်းတစ်လောင်းကို လက်ညှိုးညွှန်ပြကာ...

"ဆရာခြိမ့်ရေ... အခု ချောက်ကမ်းပါးအောက်ကနေ အပေါ်ကို တင်လာတဲ့ အလောင်းက ဦးကျိန်းလှမေရဲ့ ကားမောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ရာဟုဆိုသူရဲ့ အလောင်းပဲဗျ။ ခန္ဓာကိုယ်တစ်ခုလုံး မီးကျွမ်းလောင်ထားသလို မည်းနက်နေတာပဲတဲ့။ ဦးဂျိုန်းလုဖေရဲ့ အလောင်းကိုလည်း တွေ့ထားပြီးပါပြီ''

မြွေသူတော်မောင်ခြိမ့်က ရာဇဝတ်အုပ် ဦးမြင့်ကြိုင်ကို ခေါင်းညိတ်ပြလိုက်ပြီး ကတ္တရာလမ်းမ အနှံ့ကို စေ့စေ့စပ်စပ် လိုက်ကြည့်နေလေ၏။

ကတ္တရာလမ်းမပေါ်တွင်တော့ သူရှာဖွေနေသည့် အရာကို တွေ့ဟန်မတူ။ မှန်ကွဲစအချို့နှင့်အတူ မီးကျွမ်းလောင်ထားသော ကားအပျက်အစီး အပိုင်းအစအချို့ကိုသာ တွေ့ရလေသည်။

ရာဇဝတ်အုပ် ဦးမြင့်ကြိုင်က မြွေသူတော်မောင်ခြိမ့် ဘာရှာနေသည်ကို ရိပ်မိသဖြင့်...

''အခင်းဖြစ်ပွားတဲ့ ညက မိုးက သည်းသည်းထန်ထန် ရွာနေတာဆိုတော့ လမ်းက ချောနေမှာ သေချာတယ် ဆရာခြိမ့်။ အဲဒါကြောင့် ကတ္တရာလမ်းမပေါ်မှာ ကားဘီးတာယာ ပွတ်တိုက်ထားရာတွေ ဘာတွေ မထင်ကျန်ရစ်ခဲ့တာ ဖြစ်မယ်''

''အင်း... ဟုတ်တန်ကောင်းပါရဲ့...။ ဒါနဲ့ ကားလမ်းပေါ်မှာ တွေ့ရတဲ့ အပျက်အစီး အပိုင်းအစတွေ အားလုံးက မီးလောင်ထားတာတွေချည်းပဲနော်''

မြွေသူတော်မောင်ခြိမ့်၏ စကားကြောင့် ရာဇဝတ်အုပ် ဦးမြင့်ကြိုင်က ကားလမ်းမပေါ်တွင် ဟိုနားတစ်ခု ဒီနားတစ်ခု ပွစာကြဲနေသော ကားပစ္စည်း အပိုင်းအစအချို့ကို မျက်စိဝေ့ဝဲကြည့်ကာ ခေါင်းညိတ်ပြလေသည်။ ပြီးမှ တစ်စုံတစ်ရာကို စဉ်းစားတွေးတောရင်း...





''ကားက လမ်းချော်ပြီး တစ်ခုခုကို ဝင်တိုက်မိလို့ တတ်ဆီတိုင်ကီ ပေါက်ကွဲသွားတာဖြစ်မယ် ဆရာခြိမ့်၊ ဘာဖြစ်လို့လဲဆိုတော့ ကားမှန် အကွဲစတွေနဲ့ ကားပစ္စည်း အပိုင်းအစတချို့တလေကို ကိုက်နှစ်ရာပတ်လည် နေရာတွေအထိ တွေ့ရတယ်လေ။ ပြီးတော့ ကားဒရိုင်ဘာ ရာဟုရဲ့ ယာဉ်မောင်းလိုင်စင် အပိုင်းအစတစ်ခုဆို ဒီနေရာနဲ့ တော်တော်ဝေးတဲ့ နေရာကတွေ့တာ ဆရာခြိမ့်ရဲ့''

မြွေသူတော်မောင်ခြိမ့်က သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်လေသည်။ ပြီးနောက် စကားတစ်စုံတစ်ရာ မဆိုသေးဘဲ ကုတ်အင်္ကျီ အတွင်းအိတ်ကပ်ထဲမှ ဗိုလ်လသာဆေးပြင်းလိပ် အတိုကိုထုတ်ကာ ကမ်းမှုတ်ခါနီး မီးသဘော်လို အငွေ့တထောင်းထောင်းထအောင် ဖွာနေလေသည်။

အတန်ကြာမှ...

''ကိုမြင့်ကြိုင် ကောက်ချချက်သလို ကားက လမ်းချော်ပြီး တစ်ခုခုကို ဝင်တိုက်မိလို့ ဓာတ်ဆီတိုင်ကီ ပေါက်ကွဲတာလည်း ဖြစ်နိုင်သလို၊ ကားထဲမှာ ပေါက်ကွဲစရာ ပစ္စည်းတစ်စုံတစ်ရာ ပါလာလို့ ပေါက်ကွဲတာရော မဖြစ်နိုင်ဘူးလား ကိုမြင့်ကြိုင်''

ရာဇဝတ်အုပ် ဦးမြင့်ကြိုင်က စက္ကန့်အနည်းငယ် တွေဝေသွားပြီးမှ...

''အဲဒါလည်း ဖြစ်နိုင်တာပဲ ဆရာခြိမ့်။ ဒါဆိုရင် ပိုပြီး တိတိကျကျသိရအောင် ရှာလို့တွေ့တဲ့ ကားပစ္စည်းအပိုင်းအစတွေကို ဓာတ်ခွဲခန်း ပို့လိုက်ပါမယ်။ ဒီအမှုကို ဆရာခြိမ့်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျွန်တော်တို့က အတတ်နိုင်ဆုံး ကူညီရမှာပေါ့''

''ကျေးဇူးပါပဲ ကိုမြင့်ကြိုင်''

မြွေသူတော်မောင်ခြိမ့်က ထိုစကားကို ပြောပြီးသည်နှင့် ကား ဒရိုင်ဘာ ရာဟု၏အလောင်းကို သွားရောက်စစ်ဆေး ကြည့်ရှုနေလေသည်။ စိတ်ကျေနပ်အောင် စစ်ဆေးကြည့်ရှုပြီးသည်ဆိုတော့မှ မြွေသူတော်မောင်ခြိမ့်မှာ တစ်စုံတစ်ရာကို သဲကြီးမဲကြီး စဉ်းစားနေဟန်ဖြင့် ကားရှိရာသို့ အိပ်မက်ယောင်သူတစ်ဦးပမာ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

×





ဒေါ်ရီတာ၏ နေအိမ်တွင်ဖြစ်သည်။

နေရှင်နယ်ဘားမား ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးနီမောင်မှာ ဦးဂျိန်းလုဖေ၏ ဝမ်းနည်းဖွယ်ရာ သတင်းဆိုးကြောင့် ဒေါ်ရီတာအား အားပေးနှစ်သိမ့်ရန် ရောက်ရှိနေလေသည်။

''ကိုလုဖေ သေဆုံးရတဲ့ကိစ္စကို ပုလိပ်ဘက်ကတော့ ရိုးရိုးတန်းတန်း မတော်တဆမှုမဟုတ်ဘဲ ကြိုတင်ကြံစည်မှုတစ်ခုလည်း ဖြစ်နိုင်တယ်လို့ ထင်မြင်ယူဆနေကြတယ် မရီတာ''

''ဘယ်လိုပဲ ဖြစ်ဖြစ်ပါရှင်... ကျွန်မယောကျ်ား သေရတာတော့ သေရတာပဲ မဟုတ်လား။ သူတို့ အဲဒီလိုထင်မှ ကျွန်မယောကျ်ားမှာ သေတာတောင် ဂုဏ်သိက္ခာရှိရှိ မသေရဘဲ နောက်ကြောင်းမရှင်းတဲ့ ကိစ္စတစ်ခုခုရှိလို့ အခုလိုဖြစ်ရတာဆိုပြီး တချို့လူတွေက အတင်းအဖျင်းပြောကုန်ကြမှာ''

ဒေါ်ရီတာက ပြောရင်းနှင့် ဝမ်းနည်းလာသဖြင့် ထိုနေရာမှ ဧည့်ခန်းထောင့်ရှိ အလှစိုက်ပန်းအိုးနားသို့ သွားလိုက်လေသည်။

www.burmeseclassic.com



ပြီးနောက် ပန်းပွင့်လေးတစ်ပွင့်ကို လက်ဖြင့် ခပ်ဖွဖွပွတ်သပ်ကာ ဝမ်းနည်းပူဆွေးနေပုံဖြင့် ငြိမ်သက်နေလေသည်။

ထို့ကြောင့် ဦးနီမောင်က ဒေါ်ရီတာ၏အနားသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလိုက်ကာ…

"ပုလိပ်တွေကလည်း မသင်္ကာစရာကောင်းတဲ့ အချက်အလက်တွေကို တွေ့ထားလို့ အခုလို ကောက်ချက်ချတာ နေမှာပေါ့ မ,ရီတာ။ ကျွန်တော်လည်း ကိုလှဖေလို လူတော်လူကောင်း တစ်ယောက်ကို အခုလို ယုတ်ယုတ်မာမာ ကြံစည်မယ့်လူတော့ မရှိလောက်ဘူး ထင်တာပဲ"

ဒေါ်ရီတာက ဦးနီမောင်ကို စောင်းငဲ့ကြည့်လိုက်ရင်း…

"ရှင်ထင်သလို ကျွန်မလည်း ထင်တာပဲလေ။ အဲဒီအကြောင်းတွေကိုတောင် မနက်တုန်းက ရန်ကုန်က ရောက်လာတဲ့ အင်စပက်တာမောင်ခြိမ့်ကို ကျွန်မ ပြောပြလိုက်သေးတယ်။ သူကတော့ တတ်နိုင်သမျှ ကျွန်မတို့ မထိခိုက် မနစ်နာအောင် စုံစမ်းစစ်ဆေးပေးမယ်လို့ ပြောပြီး ဂျော်နီကိုတွေ့ဖို့ ကုမ္ပဏီကို လိုက်သွားလေရဲ့"

ဟု ဝမ်းနည်းနာကျင်နေသည့်အသံဖြင့် ပြောလေသည်။

ဦးနီမောင်ကတော့ ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလျက်။ ဒေါ်ရီတာက ထိုသို့ပြောရင်းနှင့်မှ တစ်စုံတစ်ရာကို သတိရသွားပြီး…

"ဩော်… အခုမှ သတိရလို့ ပြောရဦးမယ် ကိုနီမောင်"

"ဘာများလဲ မရီတာ"





"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး ကိုနီမောင်ရယ်။ ကျွန်မရဲ့ တူတော်မောင် ဂျော်နီရဲ့ကိစ္စပါ။ ကိုလှဖေ မကွယ်လွန်ခင် ညနေက ကျွန်မကို ဖုန်းဆက်ပြီး မှာသွားတယ်။ ဂျော်နီကို ကုမ္ပဏီမှာ အလုပ်ဝင်ခိုင်းမလို့တဲ့လေ။ ဂျော်နီကလည်း အလုပ်လုပ်ဖို့ကို စိတ်အားထက်သန်နေတယ်"

ဦးနီမောင်က ဒေါ်ရီတာအား ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းတဲ့ အကြံအစည်ပါပဲ မရီတာ။ ဂျော်နီက လူငယ်ပီပီ အပျော်အပါးမက်ချင်တာကလွဲရင် ပညာရေးမှာ ထူးချွန်တဲ့ လူတစ်ယောက်ပါ။ တိုင်းတစ်ပါးရပ်ခြားမှာတောင် ပညာသင်လာတဲ့ လူဆိုတော့ ကုမ္ပဏီအတွက် သင့်တော်တာပေါ့"

ဒေါ်ရီတာက သက်ပြင်းရှည်ကြီးကို ဟင်းခနဲ ချလိုက်သည်။ ပြီးမှ…

"ကျွန်မလည်း တစ်ချိန်ချိန်ကျရင် ကုမ္ပဏီကို စီမံခန့်ခွဲနိုင်အောင်လို့ ဂျော်နီကို အလုပ်ဝင်စေချင်နေတာပါရှင်။ ဒါပေမဲ့ ကိုလှဖေနဲ့ ဂျော်နီက ဆက်ဆံရေး အဆင်သိပ်မပြေကြလို့သာ ကျွန်မက ဘာမှမပြောဘဲ ကြည့်နေတာပါ။ အခုလိုဆိုတော့ ကျွန်မလည်း ဂျော်နီ့အတွက် စိတ်အေးရတာပေါ့"

"စိတ်ချပါ မရီတာရယ်၊ ကျွန်တော်လည်းရှိတာပဲ။ ဂျော်နီ အလုပ်ထဲမှာ အမှားအယွင်းရှိရင်တောင်မှ ကျွန်တော် ကူညီမှာပေါ့။ ပြီးတော့ မရီတာလည်း ကိုလှဖေအတွက် ဝမ်းနည်းပူဆွေးနေရတဲ့ အချိန်ကာလဆိုတော့ ကုမ္ပဏီကိစ္စအဝဝကို

www.burmeseclassic.com



ကျွန်တော်ပဲ တာဝန်ယူ စီမံခန့်ခွဲထားလိုက်ပါမယ်။ မရီတာ စိတ်အေးလက်သာသာ အနားယူပါ''

ထိုစကားကို ကြားလိုက်ရသောကြောင့် ဒေါ်ရီတာ၏ ရင်ထဲမှ အပူငွေ့များမှာ အနည်းငယ်လျော့ပါးသွားသည်ဟု ခံစားလိုက်ရသည်။ သည်လိုအချိန်တွင် ကုမ္ပဏီကိစ္စဝိစ္စတွေကို ဝင်ရောက်စီမံခန့်ခွဲပေးရန် မဆိုထားနှင့် ကိုယ့်ကိုယ်ကိုယ်ပင် စိတ်ထောင်းကိုယ်ကြေမဖြစ်အောင် ကြိုးစားပြီး နေနေရလေသည်။

ထို့အတွက်ကြောင့် ဒေါ်ရီတာက ဦးနီမောင်ကို ကျေးဇူးတင်စွာဖြင့် ကြည့်ရင်း...

''အခုလို မိတ်ဆွေရင်းချာပီပီ အလိုက်တသိနဲ့ ကူညီပေးတာ ကျေးဇူးတင်ပါတယ် ကိုနီမောင်။ အေးအေးဆေးဆေးဖြစ်သွားတဲ့ အချိန်ကျမှပဲ ကိုနီမောင်နဲ့ ကျွန်မ ကုမ္ပဏီကိစ္စကို ကြည့်စီစဉ်တာပေါ့''

''ကောင်းပါပြီ မရီတာ၊ လောလောဆယ်တော့ ကျွန်တော်ပဲ ကုမ္ပဏီကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းထားလိုက်ပါ့မယ်''

ဒေါ်ရီတာနှင့် ဦးနီမောင်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ နွေးထွေးစွာ ပြုံးလိုက်ကြလေသည်။

❑



BURMESE CLASSIC



အခန်း(၅)

ဓာတ်ပုံများ ဆေးကူးရန်ရှိသဖြင့် ဂျော်နီက ဖလင်ကော်ဘူးလေးကို လေထဲသို့ မြှောက်လိုက်၊ လက်ဖြင့်ဖမ်းလိုက် လုပ်ကာ သူ၏ ရုံးခန်းအတွင်းသို့ ဝင်လာခဲ့လေသည်။

ဂျော်နီ၏ ရုံးခန်းမှာ နေရှင်နယ်ဘားမား ကုမ္ပဏီ၏ ဓာတ်ခွဲခန်းများရှိရာ အဆောက်အအုံထဲ၌ရှိပြီး ဓာတ်ခွဲခန်းတစ်ခုပါ ပါရှိလေသည်။ ထို့အပြင် ဂျော်နီက ဓာတ်ပုံရိုက်ကူးခြင်းကို ဝါသနာပါသည့်အလျောက် သူ၏ ရုံးခန်းထဲတွင် ဓာတ်ပုံဆေးကူးသည့် အမှောင်ခန်းတစ်ခုပါ ဖွဲ့လျက် တည်ဆောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီက ရုံးခန်းထဲသို့ရောက်သည်နှင့် လည်ပင်းတွင်ဆွဲလာသော ဓာတ်ပုံကင်မရာကို စားပွဲပေါ်သို့ ချွတ်ပြီး တင်လိုက်သည်။ ထိုအချိန်မှာပင်...

"ချောက်... ဂလောက်!"

ဂျော်နီက ချက်ချင်းပင် အသံလာရာဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။ အသံထွက်လာသည်က ဓာတ်ပုံဖလင်လိပ်များ ဆေးကူးရာ အမှောင်ခန်းထဲမှ ဖြစ်သည်။ အခန်းတံခါးမှာလည်း အနည်းငယ် ပွင့်ဟလျက်။

ဂျော်နီက သူခိုးသူဝှက်များလားဆိုသည့် အတွေးဖြင့် ခြေသံကိုလုံအောင် နင်းကာ ထိုအခန်းနားသို့ တိုးကပ်သွားလိုက်သည်။ နောက်... ခပ်ဟဟပွင့်နေသော အခန်းတံခါးကြားမှ အတွင်းသို့ အသာချောင်းကြည့်လိုက်လေရာ သူ့ဘယ်လိုမှ မထင်မှတ်ထားသော လူတစ်ယောက်ကို ကုန်းကုန်းကွကွနှင့် တွေ့လိုက်ရလေသည်။

"ဟင်!... ဟို စုတ်စုတ်ပြတ်ပြတ်နဲ့ စုံထောက်ပါလား..."

အမှောင်ခန်းထဲရှိ မြွေသူတော်မောင်ခြိမ့်မှာတော့ တံခါးပေါက်ဝတွင် ဂျော်နီရောက်နေသည်ကို မသိ။ မြင်သမျှ တွေ့သမျှ ပစ္စည်းအားလုံးကို ကိုင်တွယ်ကြည့်ရှုနေလေသည်။

ထိုသို့ လျှောက်မွှေရင်း စားပွဲထောင့်စွန်း တစ်နေရာတွင် တွေ့သော မှတ်ဆေးဘူးလေးကို မြွေသူတော်မောင်ခြိမ့်က ကိုင်တွယ်ကြည့်ရှုနေရာမှ ခလုတ်အဖြူလေးအား စပ်စပ်စုစုနှင့် နှိပ်ကြည့်လိုက်လေသည်။

"ရှူး..."





"အလို!... ဘာတွေလဲ... လုပ်ပါဦး"

ခလုတ်မှ အပေါက်သေးသေးလေးကို မြွေသူတော်မောင်ခြိမ့်က သူ့ဘက်သို့ လှည့်ထားမိလေရာ မှတ်ဆေးဘူးလေးထဲမှ စိုဖတ်ဖတ်အရည်များနှင့်အတူ စေးကပ်ကပ် အမှုန်အမွှားများမှာ မျက်နှာနှင့် ဆံပင်များပေါ်သို့ ကပ်ငြိပေကျံသွားတော့၏။

"ဟား... ဟား... ဟား..."

ထိုမြင်ကွင်းကိုကြည့်ပြီး ဂျော်နီမှာ အတောမသတ်နိုင်အောင် ကျယ်လောင်စွာ ရယ်မောလေတော့သည်။

ထိုအခါကျမှ မြွေသူတော်မောင်ခြိမ့်မှာ ဂျော်နီရောက်နေမှန်းသိသွားပြီး ရှက်ကိုးရှက်ကန်း အမူအရာနှင့် မျက်နှာနှင့် ဆံပင်များပေါ်မှ အမှုန်အမွှား အဖတ်လေးများကို အသည်းအသန် ဖယ်ရှားနေလေသည်။

ဂျော်နီကတော့ ချုံနွယ်ပိတ်ပေါင်းများကြားမှ ထွက်လာသည့်လူလို တစ်ခေါင်းလုံး အမှုန်အမွှားများနှင့် ရှုပ်ပွပေကျံနေသော မြွေသူတော်မောင်ခြိမ့်ကိုကြည့်ကာ သဘောအကျကြီး ကျနေလေတော့သည်။

မြွေသူတော်မောင်ခြိမ့်က ဆံပင်များကြားမှ အမှုန်အမွှားစလေးများကို ဖယ်ရှားရင်း အရှက်ပြေပြောလိုက်သည်။

"ကျုပ်က ခင်ဗျားကိုစောင့်ရင်း ပျင်းတာနဲ့ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့် လုပ်နေတာဗျို့။ အခုတော့ မနေနိုင် မထိုင်နိုင် လက်ဆော့မိတာနဲ့ လူရယ်စရာ ဖြစ်ကုန်ပါပြီ... ဟဲ... ဟဲ"

www.burmeseclassic.com



"ဟား... ဟား... ဟား... ဖြစ်မှာပေါ့ဗျ။ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေကို စရေ နောက်ရအောင် ကျုပ် ဘိလပ်ကနေ ဝယ်လာတဲ့ မှုတ်ဆေးဘူးလေးကိုမှ ခင်ဗျားက လက်ဆော့မိတာကိုး။ ဘာလဲ... ခင်ဗျားက ကျုပ်ရဲ့ အမှောင်ခန်းထဲမှာများ လျှို့ဝှက်လက်နက်တွေ ဘာတွေ ရှိမယ်ထင်လို့ လာရှာတာလား... ကိုမောင်ခြိမ့်"

အရွှန်းဖောက်ရင်း မေးလိုက်သော ဂျော်နီ၏စကားကြောင့် မြွေသူတော်မောင်ခြိမ့်က ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"လျှို့ဝှက်လက်နက် ဟုတ်လား...၊ မဟုတ်ရပေါင်ဗျာ... ကျုပ်က ခင်ဗျားရဲ့ ပစ္စည်းပစ္စယတွေကို မမြင်ဖူး မတွေ့ဖူးလို့ ကိုင်ကြည့်ရုံသက်သက်ပါ"

ဂျော်နီက ဘာမှမဖြစ်သည့်ပုံဖြင့် လက်ကာပြပြီး...

"ထားပါတော့...၊ ဒါနဲ့ ကိုမောင်ခြိမ့်... ကျုပ်အဒေါ်က ပြောတော့... ကျုပ်ဦးလေး သေဆုံးရတာ ရိုးရိုးမတော်တဆမှု မဟုတ်ဘဲနဲ့ လူသတ်မှုလို့ ခင်ဗျားက ထင်နေတယ်ဆို... အဲဒါ ဟုတ်လား"

မြွေသူတော်မောင်ခြိမ့်က ဂျော်နီ့နောက်မှကပ်ပါလျက် အမှောင်ခန်း အပြင်သို့ ထွက်လာကာ ပြန်ဖြေလိုက်သည်။

"လူသတ်မှုလို့တော့ ကျုပ် ကံသေကံမ ပြောတာမဟုတ်ပါဘူး။ ဖြစ်နိုင်ခြေရှိတာကိုပဲ ကောင်ချက်ချကြည့်မိတာပါ။ ဩော်... စကားမစပ်... ခင်ဗျားရဲ့ ဓာတ်ပုံကူးတဲ့ အမှောင်ခန်းက တည်ဆောက်ထားတာ တော်တော်ကောင်းတယ်နော်"





"ဟ... ဟ... ကောင်းမှာပေါ့ဗျ။ ဒီအခန်းက ဓာတ်ပုံဖလင် ကူးတဲ့အခန်းထက် ဓာတ်ခွဲခန်းအဖြစ် အသုံးပြုတာများတာကိုး၊ ကျုပ် သုတေသနပြု စမ်းသပ်စရာကိစ္စရှိတိုင်း ဒီအခန်းကိုပဲ အသုံးပြုတာဗျ။ တော်သေးတယ်... ခင်ဗျား အခန်းထဲ ဝင်ပြီး ဟိုကိုင်ဒီကိုင် လုပ်ကြည့်နေတုန်း ဆိုင်ယာနိုက် အက်ဆစ်ပုလင်းတို့၊ နိုက်ထရိုဂလစ်ဆရင်း ပုလင်းတို့ကို သွား မထိမိ မကိုင်မိတာ ကံကောင်းတယ်၊ နို့မို့ဆို မတွေးဝံ့စရာပဲ"

အလုပ်စားပွဲနောက်ရှိ ဆိုဖာထိုင်ခုံပေါ်တွင် ဝင်ထိုင်ရင်း ပြောလိုက်သော ဂျော်နီ၏စကားကို ကြားသောအခါ မြွေသူတော်မောင်ခြိမ့်မှာ မျက်မှောင်ကြုတ်လိုက်မိလေသည်။

"ဘယ်လို အဲဒီလောက် အန္တရာယ်ကြီးတဲ့ ဓာတုဆေးရည်တွေက ခင်ဗျားရဲ့ ဓာတ်ခွဲခန်းထဲမှာရှိတယ် ဟုတ်လား...။ ကြားရတာ ကျောချမ်းစရာပဲဗျာ"

ကြောက်ရွံ့တုန်လှုပ်သွားသည့် အမူအရာနှင့် ပြောလိုက်သော မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ ဂျော်နီက နှုတ်ခမ်းတွန့်သည်ဆိုရုံ ပြုံးလိုက်ပြီး...

"ကျုပ်က ကာလကတ္တားနဲ့ ဘိလပ်မှာ ဓာတုဗေဒနဲ့ သတ္တု ဓာတ်ခွဲတဲ့ အင်ဂျင်နီယာတွဲယူလာတဲ့လူဆိုတော့ ကျုပ်ရဲ့ ဓာတ်ခွဲခန်းမှာ ဒီလို ဓာတုဆေးရည်တွေရှိတာ မဆန်းပါဘူးဗျာ"

"အလို... ခင်ဗျားက ဒီပညာရပ်တွေမှာ အင်ဂျင်နီယာဘွဲ့ ရတဲ့အထိ ကျွမ်းကျင်တဲ့လူ ဟုတ်စ... ဒါဆိုရင်တော့ ဘာအ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာပဲဗျို့''

အံ့သြတကြီးလေသံဖြင့် ပြောလိုက်သော မြွေသူတော်မောင်ခြိမ့်ကို ဇော်နီက နားမလည်နိုင်စွာဖြင့် ကြည့်ပြီး မေးလေသည်။

''ဘာ ဟန်ကျတာလဲ ကိုမောင်ခြိမ့်''

မြွေသူတော်မောင်ခြိမ့်က ဆေးပြင်းလိပ်ကို အရင် မီးညှိလိုက်သည်။ ပြီးမှ...

''ဒီလိုဗျ... ကိုဇော်နီရေ၊ ကျုပ်က နေရှင်နယ်ကျောင်းထွက် ဆိုတော့ ခင်ဗျားတို့လို ဘိုကျောင်းထွက်ပြီး ဘိလပ်မှာ ပညာသင်ယူလာတဲ့လူတွေလောက်တော့ သိပ္ပံပညာရပ်ဘက်မှာ မကျွမ်းကျင် မနှံ့စပ်ဘူးဗျ။ အခု ခင်ဗျားဦးလေးရဲ့ ကားပစ္စည်း အပိုင်းအစတွေကို အင်းစိန် စီအိုင်ဒီ ဓာတ်ခွဲခန်းကို ပို့ပြီး စစ်ဆေးကြည့်လိုက်တော့ ခင်ဗျား ခုနကပြောတဲ့ ဓာတုဒြပ်စင် တချို့ကို တွေ့တယ်လေ''

မြွေသူတော်မောင်ခြိမ့်က ပြောလက်စ စကားကို ရပ်ကာ ဆေးပြင်းလိပ်ပြာ ခြွေရန် ပြာခွက်ကို ရှာနေလေသည်။ အမှန်တကယ်တော့ မြွေသူတော်မောင်ခြိမ့်မှာ ဇော်နီ၏ အရိပ်အခြေအနေကို အကဲခတ်ကြည့်ချင်၍ တမင်တကာ လုပ်လိုက်ခြင်းသာဖြစ်၏။

အပြစ်ကျူးလွန်ထားသူ ဇော်နီမှာ မြွေသူတော်မောင်ခြိမ့်၏ ထောင်ချောက်ကျော့ကွင်းထဲသို့ တိုးဝင်မိသွားလေသည်၊ အဘယ်ကြောင့်ဆိုသော် ဇော်နီမှာ သူ အသုံးပြုခဲ့သော ဓာတုဒြပ်စင်များကို သဲလွန်စ တွေ့သည်ဆိုသည်နှင့် ရုတ်ချည်း စိတ်လှုပ်ရှားသွားသည်။ မျက်နှာ အမူအရာမှာလည်း စောစောကလို တည်ငြိမ်မှု မရှိတော့ပေ။





ထို့အပြင် ဆက်ပြောလာမည့် စကားကို ကြားချင်လှ၍ မြွေသူတော်မောင်ခြိမ့်ထံသို့ ဆေးလိပ်ပြာခွက်အား အလောတကြီး လှမ်း ပေးလိုက်မိလေတော့သည်။

သည်လိုနေရာတွင် ရုပ်ရှင်မင်းသားတစ်ဦးကဲ့သို့ သရုပ်ဆောင်ကောင်းလှသော မြွေသူတော်မောင်ခြိမ့်ကတော့ ဘာမှ မသိသလိုပုံနှင့်ပင် ဆေးလိပ်ပြာခွက်အား လှမ်းယူကာ ဆေးပြင်းလိပ်ပြာ ခြွေလိုက်သည်၊ ပြီးမှ စကားကို ဆက်လေ၏။

''အဲဒီတော့ ဦးဂျိန်းလုဖေရဲ့ကားက လမ်းချော်ပြီး တောင်အောက် ပြုတ်ကျတာတို့၊ တစ်ခုခုကို ဝင်တိုက်မိလို့ ဓာတ်ဆီတိုင်ကီ ပေါက်ကွဲပြီး ကားမီးလောင် ပျက်စီးသွားတာတို့ မဖြစ်နိုင်ဘဲ ကားထဲမှာ တစ်စုံတစ်ယောက်က ကြိုတင်ကြံစည်ပြီး အချိန်ကိုက်ပေါက်ကွဲစေမယ့် ဓာတုဆေးရည်ပုံးမျိုး ထည့်ထားလို့ ပေါက်ကွဲသွားတာလို့ပဲ ကျုပ်တော့ ယူဆတယ်။ အဲဒီတော့ဗျာ... ဒီလိုပုံးမျိုး လုပ်ဖို့ဆိုတာ ဓာတုဗေဒပညာရပ်ကို ကျွမ်းကျင်တဲ့လူပဲ ဖြစ်မှာပေါ့...။ အခုတော့ ရေကန်အသင့်ကြာအသင့် ဆိုသလိုပဲ ခင်ဗျားကလည်း ဒီပညာရပ်တွေကို တိုင်းတစ်ပါးမှာတောင် သွားပြီး ပညာသင်လာခဲ့တဲ့ လူဆိုတော့ တရားခံကို ဖမ်းဖို့ ခင်ဗျားကို အကူအညီတောင်းလို့ ရသွားတာပေါ့... ဟုတ်စ... ကိုဇော်နီ''

ထိုစကားကို ကြားသောအခါ ဇော်နီမှာ အတင်းဖျစ်ညှစ်ဟန်ဆောင်ပြုံးထားရသော အပြုံးမျိုးဖြင့်...

''ဟုတ်တာပေါ့... ကိုမောင်ခြိမ့်ရယ်။ ကျုပ်ကလည်း ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



တတ်စွမ်းထားတဲ့ပညာနဲ့ ကျုပ်ဦးလေးကို ဒီလိုမျိုးလုပ်ကြံတဲ့ တရားခံကို ဖော်ထုတ်ချင်နေတာဗျ။ နို့... တရားခံမိလို့ ခင်ဗျား ရဲ့ အထက်လူကြီးက ဆုချရင်တော့ ကျုပ်ကို မေ့မထားနဲ့ နော်... ဟ... ဟ''

''ဒါတော့ စိတ်ချပါ ကိုဂျော်နီရာ။ ကျုပ်က တရားခံဖမ်းတာနဲ့ ခင်ဗျားကို အရင်ဆုံးအကြောင်းကြားမှာပါ။ အခုလောလော ဆယ်တော့ ဒီလိုမျိုး ပုံးလုပ်နိုင်တဲ့အထိ ဓာတုဗေဒပညာရပ် ဘက်မှာ အကျွမ်းတဝင်ရှိတဲ့လူ ဒီကုမ္ပဏီမှာ ဘယ်သူများ ရှိလဲလို့ ကျုပ်ကို မှန်းဆပေးပါဦး''

မြွေသူတော်မောင်ငြိမ်းက အေးဆေးတည်ငြိမ်သည့် အမူအရာ နှင့် ပြောရင်း ဂျော်နီ၏ စားပွဲရှေ့ရှိ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက် သည်။ အမြဲတစေ ငိုက်မြည်းရီဝေနေသည့်ပုံ ပေါက်နေသည့် မျက်လုံး အစုံမှာလည်း အခုအခါကျမှ သားကောင်ရှာနေသည့် စွန်ရဲတစ်ကောင် လို စူးရှတောက်ပြောင်နေလေတော့သည်။

ဂျော်နီက မြွေသူတော်မောင်ငြိမ်း မမြင်အောင် သက်ပြင်းကို မသိမသာချလိုက်သည်။ ပြီးမှ စိတ်လှုပ်ရှားမှု အလျဉ်းမရှိသည့် မျက်နှာ အမူအရာလုပ်ကာ ပြောလေသည်။

''အင်း... အတိအကျတော့ ပြောလို့မရဘူးဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကုမ္ပဏီမှာရှိတဲ့ ဓာတ်ခွဲခန်းတွေမှာလုပ်နေတဲ့ လူတွေအားလုံးက ဓာတုအတတ်ပညာနဲ့ ပတ်သက်လာရင် ကျွမ်းကျင်တဲ့လူတွေချည်းပဲ။ ကျုပ်အထင်တော့ ကျုပ်ဦးလေး ကုမ္ပဏီရောင်းမယ့်ကိစ္စကို မလိုလားတဲ့ ဓာတ်ခွဲခန်းမှူး





တစ်ယောက်ယောက်က အခုလို ကြံစည်လိုက်တာမျိုး ဖြစ်နိုင် တယ်လို့ ထင်တာပဲ။ အင်းလေ... သူတို့ဘက်က ကြည့်တော့ လည်း ကိုယ် နှစ်ပေါင်းများစွာ သုတေသနပြု လုပ်ကိုင်လာ တဲ့ စီမံကိန်းတွေကို ဘယ်အပျက်အစီး ခံချင်ပါ့မလဲ။ ဒီကုမ္ပဏီ ကို ရောင်းလိုက်ရင် သူတို့ရဲ့ သုတေသနပြုချက်တွေက အလကား ဖြစ်ကုန်မှာပေါ့''

''ဒီကုမ္ပဏီမှာ အဲဒီလို ဓာတ်ခွဲမှူးပေါင်း ဘယ်လောက်လောက် ရှိသလဲဗျ''

ဂျော်နီက ပခုံးစွန်းနှစ်ဖက်ကို တွန့်ပြကာ ချက်ချင်းပြန်ဖြေ လိုက်သည်။

''လက်ထောက်သုတေသန အရာရှိတွေပါ ထည့်ပေါင်းရင် အယောက် သုံးဆယ်လောက်ရှိတယ်ဗျ''

''ဟူး... တော်တော်များတာပဲ''

မြွေသူတော်မောင်ငြိမ်းက စိတ်ဓာတ်ကျသွားသည့်ပုံဖြင့် လေမှု တချို့ကို မှုတ်ထုတ်ကာ ညည်းတွားရေရွတ်လိုက်လေသည်။ မျက်နှာ အမူအရာမှာလည်း ချက်ချင်း အသက်နှစ်ဆခန့် ကြီးရင့်သွားသလိုမျိုး အိုစာသွားလေတော့၏။

ထိုအမူအရာကိုကြည့်ပြီး ဂျော်နီက 'ကဲ... အခုတော့ ဘာတတ် နိုင်သေးလဲ'ဟု စိတ်ထဲမှ ပြောလိုက်သည်။ ပြီးမှ မြွေသူတော်မောင်ငြိမ်း ကို မသိသလိုလိုနှင့် မေးလိုက်၏။

''နို့... မေးစမ်းပါရစေဦး... တစ်ယောက်ယောက်က အဲဒီ ဓာတုဆေးရည်တွေနဲ့ လုပ်ထားတဲ့ ပုံးကို ကားထဲ ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါပြီတဲ့...။ ဘယ်လိုလုပ် အလိုအလျောက် ပေါက်ကွဲအောင် လုပ်မလဲ၊ ကျုပ်သိသလောက်တော့ အဲဒီလို ဓာတုဆေးရည်ဆိုတာ တခြားတစ်ခုခုနဲ့ ဓာတ်ပြုမှ ပေါက်ကွဲတတ်တာမျိုးဗျ။ ဒီအတိုင်း သူ့အလိုလိုတော့ ထမပေါက်ကွဲဘူး''

မြွေသူတော်မောင်ဖြိမ့်မှာ ခေါင်းငုံ့ စဉ်းစားနေရာမှ ဂျော်နီအား ဆတ်ခနဲ ခေါင်းမော့ ကြည့်လိုက်သည်။

''သိပ်မှန်တာပေါ့ ကိုဂျော်နီ၊ အဲဒီလို ပုံးမျိုးက သူ့အလိုလိုတော့ ဘယ်ပေါက်ကွဲပါ့မလဲ... အချိန်ကိုက်ပေါက်ကွဲအောင် လုပ်ထားလို့သာ အခုလို ပေါက်ကွဲရတာပေါ့။ ဥပမာ ဗျာ... ကားထဲက မဖြစ်မနေ ကိုင်ရမယ့်ပစ္စည်းတစ်ခုခုမှာ စနက်တံကြိုးကို ချိတ်ဆက်ထားသလိုမျိုးပေါ့''

မြွေသူတော်မောင်ဖြိမ့်၏ စကားကြောင့် ဂျော်နီမှာ ကျောချမ်းသွားလေသည်။ သူလုပ်ရပ် တစ်စွန်းတစ်စကို မြွေသူတော်မောင်ဖြိမ့်က အကြားအမြင်ရနေသလိုမျိုး ပြောပြနေလေပြီ...။

ဂျော်နီက သူ၏ စိတ်လှုပ်ရှားနေမှုကို လက်ချောင်းများဖြင့် စားပွဲခုံကို တဒေါက်ဒေါက်ခေါက်ရင်း ဖြေဖျောက်ကာ မြွေသူတော်မောင်ဖြိမ့်အား မေးလိုက်သည်။

''မဖြစ်မနေကိုင်ရမယ့် ပစ္စည်းဆိုတာ ဘာများလဲ ကိုမောင်ဖြိမ့်ရ၊ ကျုပ်တော့ ဉာဏ်မမီတော့ဘူး''

မြွေသူတော်မောင်ဖြိမ့်က သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချကာ မဖြေချင်ဖြေချင်ပုံဖြင့်...

''ဘာပစ္စည်းလဲဆိုတာ တပ်အပ်ပြောဖို့တော့ ကျုပ်မှာ အစွမ်း





အစမရှိပါဘူးဗျာ...။ ဒါပေမဲ့ ကျုပ် မှန်းဆထားတဲ့ ပစ္စည်း သုံးလေးမျိုးတော့ ရှိပါတယ်၊ အဲဒီအထဲကမှ တစ်ခုကို ပြောပါဆိုရင်တော့ ဆေးပြင်းလိပ်သေတ္တာပဲဗျ''

''ဘယ်လို!... ဆေးပြင်းလိပ်သေတ္တာ ဟုတ်လား... မဖြစ်နိုင်တာဗျာ''

ဆေးပြင်းလိပ်သေတ္တာဆိုသည်နှင့် ဂျော်နီမှာ ရုတ်ချည်း မျက်စိမျက်နှာပျက်သွားလေတော့သည်။ ပြောလိုက်သော စကားသံကပင် ပုံမှန်ထက်ပိုပြီး တင်းမာခက်ထန်နေလေ၏။

ဒါကို မြွေသူတော်မောင်ဖြိမ့်က ကောင်းကောင်း သတိပြုမိသည်။ အမှန်တကယ်တော့ မြွေသူတော်မောင်ဖြိမ့်မှာ ဦးကျိန်းလှဖေ၏ အသံသွင်းတိပ်ခွေကို နားထောင်နေစဉ် တစ်ဖက်မှ ဆေးပြင်းလိပ်သေတ္တာအား ဖွင့်သံကြားလိုက်ရသည်နှင့် နာရီတကြည့်ကြည့်လုပ်ကာ ဂနာမငြိမ်ဖြစ်နေခဲ့သော ဂျော်နီကို သူ လုံးဝမသင်္ကာခဲ့ပေ။

ထို့အတွက်ကြောင့် ယခုလို အခါအခွင့်သင့်တုန်း စိတ်စမ်းသည့်အနေဖြင့် ဆေးပြင်းလိပ်သေတ္တာအား သံသယရှိသည်ဟု တမင်တကာ ပြောလိုက်ခြင်းဖြစ်သည်။

အကျိုးရလဒ်ကား ရုတ်ချည်း အမူအရာပြောင်းသွားသော ဂျော်နီကို တွေ့လိုက်ရပြီး အမှုအတွက် အရေးအကြီးဆုံး သဲလွန်စတစ်ခုကိုပါ ရလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



''ဆေးပြင်းလိပ်သေတ္တာ... ဟုတ်လား''

ဦးဂိုန်းလှဖေ၏ အတွင်းရေးမှူးမလေး ဆုဇီက အံ့သြတကြီးနှင့် ရေရွတ်ရင်း မြွေသူတော်မောင်ခြိမ့်ကိုတစ်လှည့် ဇော်နီကို တစ်လှည့် ကြည့်လိုက်လေသည်။

ဇော်နီကတော့ စိတ်မဝင်စားသည့်ဟန်ဖြင့် ဓာတ်ပုံကင်မရာမှ ဖလင်ရစ်သည့် ခလုတ်လေးကို တဂျစ်ဂျစ်နှင့် လှည့်နေလေသည်။

မြွေသူတော်မောင်ခြိမ့်က ပါးစပ်ထဲမှ ဆေးပြင်းလိပ်ကို ချွတ်လိုက်ပြီး...

''ဟုတ်တယ်လေ... မဆုဇီ ဦးဂိုန်းလှဖေရဲ့ အဝတ်အစားတွေကို လာပို့ပေးတဲ့ လက်နှိပ်စက်စာရေးလေး မောင်မိုးက သူလာပို့ပေးတဲ့အထဲမှာ ဆေးပြင်းလိပ်သေတ္တာမပါဘူးလို့ ပြောတယ်''

''အင်း... ဟုတ်တယ်လေ... ဆရာ ခရီးထွက်တိုင်း ဆေးပြင်းလိပ်သေတ္တာ အသစ်တစ်ဘူးကို ကျွန်မက ဆရာ မှာမှာ





မမှာမှာ ထည့်ပေးနေကျပဲ၊ မတော်တဆ ဆရာ့ရဲ့ ဆေးပြင်းလိပ် အိတ်ထဲက ဆေးပြင်းလိပ်ကုန်တာနဲ့ ကြုံရင် သောက်ရအောင်လို့ပါ။ ဒီလို သေချာအောင်လုပ်ရတာကလည်း ကျွန်မတို့ ဆရာက ဆေးပြင်းလိပ်နဲ့ ပတ်သက်လာရင် အစွဲအလမ်းကြီးတတ်လွန်းလို့ပါရှင်''

ဆုဇီ ရှင်းပြပြောဆိုနေသည်ကို နားထောင်ရင်း မြွေသူတော်မောင်ခြိမ့်မှာ တစ်စုံတစ်ရာကို သတိပြုမိသွားလေသည်။ ထို့ကြောင့် သေချာအောင် မေးလိုက်၏။

''ဆေးပြင်းလိပ်အိတ်ဆိုတာ ဘာကိုဆိုလိုတာလဲဗျ''

ဆုဇီက ဒုံးဝေးလွန်းသော ကျောင်းသားတစ်ယောက်ကို စာရှင်းပြနေရသော ဆရာမ တစ်ယောက်လို စိတ်မရှည်ချင်တော့သည့် အိုက်တင်ဖြင့် မြွေသူတော်မောင်ခြိမ့်ကို ကြည့်ရင်း...

''ဩော်... ရှင်ကလည်း... သွားလေရာ ဆေးပြင်းလိပ်သေတ္တာကြီး တကိုင်ကိုင်နဲ့ဆို ဘယ်ဖြစ်ပါ့မလဲ။ အဲဒါကြောင့် ဆေးပြင်းလိပ် တချို့တလေကို ကုတ်အကျီထဲ ထည့်လို့ရတဲ့ သီးသန့် သားရေအိတ်လေးထဲကို ခွဲထည့်ထားရတာပေါ့။ အဲဒါမှ သောက်ချင်တဲ့အခါ ဆေးပြင်းလိပ်ကို လွယ်လင့်တကူ ထုတ်သောက်လို့ရမှာလေ။ ကျွန်မ ပြောတဲ့ ဆေးပြင်းလိပ်အိတ်ဆိုတာ အဲဒါကို ပြောတာပေါ့ရှင့်''

ထိုစကားကို ကြားသောအခါ မြွေသူတော်မောင်ခြိမ့်မှာ တစ်စုံတစ်ရာကို အပြင်းအထန် စဉ်းစားနေလေတော့သည်။ အတော်ကြာမှ စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို တဗျင်းဗျင်းကုတ်ဖွရင်း ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဦးဂျိန်းလုဖေက ဘာဖြစ်လို့ ဆေးပြင်းလိပ်ထည့်တဲ့ အိတ်ထဲက ဆေးပြင်းလိပ်ကို ထုတ်မသောက်ဘဲ ဆေးပြင်းလိပ် သေတ္တာအသစ်ကို ဖောက်ပြီး သောက်ရတာလဲ၊ ကျုပ် ဦးဂျိန်းလုဖေရဲ့ အသံသွင်းတိပ်ခွေကို နားထောင်တုန်းက ကားဒရိုင်ဘာ ရာဟုက ကားအက်ရှ်ဘုတ်ထဲမှာ ဆေးပြင်းလိပ် အပြည့်တွေ မတွေ့လို့ ဦးဂျိန်းလုဖေကို ဆေးပြင်းလိပ်သေတ္တာ အသစ်သာ ဖောက်လိုက်လို့ ပြောသံကို ကြားလိုက်ရတယ်"

ဆူဇီက မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ သွားတက်လေး များပေါ်အောင် ပြုံးလိုက်ပြီး...

"ရှင်းနေတာပဲ ရှင်... ဆေးပြင်းလိပ်အိတ်က ရုံးမှာကျန်နေရစ်ခဲ့လို့ပေါ့"

ဟုဆိုကာ သူမ၏ အလုပ်စားပွဲ အံဆွဲထဲမှ လေးထောင့်အရှယ် ရှည်မျောမျော သားရေအိတ်အရှည်လေးကို ထုတ်ကာ မြွေသူတော် မောင်ခြိမ့်အား ပြလိုက်ရင်း ...

နှုတ်မှလည်း ဆက်ပြောလိုက်၏။

"အဲဒီနေ့က ဆရာ့ရဲ့ ဆေးပြင်းလိပ်အိတ်က ကျွန်မရဲ့ စားပွဲအောက်မှာ ကျကျန်ခဲ့တာလေ။ ကျွန်မလည်း နောက်တစ်နေ့ မနက်ကျမှ သန့်ရှင်းရေးအဒေါ်ကြီး ပြောပြလို့ သိရတာရှင့်"

ထိုစကားကြောင့် မြွေသူတော်မောင်ခြိမ့်မှာ စိတ်ပျက်သွားသည့် အမူအရာဖြင့် ခေါင်းကို လေးလေးပင်ပင်ခါယမ်းရင်း ညည်းတွားရေရွတ် လိုက်လေသည်။





"ဟူး... တော်တော် အံ့သြစရာကောင်းတာပဲ၊ ဆေးပြင်းလိပ် ထည့်တဲ့ အိတ်ကလည်း ဒီမှာကျကျန်ခဲ့၊ ကားအက်ရှ်ဘုတ်ထဲက ဆေးပြင်းလိပ်အပြည့်တွေကလည်း မရှိနဲ့ဆိုတော့ ဦးဂျိန်းလုဖေက မလွှဲမသွေ ဆေးပြင်းလိပ်သေတ္တာအသစ်ကို ဖွင့်သောက် ရပြီပေါ့။ တစ်ယောက်ယောက်ကများ ဒီလိုမျိုး မဖြစ်ဖြစ်အောင် ကြံစည်ပြီး တမင် လုပ်ခဲ့သလား မသိပါဘူးဗျာ"

မြွေသူတော်မောင်ခြိမ့်၏စကားက အိပ်ချင်ယောင်ဆောင်နေသော ဂျော်နီကို လှုပ်နှိုးလိုက်သလို ဖြစ်သွားလေသည်။ ဂျော်နီမှာ ခေတ်ပုံကင်မရာကို ကြည့်ရှုနေသလိုလိုနှင့် မသိမသာ နားစွင့်နေရာမှ မြွေသူတော်မောင်ခြိမ့်ကို ချာခနဲ လှည့်ကြည့်လိုက်ပြီး...

"ဟွန်း... ခင်ဗျား ပြောပုံအရဆိုရင် တရားခံက ဒီရုံးထဲအထိ ကျူးကျူးကျော်ကျော်လာပြီး ဘာမှမဟုတ်တဲ့ ဆေးပြင်းလိပ် အိတ်ကိုပဲ စွန့်စွန့်စားစား လာဝှက်ခဲ့ရတဲ့ပုံပဲ"

ဟု အပြစ်တင်သည့် လေသံဖြင့် ကဲ့ရဲ့ရှုံ့ချလိုက်သည်။ တစ်ဆက်တည်းဆိုသလိုလည်း ဂျော်နီက ရုံးခန်းထောင့်ရှိ ဗီရိုတစ်လုံး နားသို့သွားကာ တံခါးကို ဆွဲဖွင့်ပြရင်း...

"အဲဒီနေ့က ဒီဗီရိုထဲက ဆေးပြင်းလိပ်သေတ္တာ အသစ်တစ်ဘူး ကို ဆူဇီကယူပြီး အန်ကယ်ရဲ့ ခရီးဆောင်အိတ်အပေါ် တင်ပေးလိုက်တာကို ကျုပ်ကိုယ်တိုင် မြင်လိုက်တယ်ဗျ"

"အင်းလေ... ကျွန်မ အဲဒီလိုလုပ်တာ ကိုဂျော်နီလည်း မြင်လိုက် သားနဲ့...။ ဒါကို ဘာဖြစ်လို့ စုံထောက်ကြီးက [illegible] လုပ်ပြီး မေးနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မသိနားမလည်ရှာသော ဆူဖီက အသေးအဖွဲကိစ္စလေးတစ်ခုကို မြွေသူတော်မောင်ခြိမ့်က ရှုံ့ကားမေးမြန်းနေသည်ဟုထင်ကာ စိတ်မရှည်သည့်လေသံဖြင့် ပြောလိုက်သည်။ တကယ်လည်း သူမမှာ မြွေသူတော်မောင်ခြိမ့်က မည်သည့်အတွက်ကြောင့် အခုလို ဆေးပြင်းလိပ်သေတ္တာအကြောင်း လာမေးမြန်းနေသည်ကို မသိ။

ဂျော်နီကပင် ကြားဖြတ်ပြီး ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့ မေးရတာလဲဆိုတော့ ဟောဒီက စုံထောက်ကြီးကိုမောင်ခြိမ့်က အန်ကယ့်ကားပေါ်မှာပါသွားတဲ့ ဆေးပြင်းလိပ်သေတ္တာထဲမှာ အချိန်ကိုက်ဗုံးပါတယ်လို့ ထင်နေတာကိုး"

"ဘယ်လို... အချိန်ကိုက်ဗုံး... ဟုတ်လား။ မဖြစ်နိုင်တာ... ရှင်။ ကျွန်မကိုယ်တိုင် ဆေးပြင်းလိပ်သေတ္တာ အသစ်စက်စက်ကို ယူပေးလိုက်တာပါ။ မဟုတ်မှလွဲရော... ရှင်တို့က ကျွန်မကို သံသယရှိနေလို့ အခုလို မေးနေကြတာလား"

အံ့ဩထိတ်လန့်စွာဖြင့် ပြောလိုက်သော ဆူဖီ၏ စကားကို ကြားသောအခါ မြွေသူတော်မောင်ခြိမ့်က ဖျာဖျာသလဲ လက်ကာပြလိုက်သည်။

"မဟုတ်ပါဘူး မဆူဖီရယ်။ ကျုပ်တို့က အမှုအခင်းတစ်ခုခုဖြစ်လာပြီဆိုရင် အသေးအဖွဲလေးကအစ ဂရုစိုက်ပြီး မေးရမြန်းရတယ်လေ။ ဒီအတွက် စိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုရင်လည်း ကျုပ် တောင်းပန်ပါတယ်"

ဆူဖီက တစ်ဖက်သို့ မျက်နှာလွှဲကာ သက်ပြင်းချလိုက်သည်။ မြွေသူတော်မောင်ခြိမ့်ကို စိတ်ပျက်လက်ပျက် အမှုအရာနှင့် ကြည့်နေသော ဂျော်နီကလည်း...





"ခင်ဗျားနှယ့်ဗျာ... ဗုံးက ဆေးပြင်းလိပ်သေတ္တာထဲကလွဲရင် တခြား ပစ္စည်းတွေထဲမှာရော ရှိမနေနိုင်ဘူးတဲ့လား... ။ ပြီးတော့ ကျုပ်ဦးလေးက တခြား အသုံးအဆောင် ပစ္စည်းတွေကိုရော ယူလာပြီး ကားထဲမှာ ထည့်မထားနိုင်ဘူးလား"

ဟု မြွေသူတော်မောင်ခြိမ့်၏ ထင်မြင်ယူဆချက်များကို လမ်းကြောင်းလွှဲအောင် ပြောလိုက်သည်။ ကားထဲတွင် မည်သည့်ပေါက်ကွဲစေတတ်သော ဗုံးမျိုးမှမပါဘူးဟု လုံးဝယတိပြတ် ငြင်းဆန်လိုက်လျှင် သူအား မြွေသူတော်မောင်ခြိမ့်က သံသယဝင်သွားလိမ့်မည်မဟုတ်ပါလား...။

သို့သော် မြွေသူတော်မောင်ခြိမ့်က ဂျော်နီ့ကို လှည့်ကြည့်ကာ ခေါင်းခါပြရင်း...

"မဖြစ်နိုင်ဘူးဗျ။ ခင်ဗျား ဦးလေးကားကို သန့်ရှင်းရေးလုပ်တဲ့ လူကိုရော လက်နှိပ်စက်စာရေးလေး မောင်မိုးကိုပါ ကျုပ်မေးပြီးသွားပြီ။ သူတို့ နှစ်ယောက်စလုံးက ကားထဲမှာ ခရီးဆောင်အိတ်တစ်လုံးရယ်၊ ဆေးပြင်းလိပ်သေတ္တာတစ်ခုရယ်ပဲ ရှိတာလို့ ပြောတယ်ဗျ"

ဂျော်နီမှာ မြွေသူတော်မောင်ခြိမ့်ကို အလွယ်တကူနှင့် အတွေးချော်အောင်လုပ်၍မရမှန်း သိသွားသည်။ မြွေသူတော်မောင်ခြိမ့်ကား သူထင်ထားသည်ထက် ပို၍ပြီး အကွက်စေ့သေချာလွန်းလှချေ။

ထို့ကြောင့် ဂျော်နီက မြွေသူတော်မောင်ခြိမ့်အား ထောက်ဆေဖန်ခြင်း မပြုလုပ်တော့ဘဲ ဆူဖီဘက်သို့လှည့်ကြည့်ကာ ကြားတောင်းအောင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒါဆိုရင် ဆူဇီ...၊ အန့်ကယ့် ခရီးဆောင်အိတ်ပေါ်ကို ဆူဇီ ဆေးပြင်းလိပ်သေတ္တာတင်ပေးပြီးမှ ဒီရုံးခန်းထဲကို မသက်ာစရာ လူတစ်ယောက်ယောက်များ လာသေးလား... ဥပမာ ဆေးပြင်းလိပ်သေတ္တာကို ကိုင်ကြည့်နေတဲ့ လူတို့ ဘာတို့ပေါ့ ဆူဇီရယ်"

ဆူဇီက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ စက္ကန့် အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

"ဟင့် အင်း... အဲဒီလို လူတော့ မမြင်မိဘူး။ ဒါပေမဲ့ ဒီအခန်းကို ဖြတ်သွားဖြတ်လာလုပ်တဲ့ လူတွေတော့ ရှိတယ်"

ဟု ပြန်ဖြေလေသည်။

ထိုအခါကျမှ ဂျော်နီက မြွေသူတော်မောင်ငြိမ်းအား အကြံဉာဏ် ပေးသလိုလိုနှင့် လှမ်းပြောလိုက်သည်။

"ဒီအတိုင်းဆိုရင်တော့ ကိုမောင်ငြိမ်းရေ၊ တရားခံက ကုမ္ပဏီ ဝန်ထမ်းတွေနဲ့အတူ ရောယောင်ဝင်လာပြီး ဆေးပြင်းလိပ် သေတ္တာထဲကိုများ ခင်ပျားပြောတဲ့ ပုံးထည့်သွားသလား မသိဘူး"

မြွေသူတော်မောင်ငြိမ်းကတော့ ဂျော်နီ၏စကားကို သိပ်အလေး ထားဟန်မတူ။ 'ဖြစ်နိုင်ပါတယ်'ဆိုသည့် သဘောဖြင့် ခေါင်းကို ခပ် ဖြည်းဖြည်းညိတ်ပြရင်း ဆေးပြင်းလိပ်သေတ္တာများထားရာ ဗီရိုထဲသို့ ခေါင်းဝင်ကာ ကြည့်ရှုနေလေသည်။

အနည်းငယ်ကြာမှ ဆူဇီဘက်သို့ လှည့်ပြန်ကြည့်လိုက်ကာ...

"ဦးဂျိန်းလှဖေ သောက်တဲ့ ဒီဆေးပြင်းလိပ်သေတ္တာတွေကို





ဆူဇီ တစ်ယောက်တည်းကပဲ သိမ်းထားတာလား။ တခြား ဘယ်သူတွေဆီမှာရော ဒီလိုသေတ္တာတွေ ရှိသေးလဲဗျ"

ဟုမေးလိုက်ရာ ဆူဇီမှာ ခေါင်းကို ခပ်ဖွဖွကုတ်ဖွလိုက်လေ သည်။ ပြီးမှ ညည်းညည်းညူညူအသံဖြင့် ပြောလိုက်၏။

"အဲဒါတော့ ဘယ်သိပါ့မလဲ ရှင်၊ ကျွန်မ ဗီရိုထဲမှာ ဆေးပြင်း လိပ်သေတ္တာ ကုန်သွားတဲ့အခါတိုင်းမှာတော့ ဆရာ ဦးနီမောင် ရဲ့ အတွင်းရေးမှူး မသီတာက ဆေးပြင်းလိပ်သေတ္တာတွေ လာပို့ပေးနေကျပဲ"

*



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးနီမောင်၏ ရုံးခန်းမှာလည်း ဦးကိုနီးလှဖေ၏ ရုံးခန်းလိုပင် အနောက်တိုင်း အပြင်အဆင်များနှင့် ခမ်းနားထည်ဝါလှပေသည်။ ရုံးခန်းထောင့်ရှိ မဟော်ဂနီရောင် တောက်တောက် ဗီရိုကြီးကပင် တန်ဖိုးကြီးပစ္စည်းတစ်ခုဖြစ်ကြောင်းကို အသံထွက် ပြောကြားနေသလိုပင်။

မြွေသူတော်မောင်ခြိမ့်က ဦးနီမောင်ကို လှမ်းကြည့်လိုက်ပြီး...

''ဒါဆိုရင် ဘီလပ်ကပို့လိုက်တဲ့ ဆေးပြင်းလိပ်သေတ္တာတိုင်းကို ခင်ဗျားကပဲ တာဝန်ယူပြီးတော့ စာရင်းအတိအကျနဲ့ သိမ်းထားတာပေါ့''

အခုလိုမျိုး အမေးခံနေရသည်ကို ဦးနီမောင်က နှစ်မြို့ပုံမရချေ။ မြွေသူတော်မောင်ခြိမ့်ကို အသက်မပါသလို ပြုံးပြရင်း...

''အင်း... ဟုတ်ပါတယ်။ အရင်တုန်းကတော့ ကိုလှဖေက ဆေးပြင်းလိပ်သေတ္တာတွေကို သူ့ရဲ့ အတွင်းရေးမှူးတွေဆီမှာပဲ သိမ်းတာဗျ။ တစ်ခါက သူ့ရဲ့ အတွင်းရေးမှူးမလေး





တစ်ယောက်က ဆေးပြင်းလိပ်သေတ္တာတစ်ခုကို အိမ်ယူသွားတာ သိသွားလို့ အဲဒီအတွင်းရေးမှူးမလေးကိုလည်း အလုပ်ထုတ်ပစ်လိုက်တဲ့အပြင် ဆေးပြင်းလိပ်သေတ္တာတွေကိုလည်း ကျုပ်ကိုပဲ သိမ်းဆိုင်းထားတော့တာလေ။ လိုအပ်မှ ကျုပ်က သူ့ရဲ့ အတွင်းရေးမှူးမလေး ဆူဇီဆီကို ဆေးပြင်းလိပ်သေတ္တာ ထုတ်ပေးတာဗျ''

''ဒီလိုဆို ကိုနီမောင်ဆီမှာ ဆေးပြင်းလိပ်သေတ္တာ အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာ သိမှာပေါ့နော်''

နှိုက်နှိုက်ချွတ်ချွတ် လိုက်မေးနေသော မြွေသူတော်မောင်ခြိမ့်ကို ဦးနီမောင်က စိတ်မရှည်ချင်တော့ပေ။ ထို့ကြောင့် အသံမာမာဖြင့်...

''အမြဲတမ်းတော့ ကျုပ်လည်း ဘယ်မှတ်မိပါ့မလဲဗျာ...။ ကျုပ်ရဲ့ အတွင်းရေးမှူးမလေး သိတာကိုပဲ မှတ်နိုင်းထားရတာပေါ့။ ဒါပေမဲ့ ဒီတစ်ခေါက်တော့ ကျုပ်ဗီရိုထဲမှာ ဆေးပြင်းလိပ်သေတ္တာ ငါးဘူးရှိတယ်ဆိုတာ မှတ်မိတယ်။ ဒါကလည်း ဟိုတစ်လောကမှ ဘီလပ်က ဆေးပြင်းလိပ်သေတ္တာ ဆယ်ဘူးရောက်လာလို့ ဆူဇီကို ငါးဘူးပေးလိုက်တာနဲ့ မှတ်မိနေတာပါ။ ခင်ဗျားကြည့်ချင်ရင် ကျုပ် ဗီရိုဖွင့်ပြမယ်''

ဟုဆိုကာ ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် အခန်းထောင့်ရှိ မဟော်ဂနီရောင်တောက်တောက် ဗီရိုကြီးဆီသို့ လျှောက်သွားလိုက်လေသည်။

မြွေသူတော်မောင်ခြိမ့်မှာလည်း ချက်ချင်းပင် ထလိုက်သော ထိုသို့ သူတို့နှစ်ယောက် ဗီရိုနားသို့ ကပ်သွားသည်ကို တွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာထိုင်ခုံတစ်လုံးပေါ်တွင် အေးအေးလူလူ ထိုင်ရင်း ဓာတ်ပုံ ကင်မရာလေးဖြင့် တချပ်ချပ် လိုက်ရိုက်နေလေသည်။

အမှန်တကယ်ဆို ဂျော်နီမှာ ဦးနီမောင်၏ ဗီရိုထဲမှ ဆေးပြင်းလိပ်သေတ္တာတစ်ဘူးကို ယူထားသူပီပီ စိတ်လှုပ်ရှားနေရမည် ဖြစ်သည်။ သို့သော် သူကိုယ်၌ကိုကပင် ဦးနီမောင်၏ ဗီရိုထဲမှ ဆေးပြင်းလိပ်သေတ္တာတစ်ဘူး ပျောက်နေသည်ကို မြွေသူတော်မောင်ခြိမ့် ကိုယ်တိုင်တွေ့မြင်သွားစေချင်ပြီး နောက်ထပ် အကြံအစည်တစ်ခုလည်း သူ့ထံတွင် ရှိနေလေ၏။

ထို့အတွက်ကြောင့် ဂျော်နီမှာ ယခုလို အေးဆေးတည်ငြိမ်နေနိုင်ခြင်းဖြစ်သည်။

ဦးနီမောင်က မြွေသူတော်မောင်ခြိမ့်ကို နှုတ်ဖြင့် ရှင်းပြမနေချင်တော့ဘဲ ဗီရိုတံခါးကိုသာ ဆွဲဖွင့်ပြလိုက်လေသည်။

ဗီရိုထဲတွင်တော့ ဆေးပြင်းလိပ်ထင်းရှူးသေတ္တာလေးဘူးကိုသာ တွေ့လိုက်ရလေသည်။ ထို့အတွက်ကြောင့် ဦးနီမောင်မှာ တအံ့တသြဖြစ်သွားပြီး...

''ဟင်!... ဘယ်လိုဖြစ်တာလဲ... ဆေးပြင်းလိပ်သေတ္တာက ငါးဘူးရှိရမှာပါ''

ဟု ရေရွတ်ကာ ချက်ချင်းပင် အတွင်းရေးမှူးမလေး သီတာကို လှမ်းခေါ်လိုက်လေသည်။ မြွေသူတော်မောင်ခြိမ့်ကတော့ ဘေးတွင် ငြိမ်သက်ပြီး ရပ်ကြည့်နေလျက်သား..။

အတွင်းရေးမှူးမလေး သီတာ ဝင်လာသည်နှင့် ဦးနီမောင်က အလောတကြီး မေးလိုက်သည်။





''သီတာ... ဗီရိုထဲမှာ ဆေးပြင်းလိပ်သေတ္တာ ဘယ်နှဘူးရှိတာလဲ''

အတွင်းရေးမှူးမလေး သီတာက စဉ်းပင်မစဉ်းစား၊ ချက်ချင်းသွက်လက်စွာ ပြန်ဖြေလေသည်။

''ငါးဘူးရှိတာလေ ဆရာ''

''အေး... ဒီမှာ လေးဘူးပဲ ရှိတယ်ဟ။ ဘယ်လိုလုပ်ပြီး တစ်ဘူးက ပျောက်နေရတာလဲ''

အတွင်းရေးမှူးမလေး သီတာက တွေဝေမှုနှင့်အတူ အနည်းငယ်ကြာအောင် ငြိမ်သက်သွားပြီးမှ...

''လုံးဝ ပျောက်သွားတာတော့ မဖြစ်နိုင်ဘူး ဆရာ။ ဗီရိုထဲက တစ်နေရာရာမှာ ရှိမှာပေါ့။ ကျွန်မ ရှာကြည့်လိုက်ဦးမယ်''

ဟုဆိုကာ ဗီရိုနားသို့ တိုးကပ်သွားလိုက်သည်။ ထို့နောက် ဆေးပြင်းလိပ်သေတ္တာကို ရှာရန် ဗီရိုထဲသို့ လက်လှမ်းလိုက်လေ၏။ ထိုအချိန်ပင် မြွေသူတော်မောင်ခြိမ့်က...

''နေ... နေ... မသီတာ။ ဗီရိုထဲက ဘယ်ပစ္စည်းကိုမှ မထိနဲ့ မကိုင်နဲ့''

ဟု အလျင်အမြန် တားဆီးလိုက်လေသည်။

ဒါကို ဦးနီမောင်က မည့်သည့်အတွက်ကြောင့် မြွေသူတော်မောင်ခြိမ့် တားဆီးရသည်ကို သဘောမပေါက်ဘဲ မကျေမချမ်းအမူအရာဖြင့် မေးလိုက်သည်။

''ဘာဖြစ်လို့ မထိရ မကိုင်ရတာလဲဗျ''

မြွေသူတော်မောင်ခြိမ့်က သက်ပြင်းကို မသိမသာချလိုက်ပြီး—



www.burmeseclassic.com

www.burmeseclassic.com



"အရေးတကြီးတော့ မဟုတ်ပါဘူးဗျာ။ လိုရမည်ရပေါ့။ အခု ပျောက်နေတဲ့ ဆေးပြင်းလိပ်သေတ္တာတစ်ဘူးဟာ တရားခံ ယူသွားတာ ဖြစ်နိုင်တယ်ထင်လို့ မီးဖိုထဲက ပစ္စည်းတွေပေါ်မှာ လက်ဗွေရာထင်ကျန်ခဲ့သလား၊ မထင်ကျန်ခဲ့ဘူးလားဆိုတာ စစ်ဆေးကြည့်ချင်လို့ပါ"

ထိုစကားကို ကြားသောအခါ ဦးနီမောင်က တမင် မြွေသူတော်မောင်ခြိမ့် ကတ်သီးကတ်ဖဲ့ လုပ်ပြောနေသည်ထင်ပြီး စိတ်အချဉ်ပေါက်သွားကာ...

"ခင်ဗျားကလည်း ဗျာ... ဘာမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးကို ပုံကြီးချဲ့နေလိုက်တာ...။ ကျုပ် ရုံးခန်းထဲကို ဘယ်တရားခံက ရောက်လာပြီး ဆေးပြင်းလိပ်သေတ္တာလေးတစ်ဘူးကို လာယူရမှာလဲ။ ကျုပ်ရုံးခန်းက လူတကာ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့ရတဲ့ ပျော်ပွဲစားရုံမှ မဟုတ်တာဘဲ။ ခင်ဗျားက ကျုပ်တို့ ချယ်ယာမင် မတော်တဆ ကားမှောက်ပြီး သေဆုံးရတာကို လူသတ်မှုပါလို့ ထင်နေရင်လည်း တခြား အရေးပါတဲ့သက်သေတွေ သွားရှာပေါ့ဗျာ။ အခုတော့ ဘယ့်နှယ်... ဒီဆေးပြင်းလိပ်သေတ္တာကိုမှ... ဟွန်း"

မြွေသူတော်မောင်ခြိမ့်ကား သက်ပြင်းကိုသာ လှိုင်လှိုင်ကြီး ချနေရလေတော့သည်။ သည်လို ဘာတစ်ခုမှ လက်ဆုပ်လက်ကိုင် ပြ၍မရသေးသည့် အချိန်တွင် မည်သည့်စကားမှ ထုတ်ဖော်မပြောတာ အကောင်းဆုံးပင် မဟုတ်လား...။





တတ်ပုံကင်မရာကို ကလိချင်ယောင်ဆောင်နေသော ဂျော်နီ ကတော့ မြွေသူတော်မောင်ခြိမ့်ကို စိတ်ထဲမှ ကျိတ်၍ ဟားနေလေ တော့သည်။

"ကျုပ်က ဝေးမှ မဟုတ်တာဗျာ...။ ဆေးပြင်းလိပ်သေတ္တာ ယူကတည်းက လက်အိတ်စွပ်ထားတာပေါ့။ ဒါကိုမှ ခင်ဗျားက လက်ဗွေရာ ရှာချင်သေးသပဆိုရင်လည်း ရှာပေါ့ဗျာ"

ဂျော်နီရင်ထဲမှ ထိုအတွေးစကားများကို မြွေသူတော်မောင်ခြိမ့် တစ်ယောက်ကတော့ ကြားနိုင်စွမ်း မရှိချေတကား...။

❑

www.burmeseclassic.com



အခန်း(၆)

မြွေသူတော်မောင်ခြိမ့်က ဦးနီမောင်၏ ရုံးခန်းရှိရာ အဆောက်အအုံထဲမှ ထွက်လာပြီး ကြီးမားကျယ်ပြောလှသော နေရှင်နယ်ဘားမား စက်ရုံဝင်းကြီးကို တစ်ချက်ငေးမောကြည့်လိုက်သည်။ ထို့နောက် သူ့ကားရှိရာဆီသို့ ဆေးပြင်းလိပ်ကို အငွေ့တထောင်းထောင်းထအောင် ဖွာရှိုက်ရင်း အေးအေးလူလူ လမ်းလျှောက်လာခဲ့လေသည်။

နေရှင်နယ်ဘားမား ကုမ္ပဏီ၏ စက်ရုံခန်းမှာ ကွင်းပြင်ကျယ်ကြီးတစ်ခုအတွင်းတွင် တည်ဆောက်ထားသောကြောင့် မြွေသူတော်မောင်ခြိမ့်မှာ အတော်ကလေးကြာအောင် လျှောက်လာခဲ့ရသော်လည်း သူ့ကားဆီသို့ မရောက်နိုင်သေးပေ။

ထိုအချိန်မှာပင် သူ့ဘေးသို့ စက်ရုံဝင်းအတွင်းသုံး ဘက်ဂီကားငယ်လေးတစ်စီး ရောက်လာပြီး...





"ဟော့... ကိုမောင်ခြိမ့်၊ ကားပေါ်တက်လေဗျာ။ ကျွန် လိုက်ပို့ပေးမယ်"

ဟူသော အသံနှင့်အတူ ကားမောင်းလာသော ဂျော်နီကို တွေ့လိုက်ရလေသည်။

မြွေသူတော်မောင်ခြိမ့်က ကားပေါ်သို့တက်ရင်း...

"ကျေးဇူးပဲဗျာ၊ ခင်ဗျားတို့ရဲ့ စက်ရုံဝင်းကြီးက ကျယ်တော့ လမ်းလျှောက်သွားရတာ မသက်သာဘူးဗျို့"

ဂျော်နီက သဘောကျစွာဖြင့် ပြုံးရယ်ရင်း ကားကို စတင်မောင်းထွက်လိုက်လေသည်။ မြွေသူတော်မောင်ခြိမ့်က စက်ရုံဝင်းကြီးကို ငေးမောကြည့်ရှုနေရာမှ ဂျော်နီဘက်သို့ စောင်းငဲ့ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျားပိုင်တဲ့ စက်ရုံကြီးက တော်တော်ကျယ်တာပဲနော်"

ထိုစကားကို ကြားသောအခါ ဂျော်နီက အသံထွက်အောင်ပင် ရယ်မောလိုက်လေတော့သည်။

"ဟား... ဟား... ဟား... ခင်ဗျားက ဒီစက်ရုံကြီးကို ကျုပ်ပိုင်တယ်လို့ ထင်နေတာကိုး...။ တကယ်က ကျုပ်အဒေါ်က သာ ပိုင်တာပါဗျာ။ ကျုပ်က ဝန်ထမ်းအဆင့်ပဲရှိတာ ကိုမောင်ခြိမ့်ရ"

"မသိပေါင်ဗျာ..., ကျုပ်က ခင်ဗျားပိုင်ဆိုင်တဲ့ စက်ရုံကြီးလို့ ထင်နေတာ။ ရှိစေဦးတော့...။ ဒါနဲ့... ဦးနီမောင်နဲ့ ခင်ဗျား သိတာကြာပြီလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီက ကားမောင်းနေရာမှ မြွေသူတော်မောင်ခြိမ့်ဘက်သို့ လှည့်ကြည့်ကာ...

''ကျုပ် ဘီလပ်မှာ ကျောင်းမသွားတက်ခင်ကတည်းကပေါ့ဗျာ။ အဲဒီကတည်းက ဦးနီမောင်က ဒီကုမ္ပဏီမှာ အလုပ်ဝင်နေပြီ။ ဘာလဲ ခုနက ခင်ဗျားကို မချေမငံပြောလိုက်လို့ ဒေါပွနေတာလား''

မြွေသူတော်မောင်ခြိမ့်က ခေါင်းခါပြလိုက်သည်။ ပြီးမှ... ကုတ်အင်္ကျီအိတ်ကပ်ထဲမှ လျှောက်လွှာစာရွက်တစ်ရွက်ကို ထုတ်ကာ ပြန့်လိုက်ပြီး...

''မဟုတ်ပါဘူးဗျာ။ မနေ့က ကားဒရိုင်ဘာ ရာဟုနေတဲ့ အခန်းကို သွားရှာကြည့်တော့ ခင်ဗျားဦးလေး ဦးဂျိန်းလုဖေဆီကို ကားဒရိုင်ဘာ ရာဟုက ဦးနီမောင်ရဲ့ မကောင်းကြောင်းတချို့ အစီရင်ခံတင်ပြထားတဲ့ စာရွက်တွေကို အမှိုက်ခြင်းထဲကနေ တွေ့လာလို့ပါ''

''ဟုတ်လား!''

ဂျော်နီက အလန့်တကြားအသံဖြင့် ရေရွတ်ရင်း မြွေသူတော်မောင်ခြိမ့်၏ လက်ထဲမှ စာရွက်ကို လှမ်းယူရန် လက်ရွယ်လိုက်သည်။ သို့သော် မြွေသူတော်မောင်ခြိမ့်က လျင်မြန်စွာပင် စာရွက်ကို သိမ်းဆည်းလိုက်ပြီး...

''ဒါတော့ မရဘူးဗျို့။ သူများရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို မဆိုင်သူတွေဆီ ပေါက်ကြားသွားမှာစိုးလို့ပါဗျာ''





ဟု ပြောလိုက်လေရာ ဂျော်နီမှာ အင်တင်တင် ဖြစ်သွားသည့် အမူအရာလုပ်လိုက်လေသည်။

အမှန်တော့ ဂျော်နီမှာ စိတ်ထဲမှ ကျိတ်၍ ဝမ်းသာနေလေ၏။ တကယ်ဆိုလျှင် ဒရိုင်ဘာ ရာဟု၏ အစီရင်ခံစာမှာ အစစ်မဟုတ်ပေ။ ဂျော်နီကိုယ်တိုင် ဖန်တီးထားခြင်းသာ ဖြစ်သည်။

ထိုသို့ပြုလုပ်ရန်မှာလည်း မခက်ခဲလှချေ။ ဆူဇီထံမှ ဦးနီမောင်၏ ကိုယ်ရေးရာဇဝင်ဖိုင်ကို ခဏတောင်းယူကာ အချက်အလက်မှန်များပေါ် အခြေခံပြီး မဟုတ်မဟတ်လုပ်ဇာတ်တွေ ထည့်လိုက်ရုံသာ...။

ပြီးတော့... လက်နှိပ်စက်ဖြင့်ရိုက်၊ စာရွက်ကို လုံးချေပြီး ဒရိုင်ဘာ ရာဟု၏ အခန်းထဲက အမှိုက်ခြင်းထဲ ပစ်ထည့်ခဲ့ခြင်းဖြစ်၏။

ဒါကို ရိပ်မိဟန်မတူသော မြွေသူတော်မောင်ခြိမ့်က ဆက်ပြောလိုက်၏။

''ဒါနဲ့... ကားဒရိုင်ဘာ ရာဟုက ပုလိပ်ဘက်မှာ အမှုထမ်းဖူးသေးတယ်ဆို... ဟုတ်လား... ကိုဂျော်နီ''

''ဟုတ်တယ်လေ... အဲဒါကြောင့်ပဲ ကျုပ်ဦးလေးက ကိုရာဟုကို ကားဒရိုင်ဘာ တာဝန်အပြင် ထောက်လှမ်းရေးတာဝန်ပါ ပေးထားတာပေါ့''

''ဘယ်လို... ထောက်လှမ်းရေးတာဝန် ဟုတ်သလား''

တအံ့တသြဖြစ်သွားသော မြွေသူတော်မောင်ခြိမ့်ကို သဘောကျသွားပုံဖြင့် ဂျော်နီက ပြုံးရယ်လိုက်ကာ...

''ဟုတ်တယ်လေ ကိုမောင်ခြိမ့်။ ကျုပ်ဦးလေးက ကိုရာဟုကို ကုမ္ပဏီက ဒါရိုက်တာတွေရဲ့ နောက်ကြောင်းတွေ၊ လုပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပုံတွေ ထောက်လှမ်းခိုင်းထားတာ။ အဲဒါကြောင့် သူက ကျုပ်ဦးလေးဆီ အမြဲတမ်း အစီရင်ခံစာ တင်ရတယ်လေ''

''ဟူး… စီးပွားရေးလုပ်ရတာကလည်း မလွယ်လိုက်ပါကောဗျာ။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုပါ အမြဲမပြတ် စောင့်ကြည့်နေရတာပဲနော်''

မြွေသူတော်မောင်ခြိမ့်က စိတ်မောသွားပုံဖြင့် လေပူတွေကို မှုတ်ထုတ်ကာ ပြောလိုက်လေသည်။ တစ်ဆက်တည်းဆိုသလိုလည်း…

''အေးဗျာ… ကိုရာဟုက ခင်ဗျား ဦးလေးဆီကို အစီရင်ခံစာ တင်ရတယ်သာပြောတာ… သူနေတဲ့ အခန်းမှာလည်း လက်နှိပ်စက်မတွေ့ဘူးဗျ။ ကျွန်တော့် ကိုရာဟုမှာ တခြား နေတဲ့နေရာ တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်။ အဲဒီမှာများ လက်နှိပ်စက်တွေ ဘာတွေ ထားသလား မသိပါဘူးဗျာ။ ကိုဂျော်နီရော ကိုရာဟု တခြားနေရာမှာ နေတာတို့ ဘာတို့ ကြားမိသေးလားဗျ''

ဤစကားကြောင့် ဂျော်နီမှာ တစ်ချက်တွေဝေသွားလေသည်။ ပြီးမှ… ဘာမှမသိသလို အမူအရာနှင့်…

''ဟင့်အင်း… မကြားမိပါဘူး''

ဟု ငြင်းဆန်လိုက်လေသည်။ အမှန်တကယ်တော့ ကားအိုးဘာ ရာဟုမှာ ကျောက်ဆစ်တန်း ဦးတာရဲ့ ဈေးအနီးရှိ တိုက်တန်းလျား တစ်ခုတွင်လည်း နေထိုင်မှန်းကို သူသိ၏။

သို့သော် မြွေသူတော်မောင်ခြိမ့်ကို တိုက်ရိုက်ပြောပြလိုက်၍ မဖြစ်ပေ။ သူ့တွင် အကြံတစ်ခုရှိလေသည်။





ထို့ကြောင့် ဂျော်နီက တစ်စုံတစ်ရာကို အခုမှ သတိရသွားသလိုမျိုး နဖူးကို လက်ဝါးဖြင့် ရိုက်လိုက်ကာ…

''သြော်… အခုမှ တစ်ခုသတိရတယ်ဗျ။ ကိုရာဟုမှာ တခြားနာမည်တစ်ခု ရှိသေးပုံရတယ်။ ဘာတဲ့… အန်သိုနီဆိုလားပဲ။ တစ်ခါတုန်းက ကျုပ်နဲ့သူ အပျင်းပြေ ပိုကာကစားကြရင်း သူ့လက်ဆွဲအိတ်ထဲမှာ သူ့ဆီကိုလာတဲ့ စာတွေကို တွေ့တယ်ဗျ။ တချို့စာတွေက ကိုရာဟုလို့ အမည်မတပ်ထားဘဲ အန်သိုနီလို့ တပ်ထားတယ်။ အဲဒီတော့ အဲဒီနာမည်နဲ့များ တခြားနေရာ တစ်ခုခုမှာ သွားနေလား မပြောတတ်ပါဘူးဗျာ''

မြွေသူတော်မောင်ခြိမ့်က ချက်ချင်းပင် ဂျော်နီပြောသမျှကို မှတ်စုစာအုပ်ထဲတွင် လိုက်လံရေးမှတ်လိုက်သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ဂျော်နီကတော့ အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။ အဘယ်ကြောင့်ဆိုသော် မြွေသူတော်မောင်ခြိမ့်တစ်ယောက် အိမ်ပွဲစားများကို မေးမြန်းပြီး အန်သိုနီဆိုသည့် နာမည်နှင့်လူ နေထိုင်သည့်အိမ်ကို မရမက စုံစမ်းကာ ရှာပေတော့မည်။

ထိုသို့ဆိုလျှင်တော့ မြွေသူတော်မောင်ခြိမ့်မှာ သူ နှပ်ကြောင်းပေးထားသော ဖဲကို ချိုးမိလျက်သား ဖြစ်သွားပေလိမ့်မည်။

မြွေသူတော်မောင်ခြိမ့်တစ်ယောက် သူ့ကားရှိရာနေရာသို့ ရောက်ပြီး ကားပေါ်မှ ဆင်းသွားသည်နှင့် ဂျော်နီမှာ ဘက်ဂီကား လေးကို နောက်ကြောင်းပြန်လှည့်ကာ အပြင်းမောင်းလာခဲ့လေသည်။

ကားပါကင်သို့ ရောက်သည်နှင့် ဂျော်နီက ဘက်ဂီပေါ်မှ ဆင်းကာ သူ့ကားရှိရာဆီသို့ အလောတကြီးသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကားတံခါးကို ဖွင့်ကာ ကားပေါ်သို့ တက်ပြီး ကားစက်နှိုးလိုက်၏။ ထိုအချိန်မှာပင် ဆူဇီက သူ့ကားအနားသို့ ပြေးလာပြီး အလောတကြီးလေသံဖြင့်...

"ဂျော်နီ... ဂျော်နီ... ခဏနေပါဦး"

ဟု ဟန့်တားလိုက်သည်။

ဂျော်နီက ကားမှန်ပြတင်းပေါက်မှတစ်ဆင့် ဆူဇီကို မျက်လုံးပင့်ကြည့်ကာ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဆူဇီ"

"ဘာဖြစ်ရမှာလဲ ဂျော်နီရယ်။ ဆူဇီတော့ ဟိုမောင်ခြိမ့်ဆိုတဲ့ လူ မေးတာကို တစ်နေ့တစ်နေ့ ဖြေနေရတာ စိတ်ရှုပ်လာပြီ...။ ပြီးတော့... ဟို... ဟို... ဦးနီမောင်ရဲ့ ကိုယ်ရေးရာဇဝင်ဖိုင်တွဲကို ဂျော်နီယူဖတ်နေတာ သိသွားရင် အဲဒီမောင်ခြိမ့်ဆိုတဲ့ လူက ဆူဇီ့ကို စစ်လားဆေးလား ထပ်လုပ်နေဦးမှာ"

စိုးရိမ်ပူပန်သည့်အသွင်ဖြင့် တတွတ်တွတ်ပြောနေသော ဆူဇီ့ကိုကြည့်ကာ ဂျော်နီက သက်ပြင်းချလိုက်မိလေသည်။

"ဘာလို့ ဒီလောက်တောင် စိတ်ပူနေရတာလဲ ဆူဇီရယ်။ ကိုယ် နောက် နှစ်ရက်၊ သုံးရက်လောက်နေရင် အဲဒီဖိုင်တွဲကို ပြန်ပေးမှာပေါ့။ ကိုယ်က ကိုယ်နဲ့ အလုပ်တွဲလုပ်ရမယ့် လူအကြောင်းကို ပြည့်ပြည့်စုံစုံသိရအောင် ယူဖတ်ကြည့်နေတာပါ ဆူဇီရဲ့"

"အင်း... ဆူဇီသိပါတယ် ဂျော်နီရယ်။ ဒါပေမဲ့ ဟို မောင်ခြိမ့်ဆိုတဲ့ လူအကြောင်းကိုလည်း ဂျော်နီသိသားနဲ့။ နေ့ရှိသရွေ့ ဆူဇီ့ရုံးခန်းကိုပဲ လာပြီးတော့ အမျိုးမျိုး လှည့်ပတ်မေးနေတာ။





ဒါနဲ့ ... ဟို ... ဟိုလေ ... အဲဒီလူက ဆူဇီနဲ့ ဂျော်နီတို့ရဲ့ အကြောင်းတွေကို သိသွားပြီလား"

ကားမှန်ပြတင်းပေါက် ဘောင်ပေါ်သို့ လာထောက်ထားသော ဆူဇီ၏ လက်ချောင်းလေးများကို ဂျော်နီက ခပ်ဖွဖွ ဆုပ်ကိုင်လိုက်၏။ ပြီးနောက် ဆူဇီကို ပြုံးကြည့်ရင်း...

"စိတ်ချပါ ဆူဇီ...၊ ကိုယ်အားလုံး ကြည့်စီစဉ်ထားပါတယ်။ ဘယ်သူမှ ကိုယ်တို့အကြောင်းကို မသိစေရပါဘူး။ ကဲ... ကဲ... ကိုယ် အရေးတကြီး သွားစရာရှိသေးလို့ သွားလိုက်ဦးမယ် ဆူဇီ"

ဟုဆိုကာ ကားဂီယာကို ထိုးလိုက်လေသည်။ ထို့နောက် လက်ပြနှုတ်ဆက်နေသော ဆူဇီကို လက်ပြန်ပြကာ ကားမောင်းထွက်လာခဲ့လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ညနေ ငါးနာရီခွဲကျော်လာပြီ ဖြစ်သောကြောင့် ညနေခင်းဆည်းဆာ၏ နေရောင်ခြည်မှာ တဖြည်းဖြည်း မှိန်ဖျော့ပါးလျလာလေပြီ။ မကြာခင်ဆို နေ့အလင်း ပျောက်ကွယ်ကာ ညအမှောင်ဦးတို့ ရောက်လာပေတော့မည်။

ကျောက်ဆစ်တန်း ဦးတာရဲဈေးအနီးရှိ တိုက်တန်းလျားတစ်ခုရှေ့သို့ ရောက်သောအခါ ဂျော်နီက ကားကို ကျွမ်းခနဲ ထိုးရပ်လိုက်၏။ ထို့နောက် လက်နှိပ်စက်ထည့်ထားသည့် သားရေအိတ်တစ်လုံးကို ဆွဲကာ တိုက်ခန်းတစ်ခုအနားသို့ လျှောက်သွားလေသည်။

ထိုတိုက်ခန်းမှာ အန်သိုနီနာမည်ဖြင့် နေထိုင်သော ကားဒရိုင်ဘာရာဟု၏အခန်းပင် ဖြစ်လေ၏။

ဂျော်နီမှာ သော့တုဖြင့် တိုက်ခန်းတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်လိုက်သည်။ အခန်းအတွင်းရှိ လေထုမှာ အောက်သိုးသိုးအနံ့အသက်နှင့်အတူ ပူနွေးလောင်မြိုက်နေလေ၏။

ကားဒရိုင်ဘာ ရာဟုမှာ အခုရက်ပိုင်းအတွင်း သည်အခန်းတွင် လာရောက်နေထိုင်ဖြစ်ပုံ မရ၊ တချို့ အသုံးအဆောင်ပစ္စည်းများမှာ ဖုန်မှုန့်တွေပင် ကပ်ငြိတွယ်နေလေ၏။





ဂျော်နီက လက်တွင်ဆွဲလာခဲ့သော သားရေအိတ်ကို ဖွင့်ကာ အထဲမှ လက်နှိပ်စက်ကို ထုတ်လိုက်သည်။ ထို့နောက် ထိုလက်နှိပ်စက်ကို စားပွဲတစ်လုံးပေါ်သို့တင်ကာ သားရေအိတ်ကိုလည်း ထိုစားပွဲအောက်တွင် ထားလိုက်၏။

တကယ်တော့ သည်လက်နှိပ်စက်မှာ ဦးဂျွန်းလှဖေ၏ အိမ်ရှိ ကားဒရိုင်ဘာ ရာဟုနေထိုင်ရာ ကားဂိုဒေါင်အပေါ်ထပ် အခန်းမှ ဂျော်နီက လက်စဖျောက်ပစ်ရန် အစောကြီးကတည်းက ယူထားခဲ့သော လက်နှိပ်စက်ပင် ဖြစ်လေသည်။

ထိုလက်နှိပ်စက်ထဲတွင်တော့ တစ်ဝက်တစ်ပျက် ရိုက်နှိပ်ဟန်ဖြင့် သူကိုယ်တိုင် လုပ်ကြံဖန်တီးထားသော အစီရင်ခံစာတစ်စောင်... ပြီးတော့... ခါတ်ပုံတစ်ပုံ။ ဂျော်နီက ထိုအစီရင်ခံစာနှင့် ဓာတ်ပုံတို့ကို ကြည့်ကာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိလေသည်။

ဒါတွေအားလုံးကို သူကြိုတင် တွေးဆထားသည့်အတိုင်း ပုလိပ်တွေသာ တွေ့ရှိသွားမည်ဆိုပါက သူ့ပေါ်သို့ တစ်စွန်းတစ်စ အရိပ်ထိုးထင်နေသည့် သံသယ မြူမှုန်များကို အပြီးအပိုင် သုတ်သင် ဖယ်ရှားလိုက်နိုင်ပေမည်ဟု ယုံကြည်ရလေသည်။

အဲဒီအတွက်တော့ သည်တိုက်ခန်းကို ပုလိပ်ဘက်မှ လာရှာသည်အထိ သူ စိတ်ရှည်လက်ရှည်နှင့် ထိုင်စောင့်နေရပေလိမ့်ဦးမည်...။

❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

သူ့အလိုဆန္ဒ ပြည့်ဝဖို့အတွက် ဂျော်နီမှာ သိပ်ကြာကြာပင် မစောင့်လိုက်ရချေ။ ညခုနစ်နာရီထိုးပြီးစမှာပင် ကားဒရိုင်ဘာ ရာဟု နေထိုင်သော တိုက်တန်းလျားရှေ့သို့ ပုလိပ်ကားတစ်စင်း ထိုးဆိုက်လာလေသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသည်နှင့် ဂျော်နီမှာ ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်၏။ သူကွက်ကျော်တွေးထားခဲ့သည့်အတိုင်း မြွေသူတော်မောင်ခြိမ့်မှာ (အန်သိုနီနာမည်ဖြင့် နေထိုင်သော) ကားဒရိုင်ဘာ ရာဟု၏အခန်းကို မရမကစုံစမ်းကာ သူလိုချင်သော သဲလွန်စမျိုး ရှိ၊ မရှိ ရှာဖွေရန် ပုလိပ်များကို စေလွှတ်လိုက်လေပြီ...။





ကဲ... သိပ်စေ့စပ်သေချာလွန်းတဲ့ ကိုမောင်ခြိမ့်ရေ ဒီတစ်ခါတော့ ခံပေဦးတော့...

ဆိုသော အတွေးနှင့်အတူ ဂျော်နီက ဖန်မီးအိမ်တစ်လုံးကို ယူကာ ကြမ်းပြင်ပေါ်သို့ တမင်တကာ လွှတ်ချလိုက်လေတော့သည်။

"ဒုန်း"

"ခွမ်း!"

လောလောဆယ် ပိုင်ရှင်မရှိသောအခန်းဟု သိထားသော ပုလိပ်များမှာ ထိုအသံကို ကြားလိုက်ရသည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ ခေါင်းဆောင်ဖြစ်ဟန်တူသူက...

"ဟေ့... အထဲမှာ လူတစ်ယောက်ယောက် ရောက်နေတာနဲ့ တူတယ်။ ဝိုင်းထားကြစမ်း"

ဟူသော အမိန့်ပေးသံနှင့်အတူ ပုလိပ်အချို့မှာ သွက်လက်လျင်မြန်စွာပင် တိုက်ခန်းဆီသို့ ပြေးလာကြလေသည်။

ထိုအခါကျမှ ဂျော်နီမှာ အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး နောက်ဖေး မလှယ်ပေါက်မှတစ်ဆင့် တိုက်ခန်းအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လိုက်သည်။

တကယ်တော့ သည်လိုထွက်ပြေးလည်း မလွတ်မှန်း သိသည်။ သို့သော် ဂျော်နီမှာ ပုလိပ်များက သူတကယ် ထွက်ပြေးသည်ဟုထင်ပြီး ဝိုင်းဖမ်းကြစေချင်၍ ဖြစ်လေသည်။ မည်သည့်အတွက်ကြောင့်လဲဆိုတာကိုတော့ ကာယကံရှင် ဂျော်နီသာ သိရှိပေလိမ့်မည်။

"ဟိတ်!... မပြေးနဲ့...၊ မင်းကို ငါတို့ ဝိုင်းထားပြီ"

ပုလိပ်အရာရှိ၏ အသံနှင့်အတူ စစ်ဖိနပ်သံ

www.burmeseclassic.com



နားနီးနီးမှ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း ဂျော်နီမှာ ပြေးနေသည့်အရှိန်ကို မလျှော့ပေ။ တကယ့်ကို ကိုယ်လွတ်ရုန်းနေရသည့်ပုံဖြင့် အသက်လုပြေးနေလေ၏။

လမ်းမသို့ရောက်ပြီး ညာဘက်သို့ ချိုးကွေ့လိုက်စဉ်မှာပင် ပုလိပ်သား နှစ်ယောက်သုံးယောက်က ဂျော်နီ၏ရှေ့မှ ထွက်ပေါ်လာလေသည်။

ဂျော်နီမှာ ပြေး၍ မလွတ်တော့ချေ။ ရှေ့နောက် အသီးသီးမှ ရောက်လာကြသော ပုလိပ်များက သူ့အား အတင်းဝင်လုံးပြီး ဖမ်းချုပ်လိုက်လေပြီ။

''ဂျောက်!''

လက်ထိတ်ခတ်လိုက်သံမှာလည်း တစ်ပြိုင်တည်းလိုလို ထွက်ပေါ်လာလေ၏။

*





ဒေါ်ရီတာမှာ ဒေါသအရှိန်ကြောင့် မျက်နှာတစ်ခုလုံး နီရဲနေသည်။ သူမရှေ့တွင် ခပ်ကုပ်ကုပ်လေးရပ်နေသော ဂျော်နီကို စူးရဲစွာ စိုက်ကြည့်လိုက်ပြီး ဒေါသတကြီးဖြင့်...

''ပြောစမ်း... နင် အဲဒီကို ဘာသွားလုပ်တာလဲ''

''ဘာ..။ ဘာမှ မလုပ်ပါဘူး ဒေါ်ဒေါ်''

ဂျော်နီမှာ အကြောက်လွန်ပြီး အသံတွေပင် တုန်နေပုံဖြင့် ပြန်ဖြေလိုက်သည်။ ထိုအဖြေက ဒေါ်ရီတာကို ပိုပြီး ဒေါပွသွားစေပုံရသည်။

''ဂျော်နီ!... နင် ငါ့ကို ဘာဖြစ်လို့ ညာနေရတာလဲ။ မှန်မှန်ပြောစမ်း''

ဂျော်နီက ဒေါ်ရီတာကို မရဲတရဲ အမူအရာနှင့် မော့ကြည့်ပြီး တစ်စုံတစ်ရာကိုပြောရန် ဟန်ပြင်လိုက်သည်။ ပြီးမှ ဘေးတွင် ပုလိပ်များရှိနေသည်ကို သတိရသွားပုံဖြင့် သက်ပြင်းကို ချလိုက်ပြီး...

''ဒီအကြောင်းကို ဒေါ်ဒေါ်နဲ့ ကျွန်တော် နှစ်ယောက်တည်းမှ ပြောမယ်။ တခြားလူတွေ ကြားလို့မဖြစ်ဘူး။ အရမ်းအရေးကြီးလို့ပါ ဒေါ်ဒေါ်ရယ်''

''ကောင်းပြီလေ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီတာက ထိုစကားသံနှင့်အတူ သူမ၏အိမ် ဧည့်ခန်းထဲရှိ ပုလိပ်များအား အပြင်သို့ ခဏထွက်ပေးရန် ပြောလိုက်၏။

သို့သော် ဂျော်နီကို ဖမ်းလာသော လူဆိုးထိန်းဆားပုလင်း အုန်းဖေက လက်မခံချေ။

''စိတ်မရှိပါနဲ့ ဒေါ်ရီတာ။ ဘာမှ သဲသဲကွဲကွဲ မသိရသေးခင်မှာ ဂျော်နီကို ကျွန်တော်တို့ မျက်စိအောက်က အပျောက်ခံလို့ မဖြစ်ပါဘူး။ ဆရာ ကိုမောင်ခြိမ့်က သူ ရောက်မလာမချင်း ကျွန်တော့်ကို စောင့်ကြည့်နေဖို့ မှာထားလို့ပါ''

ထိုသို့ ပြောဆိုနေချိန်မှာပင် မြွေသူတော်မောင်ခြိမ့်က ရေနံကြီး သုတ်ပျာ အမူအရာနှင့် ရောက်လာလေသည်။

ဒေါ်ရီတာက ချက်ချင်းပင် မြွေသူတော်မောင်ခြိမ့် အနားသို့ သွားပြီး မကျေမနပ်နှင့် ပြောလိုက်၏။

''ဘယ်လိုလုပ်တာလဲ ကိုမောင်ခြိမ့်၊ မစ္စတာ မယ်ရီကင် မိတ်ဆွေရဲ့ တူတစ်ယောက်ကို လက်ထိတ်တွေ ဘာတွေခတ်ပြီး သူခိုးသူဝှက်ဖမ်းသလို ဘာလို့ ဖမ်းရတာလဲ... ရှင်းပြစမ်းပါဦး''

မြွေသူတော်မောင်ခြိမ့်ကား ဒေါ်ရီတာကိုကြည့်ကာ သက်ပြင်းချလိုက်မိလေသည်။ တူကို ချစ်သည့်ဇောဖြင့် သူမမှာ အဖြူအမည်း မသဲကွဲတော့ချေ။

မြွေသူတော်မောင်ခြိမ့်က ဆားပုလင်းအုန်းဖေကို မေးလိုက်သည်။

''ဖြစ်စဉ်ကို ရှင်းပြပါဦး ဆားပုလင်း''

ဆားပုလင်းအုန်းဖေက ခေါင်းညိတ်ပြလိုက်ပြီး...





''ကျွန်တော်တို့ ဆရာခြိမ့်ခိုင်းတဲ့အတိုင်း အန်သိုနီဆိုတဲ့ နာမည်နဲ့နေတဲ့ ကားဒရိုင်ဘာ ရာဟုရဲ့အခန်းကို စုံစမ်းပြီး သွားပါတယ်။ အခန်းရှေ့အရောက်မှာ ပစ္စည်းကျကွဲသံတစ်သံ ကြားလိုက်ရလို့ အထဲမှာ လူရှိမှန်းသိပြီး ဝိုင်းဖမ်းကြတော့ ဟောဒီ မောင်ဂျော်နီကို တွေ့တယ် ဆရာခြိမ့်။ မောင်ဂျော်နီက ထွက်ပြေးဖို့ကြိုးစားတာနဲ့ ကျွန်တော်တို့က လက်ထိတ်ခတ် ဖမ်းလာရတာပဲ။ ပြီးတော့ ဆရာခြိမ့် ပြောတဲ့အတိုင်း ဂါတ်ကိုခေါ်မသွားဘဲ ဒီအိမ်ကို လာပို့တာပါ''

''ကျေးဇူးပဲ... ဆားပုလင်းအုန်းဖေရေ။ အပြင်မှာ ခဏသွားစောင့်နေလိုက်ပါဦး''

''ဟုတ်ကဲ့... ဆရာခြိမ့်''

ဆားပုလင်းအုန်းဖေက မြွေသူတော်မောင်ခြိမ့်ကို အရိုအသေပေးပြီးနောက် ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။ ထိုအခါကျမှ မြွေသူတော်မောင်ခြိမ့်မှာ ဂျော်နီကို လှည့်ကြည့်လိုက်ပြီး...

''ဘယ်လိုဖြစ်တာလဲ ကိုဂျော်နီ...၊ ခင်ဗျား ပြောတုန်းကတော့ ကားဒရိုင်ဘာ ရာဟုရဲ့ အိမ်ကို မသိဘူးဆို''

''ဟုတ်တယ်လေ...၊ ခင်ဗျားကိုပြောတုန်းက ကျုပ်မှ အဲဒီ အိမ်လိပ်စာကို မသိတာ။ ညနေကျတော့မှ ကိုရာဟုနဲ့ မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ မေးကြည့်ပြီး သိသွားတာလေ''

ဂျော်နီက တမင်တကာပင် မပိရိလှသောအဖြေကို ပေးလိုက်၏။ ဒါကို မြွေသူတော်မောင်ခြိမ့် ယုံမည်မဟုတ်မှန်းလည်း သူ တွက်ဆပြီးသား။ အခု သူဆင်နေသည့် လိမ့်လုံးကား 'အကြောင်းသင့်ရှောက်



www.burmeseclassic.com

ဝှုံးကွယ်ချင်သောကြောင့်…’ သူ့ကို မသက်ာဖြစ်ကာမှ ဖြစ်ရော…ဟု စွန့်စားအနစ်နာခံနေရရှာသူ တစ်ယောက်၏ ဟန်ပန်မျိုး…။

“ဒါဆို ခင်ဗျားက အဲဒီအိမ်ထဲကို ဘာလို့ ရောက်နေရတာလဲ”

ဂျော်နီက ဒေါသကို ချုပ်တည်းထားရသည့် အိုက်တင်အပြည့် ဖမ်းရင်း အံကို တင်းတင်းကြိတ်ကာ တခြားဘက်သို့ မျက်နှာလွှဲလိုက်သည်။ ပြီးမှ ပြန်လှည့်လာပြီး မြွေသူတော်မောင်ခြိမ့်ကို စိုက်ကြည့်ကာ…

“ကျုပ်… ခင်ဗျားနဲ့ နှစ်ယောက်တည်း ပြောချင်တယ်… ရမလား… ကိုမောင်ခြိမ့်”

တစ်စုံတစ်ရာကို ပြောမည်ပြင်ပြီးမှ သူနာမည်ကို ခေါ်သံကြားလိုက်သောကြောင့် မြွေသူတော်မောင်ခြိမ့်က နောက်သို့ လှည့်ကြည့်လိုက်လေရာ ကားဒရိုင်ဘာ ရာဟုနေသောအခန်းကို ရှာဖွေပြီးပြန်လာသော ရာဇဝတ်အုပ် ဦးတက်ကျော်အား တွေ့လိုက်ရလေသည်။

ဦးတက်ကျော်က လက်ထဲတွင်ကိုင်လာသော ဖိုင်တွဲထဲမှ စာရွက်တစ်ရွက်ကို ထုတ်ကာ မြွေသူတော်မောင်ခြိမ့်ထံ လှမ်းပေးရင်း…

“ဆရာခြိမ့် လိုမယ်ထင်တဲ့ဟာတွေ ယူလာတာပါ။ ကားဒရိုင်ဘာ ရာဟုသုံးတဲ့ လက်နှိပ်စက်ကိုလည်း တွေ့ခဲ့ပါတယ်။ အဲဒီလက်နှိပ်စက်ထဲက ဦးကျိန်းလှဖေဆီကို ကားဒရိုင်ဘာရာဟုက တခြားလူတချို့ရဲ့ ပုဂ္ဂိုလ်ရေး မကောင်းကြောင်းတွေ အစီရင်ခံဖို့ ရိုက်လက်စတန်းလန်း အစီရင်ခံစာကို တွေ့တယ် ဆရာခြိမ့်။ ကျန်တဲ့ဟာတွေ ဆက်ရှာဖို့ကိုတော့ ကျွန်တော့် တပည့်တစ်ယောက်ကို တာဝန်ပေးထားခဲ့ပါတယ်”





မြွေသူတော်မောင်ခြိမ့်က ရာဇဝတ်အုပ် ဦးတက်ကျော်ပေးသော စာရွက်ကိုယူကာ ဖတ်ကြည့်နေစဉ်မှာပင် ဒေါ်ရီတာက…

“ပုဂ္ဂိုလ်ရေး မကောင်းကြောင်းတွေ ဟုတ်လား… ဘယ်လိုမျိုးတွေလဲ။ ကိုနီမောင်နဲ့ ပတ်သက်တဲ့ ဟာတွေပဲလား”

ဟု ပြောလိုက်လေရာ မြွေသူတော်မောင်ခြိမ့်မှာ ထူးဆန်းသလိုဖြစ်သွားပြီး ဒေါ်ရီတာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ပြီးနောက်…

“ဒေါ်ရီတာက ဘယ်လိုလုပ် ဦးနီမောင်နဲ့ ပတ်သက်တဲ့ဟာတွေလို့ သိနေရတာလဲ”

ဒေါ်ရီတာက မအံ့သြသည့် အမူအရာနှင့်ပင် ပြန်ဖြေသည်။

“မနေ့က မနက်ကတင် ကျွန်မ ကိုလှဖေရဲ့ အကျီအိတ်ကပ်တစ်ခုထဲကနေ ကိုနီမောင်ရဲ့ ပုဂ္ဂိုလ်ရေး အရှုပ်အရှင်းတွေ ရေးထားတဲ့ မောင်ရာဟုဆီက အစီရင်ခံစာတစ်စောင်ကို တွေ့တယ်လေ”

ထိုစကားကြောင့် ဂျော်နီကတော့ အတွင်းကျိတ် ကျိတ်ပြီး ပြုံးနေသည်။ အမှန်တော့ အဲဒီစာမှာလည်း သူကိုယ်တိုင် လုပ်ကြံဖန်တီး ရေးသားထားပြီး ဒေါ်ရီတာ တွေ့မြင်နိုင်လောက်သည့်နေရာတွင် အကွက်ဆင်ထားခဲ့သည် မဟုတ်လား။

အခုတော့… သူဆင်ထားခဲ့သည့် သဲလွန်စ အတုတွေနောက်ကို လူတွေအားလုံးက တစ်ဆင့်ပြီးတစ်ဆင့် တစ်သဝေမတိမ်း လိုက်လာနေကြပြီကော…။

တကယ့်အပိုင်ကွက်ကိုရောက်မှ ‘နောက်ဆုံးခလုတ်’ ကို ပြောချန်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မြွေသူတော်မောင်ခြိမ့်က...

"ဒါဆိုရင် အဲဒီအစီရင်ခံစာကို တစ်ဆိတ်လောက် ပြပါဦး ဒေါ်ရီတာ"

ဒေါ်ရီတာက မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ ခေါင်းခါပြလိုက်လေသည်။

"စိတ်မကောင်းပါဘူး ကိုမောင်ခြိမ့်၊ ကျွန်မ အဲဒီအစီရင်ခံစာကို ဖတ်ပြီးပြီးချင်းပဲ မီးရှို့လိုက်ပါပြီ"

ထိုအဖြေစကားကို ကြားလိုက်ရသည်နှင့် မြွေသူတော်မောင်ခြိမ့်က စိတ်ပျက်စွာဖြင့် သက်ပြင်းကို ဟင်းခနဲ ချလိုက်လေသည်။

ရာဇဝတ်အုပ် ဦးတက်ကျော်က မြွေသူတော်မောင်ခြိမ့်ကို အသာ လက်တို့ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ဆရာခြိမ့်... ကျွန်တော် ပြစရာတစ်ခုရှိလို့"

မြွေသူတော်မောင်ခြိမ့်က ဒေါ်ရီတာတို့ တူအရီး မကြားစေချင်၍ တခြားနေရာသို့ခေါ်မှန်း ရိပ်မိသဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် ဒေါ်ရီတာအား ခွင့်တောင်းပြီး ရာဇဝတ်အုပ် ဦးတက်ကျော် ခေါ်ရာနောက်သို့ လိုက်လာခဲ့လေ၏။

ဧည့်ခန်းအပြင်ဘက်ရှိ ထောင့်တစ်နေရာသို့ ရောက်သောအခါ ရာဇဝတ်အုပ် ဦးတက်ကျော်က ဖိုင်တွဲထည့်ထားရာ အိတ်ထဲမှ ဘဏ်စာအုပ်တစ်အုပ်ကို ထုတ်ကာ မြွေသူတော်မောင်ခြိမ့်အား ပေးလိုက်လေသည်။ နှုတ်မှလည်း...

"ကြည့်ကြည့်ပါဦး ဆရာခြိမ့်၊ ရာဟုက ကားဒရိုင်ဘာလည်း ဆိုသေးတယ်...။ ဘဏ်စာအုပ်ထဲမှာကျတော့လည်း အပ်ထားတဲ့ ပိုက်ဆံတွေက မနည်းမနောပဲ"

မြွေသူတော်မောင်ခြိမ့်က ဘဏ်စာအုပ်ပေါ်မှ ဘဏ်နာမည်ကို ဖတ်ကြည့်လိုက်ရာ သောမတ်စ်ကွတ် (Thomas and Cook) ဘဏ်တိုက်၏ နာမည်ကို တွေ့လိုက်ရလေသည်။

(ယခုခေတ်တွင် လူအများကြား ရေပန်းစားလျက်ရှိသည့် အင်္ဂလန် ပရီးမီးယားလိဂ် ဘောလုံးအသင်းတစ်သင်းဖြစ်သော အဲဗာတန် (Everton) အသင်း၏ ဂျာစီပေါ်တွင် မြင်တွေ့ရသည့် Thomas and Cook ဘဏ်မှာ နာမည်ကြီးဖြစ်ပြီး ကိုလိုနီခေတ်ကတည်းက မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ထားရှိခဲ့လေသည်။)

ဘဏ်စာအုပ်ထဲမှ ငွေသားပမာဏကို ကြည့်လိုက်တော့လည်း ရာဇဝတ်အုပ် ဦးတက်ကျော် ပြောသလိုပင် ကားဒရိုင်ဘာ ရာဟုအပ်ထားသော အပ်ငွေများမှာ (သူ့အလုပ်အကိုင်နှင့် နှိုင်းဆကြည့်လိုက်လျှင်) အလွန်တရာများပြားနေကြောင်း တွေ့ရလေ၏။

ရာဇဝတ်အုပ် ဦးတက်ကျော်က...

"ရာဟုဆိုတဲ့လူက ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်တွေရဲ့ နောက်ကြောင်းရာဇဝင်တွေကို တိတ်တဆိတ် စုံစမ်းထောက်လှမ်းပြီး ငွေညှစ်နေတာနဲ့ တူတယ်။ ဒါကြောင့် သူ့ဘဏ်စာအုပ်ထဲမှာ ဒီလောက်ငွေတွေ များနေတာပေါ့"

"အင်း... ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်ဗျာ"

မြွေသူတော်မောင်ခြိမ့်က မတင်မကျအဖြေကိုသာ ပြန်ပေးလိုက်သည်။ သူ့စိတ်ထဲတွင်တော့ သည်ဘဏ်စာအုပ်မှာ တစ်ခုသော လျှို့မှားကောင်း လျှို့မှားနေနိုင်သည်ဟု ယူဆမိပုံရ၏။







www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ် ဦးတက်ကျော်က ဆက်၍...

"ရာဟုဆိုတဲ့ကောင်က သူ့ဆရာ ဦးဂျိန်းလုဖေကိုတောင် အကျပ်ကိုင်ပြီး ငွေညှစ်နေပုံပဲဗျ။ ဟော့ဒီ ဓာတ်ပုံကိုပဲ ကြည့်လေ"

ရာဇဝတ်အုပ် ဦးတက်ကျော်က သူသိမ်းဆည်းရမိလာသော စာရွက်စာတမ်းများကြားမှ ဓာတ်ပုံတစ်ပုံကို မြွေသူတော်မောင်ခြိမ့်၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ဓာတ်ပုံပေါ်မှာတော့ ဦးဂျိန်းလုဖေနှင့် အတွင်းရေးမှူးမလေး ဖြစ်သူ ဆူဇီတို့က မမြင်ဝံ့စရာ အနေအထားဖြင့်...။

မြွေသူတော်မောင်ခြိမ့်က ထိုဓာတ်ပုံကို စူးစူးစိုက်စိုက်ကြည့် နေသည်။

*

မြွေသူတော်မောင်ခြိမ့်၏ လှုပ်ရှားမှုများကို မသိမသာ တစေ့ တစောင်းခိုးကြည့်နေသော ဂျော်နီ၏ ရင်ထဲမှာလည်း တထိတ်ထိတ် ဖြစ်နေလေပြီ။ တကယ်တော့ ထိုဓာတ်ပုံမှာ အစစ်အမှန်မဟုတ်ဘဲ သူ လုပ်ကြံဖန်တီးပြုပြင်ထားသည့် ဓာတ်ပုံအတုသာ ဖြစ်သည်။

ဒါကို မြွေသူတော်မောင်ခြိမ့် ရိပ်မိသွားလေသလား...၊ မရိပ် မိဘူးဆိုလျှင်တော့ သူ့အကြံ အောင်ပြီ။

*





မြွေသူတော်မောင်ခြိမ့်က ထိုမဖွယ်မရာ ဓာတ်ပုံကို ရာဇဝတ် အုပ် ဦးတက်ကျော်လက်ထဲသို့ ပြန်ထည့်ပေးလိုက်ရင်း...

"ဒီဓာတ်ပုံကို ခင်ဗျား ဘယ်လို တွေ့လာခဲ့တာလဲ ရာဇဝတ် အုပ်မင်းရဲ့"

"ရာဟုရဲ့ လက်နှိပ်စက်ဘေးနားကပဲလေ။ ကြည့်ရတာ ဟို ဂျော်နီဆိုတဲ့ သူငယ်က သူ့ဦးလေး သိက္ခာကျမှာစိုးလို့ ဒီဓာတ်ပုံကို ခိုးရအောင် ရာဟုရဲ့အိမ်ထဲ ဖောက်ဝင်တာ နေမှာ။ ကျုပ်တို့ ပုလိပ်တွေ ဗြုန်းစားကြီးရောက်လာတော့ ကိုယ်လွတ်ရုန်းပြေးရင်း ဒီဓာတ်ပုံကို အပါယူမသွားနိုင်ဘဲ ကျန်ရစ်ခဲ့တယ် ထင်ပါရဲ့"

ရာဇဝတ်အုပ် ဦးတက်ကျော်ပြောလိုက်သော စကားများကို နားစွင့်နားဖျား ခပ်သဲ့သဲ့ကြားလိုက်သော ဂျော်နီက ဝမ်းထဲမှာပင် ကျိတ်၍ ပြုံးလိုက်သည်။

သူ့ဆင်ထားသော ပရိယာယ်တွေအတိုင်း အားလုံးသည် တစ်ဆင့်ပြီးတစ်ဆင့် အံဝင်ခွင်ကျ ဖြစ်လာခဲ့လေပြီ။

ဟော... အခုတော့ နောက်ဆုံးပွဲသိမ်း ခလုတ်ကို ဖြုတ်ပိုက် ဖို့သာ လိုတော့သည်။ ထို့ကြောင့် သူက...



www.burmeseclassic.com

www.burmeseclassic.com



ကြက်နာကြီး လည်လိမ်ထားသကဲ့သို့ ငိုင်ငိုင်တွေတွေဖြစ်နေသော မြွေသူတော်မောင်ခြိမ့်ကို လှမ်း၍

''ဒီမယ် ကိုမောင်ခြိမ့်၊ တစ်ဆိတ်လောက်ဗျာ။ ခင်ဗျားနဲ့ ကျွန်တော် နှစ်ကိုယ်ကြား စကားပြောလို့ရမလား''

ပြောပြောဆိုဆိုနှင့် ဂျော်နီက မြွေသူတော်မောင်ခြိမ့်၏ ပခုံးကို အသာဖက်ရင်း အခန်းပြင်ဆီသို့ ထွက်မည့်ဟန်ပြင်လိုက်သည်။

ဂျော်နီ၏ မျက်နှာအမူအရာကသာ ရေးကြီးသုတ်ပျာဟန်၊ လျို့ဝှက်ဟန် ဖြစ်နေသော်လည်း သူ့ခြေလှမ်းတွေကိုတော့ တမင်နှေးကွေးလေးလံထားသည်။

အချိန်ကိုက် ဖြစ်ဖို့လိုတယ်...။

ဟုတ်တယ်... အချိန်ကိုက်ဖြစ်ဖို့လိုတယ်...။

ဂျော်နီ၏ တွက်ကိန်းမှာ မလွဲပါချေ။ သူနှင့် မြွေသူတော်မောင်ခြိမ့်တို့ အခန်းအပြင်ဘက်သို့ ခြေလှမ်းမချရသေးခင်မှာပင် ရာဇဝတ်အုပ် ဦးတက်ကျော်က ဒေါ်ရီတာအနီးသို့ ရောက်သွားပြီး သူမခင်ပွန်းဖြစ်သူ ဦးကျိန်းလှဖေနှင့် ဆူဇီတို့၏ မင်္ဂလာဓာတ်ပုံကို ဒေါ်ရီတာလက်ထဲသို့ ထည့်ပေးလိုက်လေတော့သည်။

ဒေါ်ရီတာက ဓာတ်ပုံကိုကြည့်လိုက်ပြီး ကွက်ခနဲ မျက်နှာပျက်သွား၏။

သည်အခိုက်အတန့်လေးကိုပင် အချိန်ကိုက်စောင့်ဆိုင်းနေသော ဂျော်နီက အခုမှ ရုတ်တရက် သတိပြုမိသွားဟန်ဖြင့် ဦးတက်ကျော်ကို စူးစူးဝါးဝါး လှမ်းအော်လိုက်သည်။

''မပြနဲ့... မပြနဲ့... ကျုပ်အဒေါ်ကို အဲဒီဓာတ်ပုံ မပြလိုက်နဲ့''





ဂျော်နီ၏ သရုပ်ဆောင်ချက်က ပိုင်နိုင်ပြီး အကွက်ဝင်လှသည်။ သူက စိတ်ထိခိုက်ပေါက်ကွဲနေသော အမူအရာဖြင့် မြွေသူတော်မောင်ခြိမ့်ဘက်သို့လှည့်ကာ...

''သွားပါပြီဗျာ... သွားပါပြီ။ ကျုပ်အဒေါ် စိတ်မချမ်းသာမှာစိုးလို့ ပြီးတော့... ကျုပ်ဦးလေး ဂုဏ်သိက္ခာကျမှာစိုးလို့ ကျုပ်ကိုယ်ကျုပ် ထောင်ကျကျ တန်းကျကျဆိုပြီး ရာဟုရဲ့အိမ်ထဲ ဓာတ်ပုံဝင်ခိုးခဲ့တာ။ အခုတော့ သဲထဲရေသွန် ဖြစ်ကုန်ပြီပေါ့။ ဘာဖြစ်လို့များ ဒီဓာတ်ပုံကို ကျုပ်အဒေါ်ကို ပြလိုက်ကြတာလဲဗျာ။ ခင်ဗျားတို့ လုပ်ရက်လိုက်ကြတာ''

ဂျော်နီက မခံမရပ်နိုင်ဟန်ဖြင့် မောင်ခြိမ့်နှင့်တကွ ပုလိပ်အရာရှိများအားလုံးကို လက်ညှိုးငေါက်ငေါက်ထိုးကာ စွပ်စွဲလေတော့သည်။

ဒေါ်ရီတာကတော့ ဝေ့ဝဲလာသော မျက်ရည်စများကို သိမ်းဆည်းရင်း

"ထားလိုက်ပါတော့ ငါ့တူရယ်၊ ထားလိုက်ပါတော့၊ ဒီကိစ္စကြီးတစ်ခုလုံးကို မင်းလည်း မေ့ပစ်လိုက်ပါတော့။ ဒေါ်ဒေါ်လည်း မေ့ပစ်လိုက်ပါ့မယ်။ ဟောဒီဓာတ်ပုံကိုလည်း မီးရှို့ပစ်လိုက်တော့မယ်''

ထိုစကားကြောင့် မြွေသူတော်မောင်ခြိမ့်မှာ ငေးငိုင်နေရာမှ ဆတ်ခနဲဖြစ်သွားပြီး ပျာပျာသလဲဖြင့်...

''ဟာ... ဒီဓာတ်ပုံကို မီးရှို့ပစ်လို့ မဖြစ်ဘူးလေ။ ဒါ လူသတ်မှုမှာ သက်သေခံအထောက်အထားပဲ၊ ဒါကို မီးရှို့လိုက်ရင် သက်သေခံအထောက်အထား ဖျောက်ဖျက်မှု...''



www.burmeseclassic.com

www.burmeseclassic.com



မောင်ခြိမ့်၏စကားကြောင့် ဒေါ်ရီတာမှာ ဒေါသမထွက်စဖူး အကြီးအကျယ်ထွက်သွားပြီး မီးပွင့်မတတ် မျက်လုံးများဖြင့်

''ဘာသက်သေခံ အထောက်အထားလဲ... ဘာလူသတ်မှုလဲ။ ရှင် စိတ်ထင်တိုင်း လျှောက်ပြောမနေနဲ့ အင်စပက်တာမင်း။ ဒီမှာ ဘာလူသတ်မှုမှ မရှိဘူး။ ရှင်တို့ကိစ္စလည်း ဘာမှမရှိဘူး။ ကိုင်း... သွားကြတော့''

''မဟုတ်... မဟုတ်သေးဘူး... ဒေါ်ရီတာ။ ကျွန်တော့်ကို နည်းနည်းလောက် အချိန်ပေး...''

မြွေသူတော်မောင်ခြိမ့်၏ စကားမဆုံးခင်မှာပင် ဒေါ်ရီတာက...

''တော်လောက်ပြီ ထင်ပါတယ်... အင်စပက်တာမင်း။ ကဲ... ရှင်တို့အားလုံး ကျွန်မ အိမ်ထဲကနေ ထွက်သွားကြပါတော့''

မြွေသူတော်မောင်ခြိမ့်တစ်ယောက် သက်ပြင်းချရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့ချေ။ သူ့အဖွဲ့သား အားလုံးကိုခေါ်ကာ ဒေါ်ရီတာကို ကျောခိုင်းလိုက်သည်။ ထို့နောက် လေးတွဲ့သော ခြေလှမ်းများဖြင့် ညှိခန်းအပြင်ဘက်ဆီသို့ တရွေ့ရွေ့ ပြန်ထွက်ခဲ့၏။

ညှိခန်းတံခါးကို ပြန်မပိတ်မီ နောက်ဆုံးအချိန်လေးမှာပင် အခန်းထဲမှ ဒေါ်ရီတာနှင့် ဂျော်နီတို့ တူအရီးနှစ်ယောက် တစ်ဦးကို တစ်ဦး နှစ်သိမ့်အားပေးနေကြသော စကားသံများကို ကြားဖြစ်အောင် ကြားလိုက်ရလေသည်။

ဒေါ်ရီတာက...

''ဒေါ်ဒေါ်ဖြင့် လုံးလုံးကို ထင်မထားမိဘူးကွယ်။ ဆူဇီဆိုတဲ့ ကလေးမလေးဟာ သူ့အပေါ် ဒေါ်ဒေါ်က ကောင်းခဲ့တဲ့ ကျေးဇူး





ကိုမှ မထောက်...၊ ကွယ်ရာမှာ ဒင်းတို့က ဖြစ်ချင်သလိုင်း ဖြစ်နေကြတာကိုး''

''ဟုတ်တယ် ဒေါ်ဒေါ်၊ သူတို့ ဖောက်ပြန်နေကြတာ တစ်နှစ်ခွဲ နှစ်နှစ်လောက်ရှိပြီ။ ကျွန်တော်က ဦးလေးကို တိုးတိုးတိတ် တိတ် ဖျောင်းဖျပါသေးတယ်။ ဒါပေမဲ့ ဘယ်ရပါတော့မလဲ ဒေါ်ဒေါ်ရယ်၊ 'မ'ဘက်လိုက်ပြီဆိုတော့ 'မိုက်'ဘက်ပါပေတာ ပေါ့''

ဂျော်နီ၏အသံက တကယ်ပင် ကြေကြေကွဲကွဲ ရှိလှသည်။ ဒေါ်ရီတာက အခုမှပင် အားလုံးကို ဆက်စပ်နားလည်သွားဟန်ဖြင့်

''သြော်... သြော်... ဒါကြောင့် ဒင်းက ငါ့တူလေးကို အမြဲတမ်း အပြစ်ရှာ ဝေါက်ငမ်းနေတာကိုး။ ဒင်း 'မ'စိတ်မွှန်နေမှန်း မသိတော့ ဒေါ်ဒေါ်ကတောင် မင်းအပေါ် အထင်လွဲမိသေး တယ်ကွယ်''

ဒေါ်ရီတာက ဂျော်နီ၏ပခုံးကို ယုယကြင်နာစွာဖြင့် သိုင်းဖက် လိုက်၏။ ဂျော်နီက ဒေါ်ရီတာ၏ရင်ခွင်ကို ခေါင်းဖြင့်တွေ့ရင်း

''ပြီးတာတွေ ပြီးပါစေတော့ ဒေါ်ဒေါ်ရယ်''

ကျန်စကားများကိုမူ ဆက်နားထောင်နေဖို့ မလိုအပ်တော့သော ကြောင့် မြွေသူတော်မောင်ခြိမ့်က ခြေသံကို ဖွဖွနင်းရင်း အိမ်ထဲမှ ထွက်ခွာသွားလေတော့သည်။

ထိုအချိန်တွင် ဂျော်နီကတော့ ဒေါ်ရီတာ၏ ရင်ခွင်ထဲတွင် သို့ဝှက်ကောက်ကျစ်စွာ ပြုံးနေလျက်သား...။

*



www.burmeseclassic.com

www.burmeseclassic.com



'တစ်ချက်ခုတ် နှစ်ချက်ပြတ်'ဟူသော စကားမှာ သူ့လို အကွက်စေ့အောင်တွေးတတ်သော ဉာဏ်ကြီးရှင်တစ်ယောက်အတွက် နည်းတောင်နည်းသေးသည်ဟု ကျော်နီက ယူဆလိုက်၏။

ဟော... အခုပင်ကြည့်လေ၊ သူသည် အဒေါ်၏ စိတ်ချမ်းသာမှုကို တန်ဖိုးထားသည့် သားလိမ္မာ...။ သေဆုံးသွားသော ဦးလေး၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးသော သူရဲကောင်း...။ ဒီတော့ သူ့ကို ဘယ်သူက လူသတ်သမားဟု စွပ်စွဲဝံ့ပါဦးမည်နည်း။

သူနှင့် ဦးလေးဖြစ်သူ ဦးဂျိန်းလှဖေတို့ အမြဲတမ်းလိုလို တကျက်ကျက်ဖြစ်နေရသည့် အကြောင်းအရင်း၏ လက်သည်မှာလည်း သူ့အပြစ်မဟုတ်ဘဲ အိမ်ထောင်ရေးဖောက်ပြန်သော ဦးလေးဖြစ်သူ၏ အလွန်သာဖြစ်ကြောင်း... သက်သေသက်ကန်နှင့်တကွ ပေါ်လွင်နေပြီ မဟုတ်လား...။

ဒီတစ်ကွက်တည်းနှင့်...

လူသတ်တရားခံအဖြစ်က ကင်းလွတ်ရုံသာမက ဒေါ်ရီတာ၏ ယုံကြည်မှုကိုလည်း ရာနှုန်းပြည့် သိမ်းပိုက်လိုက်နိုင်လေပြီ။

ကဲ... ဒီတော့...

နေရှင်နယ်ဘားမား ကုမ္ပဏီသည် သွန်လိုသွန်၊ မှောက်လို မှောက် သူ့လက်ခုပ်ထဲ ရောက်လာတော့မည်မှာ မလွဲချေ။

❑





(နိဂုံး)

နေရှင်နယ်ဘားမား ကုမ္ပဏီ၏ရှေ့သို့ ချယ်ယာမင်စီးသော စတူဒီဘေကာ ကားသစ်ကြီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ဆင်းလာသူကတော့... ကျော်နီ။

ကုမ္ပဏီအဆောက်အအုံအတွင်းသို့ ဝင်လာသော ကျော်နီမှာ အရင်တုန်းကလို ပြောင်စပ်စပ်၊ ပြည်တည်တည် မျက်နှာပေးနှင့် မဟုတ်တော့။

ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးစီးနေရသည့် ချယ်ယာမင် ဦးကျော်နီ ဟူသော ဂုဏ်ပုဒ်ဖြင့် လိုက်ဖက်ညီအောင် တည်ကြည်ခန့်ညား [illegible] ရနေ၏။ ယခင်တုန်းက ကျော်နီ နောက်သမျှ ပြောင်သမျှအဆာကို [illegible] ဆောင့်ကာ ခံခဲ့ရသော စာရေးမလေးများသည်ပင်လျှင် ယခုတော့ ကျော်နီကို မြင်သည်နှင့် ခြေစုံရပ်ကာ ဦးညွတ်အရိုအသေ[illegible]

www.burmeseclassic.com



"မင်္ဂလာပါ သူဌေးမင်းရှင့်"

ဟု နှုတ်ဆက်ရလေပြီ။

ဂျော်နီကတော့ မရယ်မပြုံး ခပ်တည်တည်ပင်။ သူ့ခြေလှမ်းတွေက 'ယခင် ဦးဂျိုန်းလုဖေ'ရုံးထိုင်ခဲ့သော ချယ်ယာမင်ရုံးခန်းဆီသို့ ဦးတည်နေ၏။

ချယ်ယာမင် ရုံးခန်းအပြင်ဘက်ရှိ အတွင်းရေးမှူး စားပွဲပေါ်တွင်ကား ဆူဇီတစ်ယောက် မျက်နှာအပ်လျက် တသိမ့်သိမ့် ရှိုက်ငိုနေ၏။

ဂျော်နီက အတွင်းခန်းထဲသို့ ဝင်မည့်ဟန်ပြင်ပြီး အခုမှ ဆူဇီကို သတိထားမိသွားဟန်ဖြင့် မသိချင်ယောင်ဆောင်ကာ မေးလိုက်သည်။

"ဟင်... ဘာဖြစ်လို့ ငိုနေတာလဲ ဆူဇီ"

"ဟင့်... ဟင့်... ဂျော်နီ... ဂျော်နီရယ်...။ အန်တီ ဒေါ်ရီတာက ဆူဇီကို အလုပ်က ထုတ်ပစ်လိုက်တဲ့အကြောင်း အခုပဲ စာပို့လိုက်တယ်။ ဟင့်... အဟင့်"

ဂျော်နီ၏ နှလုံးအိမ်ထဲက လျှို့ဝှက်အခန်းလေးထဲတွင် အပြုံးပန်းတစ်ပွင့် ပွင့်သွား၏။ အားလုံးသည် သူစီစဉ်ထားသည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ကွက်တိဖြစ်လာခဲ့ပြီကော...။

ဆေးပြင်းလိပ်ကိစ္စနှင့် ပတ်သက်ပြီး ခြေရာခံရန်မှာ လူနှစ်ဦးသာ ရှိသည်။ ဆူဇီနှင့် ဦးနီမောင်...။ ဒါကြောင့် ဒီနှစ်ယောက်စလုံးကို ဖယ်ရှားပစ်ဖို့ လိုသည်။

သူကိုယ်တိုင် အလုပ်ထုတ်ပစ်လိုက်လျှင်ကား သူ့အပေါ်ကို သံသယမကင်းစရာ ဖြစ်လာပေလိမ့်မည်။ ထို့ကြောင့် အန်တီဒေါ်ရီတာကို တစ်ဖက်လှည့်ဖြင့် တိုက်တွန်းခဲ့ခြင်းဖြစ်၏။





ဟော... အခု ဆူဇီရှေ့မှာတော့ ဘီလူးရုပ်မပေါ်အောင် မင်းသားခေါင်း ဆောင်းပြရပေဦးမည်။ ထို့ကြောင့် ဂျော်နီက

"ဟာ... ဖြစ်မှဖြစ်ရလေ ဆူဇီရယ်။ ဒေါ်ဒေါ်က ဆူဇီကို ဒီလောက်ချစ်တဲ့ဥစ္စာ။ ဘာကြောင့်များ စိတ်ပြောင်းသွားရတာပါလိမ့်"

ဆူဇီက ငိုရှိုက်ရင်း

"ဆူဇီလည်း မတွေးတတ်တော့ဘူး ဂျော်နီရယ်။ အကျိုးအကြောင်းသိရအောင် အန်တီ့အိမ်ကို ဖုန်းဆက်သေးတယ်။ ဒါပေမဲ့ ဖုန်းလည်း လာမကိုင်ဘူး"

ထိုစကားကြောင့် ဂျော်နီ၏ မျက်ဝန်းထောင့်တွင် မသိမသာ ကျဉ်းမြောင်းကာ ပြုံးရောင်သမ်းသွားသည်။ သူ့စိတ်ထဲမှာလည်း 'ဘယ်ကိုင်ပါ့မလဲ ငတုံးမရဲ့၊ နင်နဲ့ ဦးနီမောင်တို့ ဒေါ်ဒေါ်နဲ့ တိုက်ရိုက်စကားပြောလိုက်ရင် ဟိုကိစ္စတွေ ပေါ်ကုန်မှာစိုးလို့ ဒီနေ့မနက် အစောကြီးကတည်းက ဒေါ်ဒေါ်ကို တောင်ပေါ်ရုံးနားက အပန်းဖြေအိမ်ကို ပို့ထားခဲ့ပြီးပြီ'ဟု ကျိတ်၍ ကြုံးဝါးနေမိသည်။

ဂျော်နီ၏ အကွက်မြင်၊ အကွက်ဆင်မှုကတော့ ကြောက်ခမန်းလိလိပင်။ ယိုကွက်ဟာကွက် ဖြစ်လာနိုင်သမျှကို စေ့စေ့စပ်စပ် ပိတ်ဆို့ရှင်းလင်းထားနိုင်သည် မဟုတ်ပါလား။

ဆူဇီကား ဂျော်နီကို အားကိုးတကြီးကြည့်ရင်း ဝမ်းနည်းစွာ ငိုရှိုက်နေဆဲ။

ဂျော်နီက

"ကဲ... ကဲ... သိပ်လည်း စိတ်ထိခိုက်မနေပါနဲ့ ဆူဇီရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဆူဇီအတွက် အားလုံးတာဝန်ယူတယ် ဟုတ်ပြီလား''

အကြောင်းမသိသူများအတွက်မူ ဂျော်နီ၏အပြော ဂျော်နီ၏ အပြုံးတို့သည် ကြင်နာမှုအပြည့်...။

ဂျော်နီက ဆူဇီကို ခပ်သွက်သွက် ကျောခိုင်းပြီးသည်နှင့် ချယ်ယာမင် ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ ရုံးခန်းကား သူဦးလေး လက်ထက်တုန်းကလို မဟုတ်တော့၊ ချယ်ယာမင်အသစ်ဖြစ်သူ ဂျော်နီ ၏စိတ်ကြိုက် အပြင်အဆင်များဖြင့် ပြန်လည် ပြုပြင်မွမ်းမံနေဆဲပင် ရှိသေးသည်။ တချို့နေရာများတွင် လက်စပင် မသတ်ရသေး၊ ပရိဘောဂ အသစ်များ လဲလှယ်တပ်ဆင်နေသည့် အလုပ်သမားများက ဂျော်နီ ဝင်လာသည်ကို မြင်သည်နှင့် ဦးညွှတ်အရိုအသေပေးပြီးနောက် လုပ်လက်စ လက်သမားကိရိယာ တန်ဆာပလာများကို သိမ်းဆည်းကာ ရှိရိုကျိုးကျိုး ထွက်ခွာသွားကြသည်။

အခန်းထဲတွင် မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေတော့သော အခါတွင်မှ ဂျော်နီက ဆုံလည်ကုလားထိုင်ကြီးပေါ်သို့ အိခနဲနေအောင် တက်ထိုင်ချလိုက်သည်။

ကဲ... အခုတော့ ဟောဒီထိုင်ခုံမှာ ငါ ထိုင်ခွင့်မရအောင် ဘယ်သူကများ တားဆီးနိုင်ဦးမှာလဲ...။

ဂျော်နီ၏ ရင်တွင်းမှ ကြုံးဝါးလိုက်သံက စကားသံအဖြစ် ထွက်မလာသော်လည်း ရုံးခန်းနံရံ အထပ်ထပ်ကို ပဲ့တင်ခတ်သွားစေ သည်ဟုပင် ထင်ရလေသည်။

ထိုစဉ်မှာပင် သူ့စိတ်နှလုံး ချမ်းမြေ့မှုကို အကြီးအကျယ် ဖျက်ဆီးလိုက်သည့် အသံတစ်သံ ပေါ်ထွက်လာသည်။





''ကျွိ...''

ရုံးခန်းတံခါး ပွင့်ဟသွားသံ...။ ထို့နောက် လောကတွင် သူ မမြင်ချင်ဆုံးသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

မြွေသူတော်မောင်ခြိမ့်...။

မြွေသူတော်မောင်ခြိမ့်၏နောက်မှ ကပ်လျက် ရုံးခန်းထဲသို့ ဝင်လိုက်လာသူကား ဦးနီမောင်ပင်ဖြစ်၏။

ဂျော်နီက ဣန္ဒြေမပျက်ပင်...

''ဘာကိစ္စများ ရှိသေးလို့လဲ ကိုမောင်ခြိမ့်''

မြွေသူတော်မောင်ခြိမ့်က သူ့ထုံးစံအတိုင်း စကားကို လိုရင်း မပြောသေးဘဲ

''ကျုပ် စောစောက ဒီရုံးခန်းကို တက်မလာခင် ဦးနီမောင်ရဲ့ အခန်းကို အရင်ဝင်လိုက်သေးတယ်ဗျ... အဲ... ဟို... ဦးနီမောင် ကလည်း သူ့ပစ္စည်းပစ္စယတွေ ရှင်းလင်းသိမ်းဆည်းနေတော့ ကား... ဟိုဒင်း...''

''ကိုမောင်ခြိမ့်... လိုရင်းပြောပါလားဗျာ''

ဂျော်နီက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်စဉ် နောက်ဘက်နား ကျကျတွင် ရပ်နေသော ဦးနီမောင်က

''ခင်ဗျား အဒေါ်က ကျုပ်ကို အလုပ်ဖြုတ်လိုက်ပြီ''

ဟု လေသံပြတ်ပြတ်ဖြင့် ဝင်ပြော၏။ သူ့မျက်နှာမှာသည်း စိတ်ထိခိုက်ကြေကွဲမှုကို ရုပ်ပျက်ဆင်းပျက် မပေါ်လွင်အောင် မနည်း ထိန်းသိမ်းနေရဟန် တူလေသည်။

ဂျော်နီက ထိုကိစ္စကို အခုမှပင် သိရသယောင် ဟန်ဆောင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဘယ်လိုဖြစ်ရတာလဲ ဦးနီမောင်ရယ်"

"ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားမရနိုင်အောင် ဖြစ်နေတာ။ ဒေါ်ရီတာနဲ့ ကျုပ်က ဒီလောက် နှစ်ပေါင်းများစွာ လက်ပွန်းတတီး နေလာပြီးမှပျာ။ ကျုပ်အပေါ်မှာ ဘာများ စိတ်ကွက်သွားသလဲ မသိဘူး။ အကျိုးအကြောင်းသိချင်လို့ အိမ်ကို ဖုန်းဆက်တော့လည်း ဖုန်းလာမကိုင်ဘူးလေ"

ဂျော်နီက ရိုးသားသူတစ်ယောက်၏ ဟန်ပန်အပြည့်ဖြင့်...

"ဒီလိုပါ ဦးနီမောင်... ဒေါ်ဒေါ့ကျန်းမာရေးအရ အေးချမ်းဆိတ်ငြိမ်တဲ့နေရာမှာ ရက်ရှည်အနားယူရမယ်လို့ ဆရာဝန်က ပြောတာနဲ့ ဒီနေ့မနက်ပဲ တောင်ပေါ်ရုံးနားက အပန်းဖြေအိမ်ကို ကျွန်တော် လိုက်ပို့လိုက်ရတယ်ပျာ။ ဒါကြောင့် အိမ်မှာ ဖုန်းကိုင်မယ့်လူ တစ်ယောက်မှမရှိလို့ပါ"

ထိုစဉ် ငူတူတူ ငိုင်တိုင်တိုင်ဖြင့်ရပ်နေသော မြွေသူတော်မောင်ငြိမ့်က သူ့ဆံပင် စုတ်ဖွားဖွားကို လက်ချောင်းများဖြင့် ထိုးဖွရင်း

"အေးပျာ... ဒီနေ့အဖို့ ကျုပ်တော့ စိတ်မကောင်းစရာတွေနဲ့ ချည်း ကြုံနေတော့တာပဲ။ ဦးနီမောင်လည်း အလုပ်ပြုတ်၊ ဟော... စောစောကတင် ခင်ပျားအခန်းရှေ့ရောက်တော့ ဆူဇီကလည်း တရှုံ့ရှုံ့ငိုနေသေးတာကော။ ဘာတွေများ ဖြစ်..."

ဓေ့လည်ကြောင်ပတ်ဖြင့် စကားအစ်ချင်သလိုလို လုပ်နေသော မြွေသူတော်မောင်ငြိမ့်ကို ဂျော်နီတစ်ယောက် လုံးဝသည်းခံနိုင်စွမ်း မရှိတော့တဲ...

"ဒီမှာ ကိုမောင်ငြိမ့်... ခင်ပျားလာရတဲ့ အကြောင်းကိုသာ





တိုတိုနဲ့လိုရင်း ပြောစမ်းပါပျာ"

"အဲ... ဆောရီး... ဆောရီး... ကျုပ် မေ့သွားလို့ပျို့။ ဒီလိုပါ၊ စောစောကပဲ မေဖြို့ဂါတ်က ကျုပ်ကို အကြောင်းကြားလာတယ်ပျာ။ ချောက်ထဲကျပြီး ပျက်စီးသွားတဲ့ ခင်ပျားဦးလေးရဲ့ ကားထဲက ဘာဆိုလား တွေ့လို့ဆိုပဲ... အဲဒါကြောင့် သွားကြည့်ရအောင်လို့ ခင်ပျားကို ဝင်ခေါ်တာ"

မြွေသူတော်မောင်ငြိမ့်က အားတက်သရော ပြောနေသော်လည်း ဂျော်နီကမူ ဟူးခနဲ သက်ပြင်းမှုတ်ထုတ်ပြီး ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည်။

သူ့အတွက် ဒီလို ခြောက်လုံး၊ လှန့်လုံး၊ ဖြီးလုံး၊ ဖြန်းလုံးတွေ မလိုအပ်တော့ပါ။ သူဆင်ခဲ့သော ဆေးပြင်းလိပ်သေတ္တာထဲမှ ဗုံး၏ ပေါက်ကွဲအားပြင်းထန်မှုကို သူ ကောင်းကောင်းသိသည်။ အခု သူတို့ တွေ့ရှိသော အရာဆိုသည်မှာလည်း မီးလောင်ကျွမ်း တွန့်လိမ်နေသည့် အတိုအစတွေမှလွဲ၍ ဘာမှမဖြစ်နိုင်ပေ။

ထို့ကြောင့် သူက ကုန္တြေရစွာဖြင့်...

"မလိုက်တော့ပါဘူးပျာ... နေပါစေတော့။ မနက်စောစောကတည်းက ဒေါ်ဒေါ်ကို တောင်ပေါ်အထိ ကားမောင်းပို့ထားရတော့ အတော်လေး ပင်ပန်းနေပြီဗျ။ ခင်ပျားတို့ပဲ သွားကြပါတော့ပျာ"

"ဩော်... ကျုပ်ကတော့ ခင်ပျားဦးလေးနဲ့ ပတ်သက်တဲ့ ကိစ္စ မှန်သမျှ သိများသိချင်မလားလို့ လာခေါ်တာပါ။ ကဲ... လည်း ရှိစေတော့လေ။ ဟိုမှာ ဒေါ်ရီတာလည်း ...



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ သူ့ကိုပဲခေါ်ပြီး ပြလိုက်တော့မယ်။ ကိုနီမောင်လည်း ဒေါ်ရီတာနဲ့တွေ့ပြီး မျက်နှာချင်းဆိုင် ရှင်းလို့ရသွားတာပေါ့''

''ကောင်းလိုက်လေ အင်စပက်တာကြီးရယ်။ ကျုပ်လည်း မရီတာနဲ့ တွေ့ချင်နေတာဗျ။ ကျုပ်ပါ တစ်ခါတည်း လိုက်ခဲ့တော့မယ်''

မြွေသူတော်မောင်ခြိမ့်နှင့် ဦးနီမောင်တို့၏ အပြန်အလှန်ပြောဆိုနေကြသော စကားများကြောင့် ဂျော်နီ့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေတော့သည်။

သူ မပါဘဲ မြွေသူတော်မောင်ခြိမ့်ရှေ့တွင် အဒေါ်ဖြစ်သူ ဒေါ်ရီတာနှင့် ဦးနီမောင်တို့ ဆုံလို့မဖြစ်...။

မဖြစ်ဘူး... မဖြစ်ဘူး... ငါလိုက်သွားမှ ဖြစ်မယ်။ နို့မို့ဆို ငါ့အလိမ်တွေအားလုံး ပေါ်ကုန်လိမ့်မယ်။ မောင်ခြိမ့်ဆိုတဲ့လူကလည်း အစ်အောက်မေးတတ်ပါဘိသနဲ့။

ထိုအတွေးဖြင့် သူ ဝုန်းခနဲ ထရပ်လိုက်ပြီး

''အဲ... နေ... နေကြပါဦး။ ကျုပ်လိုက်ခဲ့မှ ဖြစ်မယ်ထင်တယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အဒေါ်က ကျန်းမာရေး မကောင်းရတဲ့ကြားထဲ ခင်ဗျားတို့ အခုတွေ့ထားတယ်ဆိုတဲ့ ပစ္စည်းက သူ့အတွက် စိတ်နှလုံးထိခိုက်လောက်စရာဖြစ်နေရင် ကိုယ်ကျိုးနည်းရချည်ရဲ့ဗျာ။ ခင်ဗျားတို့ကလည်း ပြသင့်မှန်း မသိ၊ မပြသင့်မှန်းမသိ လုပ်တတ်လွန်းလို့ ကျုပ် အရင်ကြည့်ပြီးတော့မှပဲ ဒေါ်ဒေါ်ကို ခေါ်ပြသင့်၊ မပြသင့် ဆုံးဖြတ်ကြတာ





ပေါ့''

ရုတ်တရက် ပြောင်းလဲသွားသော ဂျော်နီ၏ ဆုံးဖြတ်ချက်ကြောင့် မြွေသူတော်မောင်ခြိမ့်က မသိမသာ ပြုံးလိုက်လေသည်။ ပြီးမှ...

''ကိုင်း... ဒါဆိုလည်း သွားကြစို့''

*



www.burmeseclassic.com

www.burmeseclassic.com



မြွေသူတော်မောင်ငြိမ့်တို့ စီးနင်းလိုက်ပါလာသော ကားလေးမှာ ကောင်းကင်ကြိုးရထား (Cable car) ရှိရာ အောင်ပင်လယ်အနီးရှိ တောင်ခြေသို့ ကျွဲခနဲ ထိုးရပ်လာသည်နှင့် အသင့်စောင့်ကြိုနေသည့် မေမြို့ဂိတ်မှ ရာဇဝတ်အုပ် ဦးမြင့်ကြိုင်နှင့် ပုလိပ်သားနှစ်ယောက်တို့က အပြေးကလေး လာကြိုသည်။

ရာဇဝတ်အုပ် ဦးမြင့်ကြိုင်၏ လက်ထဲတွင်ကား တောင်ဆုပ်ခန့်ရှိသော ရုံးသုံး အညိုရောင် စာအိတ်ဖောင်းဖောင်းကြီးတစ်လုံး...။

"ဗျို့... ဆရာငြိမ့်"

ရာဇဝတ်အုပ် ဦးမြင့်ကြိုင်၏ နှုတ်ဆက်စကား မဆုံးခင်မှာပင် မြွေသူတော်မောင်ငြိမ့်က ကားတံခါးကိုဖွင့်ကာ ဒရောသောပါး ဆင်းလာရင်း...

"ခင်ဗျားတို့ တွေ့ထားတယ်ဆိုတာ ဒီဟာလားဗျ။ ဘယ်နားကနေ တွေ့တာလဲ"

မြွေသူတော်မောင်ငြိမ့်၏ အမေးကြောင့် ရာဇဝတ်အုပ် ဦးမြင့်ကြိုင်က ကောင်းကင်ကြိုးရထား ရထားလမ်းအဆုံးရှိရာ ဝေးသုံးထောင်ခန့်မြင့်သော တောင်စောင်းတစ်ခုဆီသို့ လက်ညှိုးထိုးပြရင်း





"ဟော... ဟိုးက ခပ်ရေးရေးမြင်နေရတဲ့ တောင်စွန်းရဲ့ ညာဘက်က လျှိုကလေးထဲမှာ တွေ့တာဗျ။ ဒီကနေ လှမ်းကြည့်လို့ကတော့ အဲဒီ လျှိုကလေးကို မမြင်ရဘူး။ ကောင်းကင်ကြိုးရထားနဲ့ လိုက်သွားမှပဲ ရမယ်"

"ရှာရှာဖွေဖွေဗျာ... ခင်ဗျားမို့ တွေ့တတ်တယ်"

"ကျုပ်တွေ့တာ မဟုတ်ဘူးဗျို့။ ဟောဒီက ပုလိပ်သား ညိုကြီးနဲ့ ဆာသင်စိန်မြင့်တို့က ပိုက်စိပ်တိုက် ရှာနိုင်လို့သာ တွေ့ရတာ။ ကံကောင်းချင်တော့ တခြားဟာတွေလို မီးလောင်စုတ်ပြတ်မနေဘဲ အကောင်းပကတိနီးပါးပဲဗျ"

ရာဇဝတ်အုပ် ဦးမြင့်ကြိုင်၏စကားကြောင့် မသိမသာ နားစွင့်နေသော ဂျော်နီပင်လျှင် စိတ်ဝင်စားသွားပြီး

"ဘာပစ္စည်းများတုန်း"

ဟု လွှတ်ခနဲ မေးလိုက်မိသည်။ သို့သော် သူ့စကားကို ရာဇဝတ်အုပ် ဦးမြင့်ကြိုင်က ပြန်မဖြေနိုင်ခင်မှာပင် မြွေသူတော်မောင်ငြိမ့်က ဦးအောင် စကားဖြတ်ပြီး...

"ဒီပစ္စည်း တွေ့တယ်ဆိုတဲ့နေရာကို ကျုပ် သွားကြည့်ချင်တယ်ဗျာ။ ဘယ်နှယ့်လဲ"

"သွားကြည့်လို့ ရပါတယ်။ ဟောဒီက ညိုကြီးနဲ့ ဆာသင်စိန်မြင့်ကိုခေါ်ပြီး ကျုပ်ပါ လိုက်ခဲ့ပါမယ်။ ကိုင်း... ဆရာငြိမ့် သွားမယ်ဆိုရင်လည်း မြန်မြန်လုပ်ဗျ။ ကောင်းကင်ကြိုးရထားက တောင်ပေါ်ပြန်တက်ဖို့တောင် ပြင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း... ကိုင်း... ဒါဆိုလာဗျို့... ခပ်မြန်မြန်လေး သုတ်ခြေတင်လိုက်ကြရအောင်"

အလောတကြီးဖြစ်နေကြသည့် မြွေသူတော်မောင်ခြိမ့်နှင့် ဦးမြင့်ကြိုင်တို့ကို ကြည့်ရင်း ဂျော်နီက

"ခင်ဗျားတို့တွေ့ထားတာ ဘာပစ္စည်းမို့လို့လဲဗျ"

"လာစမ်းပါဗျာ... ကြိုးရထားပေါ်ကျမှ အေးအေးဆေးဆေး ကြည့်တာပေါ့"

မြွေသူတော်မောင်ခြိမ့်က ရာဇဝတ်အုပ် ဦးမြင့်ကြိုင်လက်ထဲမှ အထုပ်ကို ဆတ်ခနဲ ဆွဲယူပြီး ကောင်းကင်ကြိုးရထားဆီသို့ ဒရောသောပါး ပြေးလေတော့ရာ ဂျော်နီအပါအဝင် ကျန်သူများအားလုံး ကြိမ်တို့ ခံလိုက်ရသကဲ့သို့ နောက်မှ တရကြမ်း ခြေကုန်သုတ်ရလေတော့သည်။

*





ကောင်းကင်ကြိုးရထားထဲတွင် မြွေသူတော်မောင်ခြိမ့်၊ ဂျော်နီ၊ ဦးနီမောင်တို့ ဝင်ရောက်ထိုင်လိုက်ကြပြီးမှ ရာဇဝတ်အုပ် ဦးမြင့်ကြိုင်နှင့် ပုလိပ်သားနှစ်ဦးက လွှားခနဲ ခုန်တက်လိုက်ကြသည်။ ထို့နောက်...

"ဂျိန်း! "

ကောင်းကင်ကြိုးရထားတံခါး ပိတ်သွားပြီးနောက် စက်သီးနှင့် ချိန်းကြိုးများ ပွတ်တိုက်သံ တကျွိကျွိပေါ်ထွက်လာပြီး တောင်ထိပ်ဆီသို့ သွယ်တန်းထားသော သံမဏိကြိုးတန်းတစ်လျှောက်အတိုင်း ရထားအိမ်သည် တွဲလောင်းလှုပ်ယမ်းကာ တရွေ့ရွေ့ မြင့်တက်သွားလေတော့သည်။

"အောင်မလေး... အသည်းယားလိုက်တာဗျာ"

မြွေသူတော်မောင်ခြိမ့်က ကြိုးရထားအိမ်မှန်ပေါက်မှ အောက်ဘက် ချောက်အနက်ကြီးဆီသို့ ငုံ့ကြည့်ရင်း ပြောလိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ အကယ်၍ မတော်တဆ ထိုရထားအိမ်ကို တွဲလောင်းချိတ်ဆိုင်းထားသော သံမဏိကြိုးကြီးသာ ပြတ်ကျသွားပါမူ သူတို့အားလုံး အရိုးတခြား အသားတခြား ဖြစ်သွားပေလိမ့် မလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com



"သံမဏိကြိုးကတော့ ပြုတ်မကျလောက်ပါဘူးနော်"

ကြောက်အားပိုနေဟန်ရှိသော မြွေသူတော်မောင်ခြိမ့်၏ စကားကြောင့် ဦးနီမောင်က

"ကြံကြံဖန်ဖန် စိုးရိမ်တတ်ရန်ကော အင်စပက်တာကြီးရယ်။ ကျုပ်တို့ အခုစီးနေတဲ့ အခန်းလေးက ဆယ်ပေပတ်လည် လောက်ရှိတဲ့ အခန်းလေးပဲဥစ္စာ။ ဟိုဘက်ထိပ် ဒီဘက်ထိပ် ထိုင်ခုံနှစ်လုံးမှာ ကျုပ်တို့ လူခြောက်ယောက် ခွဲထိုင်ရုံနဲ့ ဘာများ လေးမှာတုန်းဗျာ"

ဂျော်နီကတော့ သူတို့ ပြောဆိုနေကြသည်များကို စိတ်မဝင်စားဘဲ မြွေသူတော်မောင်ခြိမ့်၏လက်ထဲမှ စက္ကူအိတ်ကြီးကိုသာ ကွက်ကြည့်ကွက်ကြည့် လုပ်နေလေသည်။

မြွေသူတော်မောင်ခြိမ့်က ဦးနီမောင်၏ အပြောကြောင့် စိတ်သက်သာရာ ရသွားဟန်ဖြင့် သုံးယောက်ထိုင် ထိုင်ခုံရှည်ပေါ်တွင် ဦးနီမောင်နှင့် ဂျော်နီတို့ကြား ဝင်ထိုင်လိုက်ရင်း...

"စိတ်ချရတယ်ဆိုရင်လည်း ပြီးတာပဲဗျာ။ ကိုင်း ဒါနဲ့ ဟောဒီ အထုပ်ထဲမှာ ဘာပါလဲဆိုတာ ကြည့်ရအောင်"

ပြောပြောဆိုဆိုဖြင့် အညိုရောင် စက္ကူအိတ်ထိပ်အဝကို ဖွင့်ပြီး အထဲမှ ပစ္စည်းကို ဆွဲထုတ်လိုက်သည်။

"ဟင်!"

စက္ကူအိတ်ထဲမှ ထွက်လာသော ပစ္စည်းကို မြင်လိုက်ရသည့်အခါ ဂျော်နီ၏ မျက်လုံးများ ရုတ်တရက် ပြူးကျယ်သွားပြီး နှုတ်မှပင် အာမေဋိတ်အသံ ခပ်တိုးတိုး ထွက်သွားသည်။





မြွေသူတော်မောင်ခြိမ့်၏ လက်ထဲတွင် ကိုင်ထားသည့် အရာကား... မီးဟပ်ခံထားရသည့် လောင်ကျွမ်းရာများ မည်းတူးနေသော ရို့(စ်)ဘတ်(ဒ်) (Rose Bud) တံဆိပ် ဆေးပြင်းလိပ်ထင်းရှူးသေတ္တာလေး။

ဝိုပြီး တိတိကျကျပြောရလျှင်...

သူ ထောင်ချောက်ဆုံးထည့်ထားခဲ့သော ဆေးပြင်းလိပ်သေတ္တာလေးပင် ဖြစ်လေတော့သည်။

*

ဂျော်နီ၏ အတွေးတွေ၊ ဂျော်နီ၏ အထင်တွေ ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်လေပြီ... ။

ဒါ... ဒါဆို... ငှဦးလေးက... ဟောဒီ ဆေးပြင်းလိပ်သေတ္တာကို မဖွင့်ရသေးခင်မှာ သူ့တာသာသူ ကားမှောက်ပြီး မီးလောင်ပေါက်ကွဲသွားတာပေါ့။

ဟား... ဟား... ငါလွတ်ပြီ... ငါလွတ်ပြီကွ

ငါ့ကို လူသတ်မှုနဲ့ ဖမ်းလို့မရတော့ဘူး...။

*



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီတစ်ယောက် စိတ်ထဲတွင် ကျိတ်ပြီး အူမြူးနေသလောက် ကြက်နာကြီး လည်လိမ်ထားသလို ငိုင်ကျနေသူကတော့ စုံထောက်ကျော်ကြီး မြွေသူတော်မောင်ခြိမ့်ပင် ဖြစ်လေတော့သည်။

သူ့နံဘေးရှိ ဦးနီမောင်ကလည်း မြွေသူတော်မောင်ခြိမ့်၏ လက်ထဲက ထင်းရှူးသေတ္တာပြားပြားလေးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေ၏။

ထင်းရှူးသေတ္တာပြားကလေး၏ ထောင့်နှင့် နှုတ်ခမ်းသားများတွင် မီးဟပ်ခံထားရသောကြောင့် အနည်းငယ် မည်းချိတ်တူးခြစ်နေသည်မှတစ်ပါး နဂိုအနေအထား မပျက်မယွင်းသေးပေ။ ထို့ကြောင့် ဦးနီမောင်က ချက်ချင်းမှတ်မိသွားပြီး...

''ဒါ... ကိုလှဖေ ကားထဲမှာ ဆောင်သွားတဲ့ ဆေးပြင်းလိပ်သေတ္တာလေး မဟုတ်လား...''

''ဟုတ်တယ် ကိုနီမောင်ရေ... အင်း ဒီလိုဆိုတော့လည်း ကိုဂျော်နီတစ်ယောက် ကျုပ်တို့နဲ့ လိုက်လာရကျိုး နပ်သွားပြီပေါ့ဗျာ''





မြွေသူတော်မောင်ခြိမ့်က ဂျော်နီဘက်သို့ လှည့်ကြည့်ရင်း ပြောလိုက်၏။

''ဟုတ်တယ် ကိုမောင်ခြိမ့်။ ခင်ဗျား တစ်လျှောက်လုံး တထွေထွေပြောလာခဲ့သမျှ ဒီတစ်ခွန်းပဲ မှန်သေးတယ်ဗျာ... တဲ့... ဟဲ''

ဂျော်နီက သူ့ အူမြူးမှုကို မဖုံးနိုင်၊ မဖိနိုင်ဘဲ ခပ်ရိရိ ပြောလိုက်၏။ သူ့အကြည့်ထဲတွင်လည်း 'ကိုင်း... အခုတော့... ခင်ဗျား ကျုပ်ကို ဘာအမှုနဲ့ ဖမ်းနိုင်ဦးမှာလဲ' ဟူသည့် အရိပ်အယောင်တွေ ထင်ဟပ်နေလေသည်။

ထိုစဉ် ဦးနီမောင်က မေးလိုက်သည်။

''ဒါဆို ကိုလှဖေတစ်ယောက် လူသတ်ခံရလို့ သေတာမဟုတ်တော့ဘူးပေါ့နော်... ကိုမောင်ခြိမ့်''

''အေးဗျာ... ဒီအတိုင်းဆိုရင်တော့ ကျုပ်ထင်သလို မဟုတ်ဘဲ သူ့ဘာသာသူ ကားမှောက်ပြီး ခေတ်ဆီတိုင်ကီ ပေါက်ကွဲသွားတာလို့ပဲ ကောက်ချက်ချရတော့မှာပဲ''

''တော်သေးတာပေါ့ ကိုမောင်ခြိမ့်ရယ်။ မရီတာတစ်ယောက်လည်း ဒီသတင်းကိုကြားရရင် ကိုလှဖေအတွက် စိတ်ချောင်သွားတာပေါ့။ သူနဲ့ဆုံမှ ပြောပြရဦးမယ်ဗျို့။ ဒါမှလည်း ကျွန်အပေါ် စိတ်ရှင်းသွားမှာ...။ သူ့ခင်ပွန်းက ကုမ္ပဏီကိုရောင်းပစ်မယ့်ကိစ္စမှာ ကျုပ်နဲ့ အတိုက်အခံဖြစ်ထားမှုတော့ ကျွန်တော်ကို လူသတ်သမားလို့ သံသယရှိနေသလားမှ မသိတာ၊ တော— အခုလိုဆိုတော့ ကျုပ်ကို အလုပ်ဖြုတ်စရာ မလိုတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

ထိုအခါ စကားကို ရှေ့နောက် မဆင်မခြင်ပြောတတ်ပုံရသော မြွေသူတော်မောင်ခြိမ့်က

"ဟာ… ကိုနီမောင့်နှယ်။ ခင်ဗျားကို ဒေါ်ရီတာ အလုပ်ထုတ်ပစ်တဲ့ကိစ္စက တခြားပုဂ္ဂိုလ်ရေး အရှုပ်အရှင်းတွေနဲ့လည်း ဆိုင်တယ် ထင်တယ်ဗျ"

ဟု လွှတ်ခနဲ ပြောလိုက်လေ၏။

ထိုစကားကြောင့် ဦးနီမောင်တစ်ယောက် တအံ့တသြဖြစ်သွားရသလို ဂျော်နီမှာ သူ့လုပ်ရပ်များ ပေါ်မည်စိုးသောကြောင့် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

မြွေသူတော်မောင်ခြိမ့်က

"တည့်တည့်ပြောရရင်ဗျာ… ဦးဂျိုန်းလုဖေ သက်ရှိထင်ရှား ရှိစဉ်ကတည်းက သူ့ကို တစ်ပတ်ရိုက်ဖို့ ခင်ဗျား ကြံစည်တာတွေ၊ ကုမ္ပဏီရဲ့ ဘဏ်စာရင်းတချို့ကို ခင်ဗျား ဖျောင်ထားတာတွေ…၊ အဲဒါတွေကို ဒေါ်ရီတာက သတင်းရထားတယ်ဗျ"

မြွေသူတော်မောင်ခြိမ့်ကား ဂျော်နီ လုပ်ကြံဖန်တီးထားသည့် စာရွက်စာတမ်းထဲမှ အချက်အလက်တွေကို အာချောင်ပြီး လျှောက်ပြောနေလေပြီ။

မတော်တဆ နှုတ်ဖွာပြီး ပြောမိသည်လား ဒါမှမဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် အမြင်ကတ်လောက်အောင် တမင်အာချောင်နေသည်လား ဆိုတာကိုတော့ မြွေသူတော်မောင်ခြိမ့်ကိုယ်တိုင်မှပင် သိပေလိမ့်မည်။





ဦးနီမောင်ကား သူကြားရသည်ကို မယုံနိုင်စွာ တအံ့တသြ ဖြစ်လျက်…

"မဟုတ်တာဗျာ… မဟုတ်တာ"

သည်မဟုတ်မဟတ် လုပ်ရပ်ကြီးတစ်ခုလုံး၏ လက်သည်တရားခံဖြစ်သော ဂျော်နီမှာလည်း မျောက်မီးခဲ ကိုင်မိသလိုဖြစ်ကာ…

"ဟေ့လူ… ကိုမောင်ခြိမ့်… ခင်ဗျား… ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ။ တော်ဗျာ… ပါးစပ်ပိတ်"

မြွေသူတော်မောင်ခြိမ့်မှာ ပါးစပ်ပိတ်မသွားသည့်အပြင်

"ဒီလို ကိုနီမောင်ရဲ့၊ အဲဒီ့အကြောင်းတွေကို သေသွားတဲ့ ဒရိုင်ဘာရာဟုက စုံစမ်းပြီး ဦးဂျိုန်းလုဖေဆီကို အစီရင်ခံရတာလေ။ အခုတော့ အဲဒီ့စာရွက်စာတမ်းတွေအားလုံး ဒေါ်ရီတာဆီမှာ ရှိလေရဲ့ဗျား"

ဂျော်နီက မျက်စိပျက် မျက်နှာပျက်နှင့်

"ဟေ့လူ… ကိုမောင်ခြိမ့်၊ ဒါတွေက နေရာတကာမှာ အထုပ်ဖြည်ပြရမယ့်ကိစ္စတွေ မဟုတ်ဘူး။ ဒီတွဲပေါ်မှာ ကျုပ်တို့ကုမ္ပဏီနဲ့ မသက်ဆိုင်တဲ့ ပုလိပ်အရာရှိတွေ မျက်နှာချင်းဆိုင်က ခုံပေါ်မှာ အရှင်လတ်လတ် ရှိနေကြတာလည်း သတိထားဦးမှပေါ့ဗျာ"

ထိုအခါကျမှပင် မြွေသူတော်မောင်ခြိမ့်လည်း ရာဇဝတ်အုပ် ဦးမြင့်ကြိုင်နှင့် ပုလိပ်သားများကိုတစ်လှည့် ဂျော်နီကိုတစ်လှည့် [illegible] မလည် မျက်နှာပေးမျိုးဖြင့် ကြည့်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



''ကိုဂျော်နီကလည်းဗျာ၊ အရင်လို အခြေအနေမျိုးနဲ့ဆိုရင် တော့ ကျုပ် ဘယ်ပြောပါ့မလဲ။ ဟော... ကြည့်စမ်း အခု ဒီ ဆေးပြင်းလိပ်သေတ္တာလေးကို တွေ့လိုက်ရတော့ ကိစ္စပြတ် သွားပြီလေဗျာ။ ပြောပြော၊ မပြောပြော ဘာအရေးတုန်းဗျ။ ဩော်... ဒါနဲ့ ကိုနီမောင်ရေ... ဦးဂျိန်းလုဖေကြီးကလည်း ဟို ကောင်မလေးနဲ့ မရှင်းမရှင်းဖြစ်နေတာ တစ်နှစ်ကျော် လောက် ရှိပြီဆိုပဲ''

မြွေသူတော်မောင်ခြိမ့်၏ ပါးစပ်သည်ကား ကူးတို့ဆိပ်မှာ မှိအိတ်ကို ဖွင့်လိုက်သကဲ့သို့ ပြောအပ်သောစကား၊ မပြောအပ်သော စကားတွေကို အလိုက်ကမ်းဆိုးမသိ ဖွာဆန်ကြဲ၍ ထွက်လာလေသည်။

အခုလည်း ဦးဂျိန်းလုဖေနှင့် ဆူဇီတို့၏ တိတ်တိတ်ပုန်း ဇာတ်လမ်းကို ဘယ်သူကမှ ရိုက်မစစ်ဘဲ အာချောင်ပေဦးတော့မည်။ ဒါကိုက... မောင်ခြိမ့်။ တရားခံကို အငိုက်ဖမ်းရာတွင် ကျွမ်းကျင် လှသော... မြွေသူတော်မောင်ခြိမ့်ပင်။

ဦးနီမောင်က

''ကိုလုဖေက... ဘယ်ကောင်မလေးနဲ့ ဖြစ်နေလို့တုန်းဗျ''

''ဟိုလေ... ဆူ...''

''တိတ်စမ်းဗျာ!''

ဂျော်နီက ဒေါသတကြီးဖြင့် ဝုန်းခနဲ ခုန်ထလိုက်ပြီး အော်ဟစ် တားဆီးလိုက်သည်။ ဟန်ပင် မဆောင်နိုင်တော့...။

ယောက်ယက်ခတ်သွားသည့် ဂျော်နီ့အမူအရာကို မြွေသူတော် မောင်ခြိမ့်ကတော့ ထုံးစံအတိုင်း ထုံထိုင်းထိုင်း။ အတတ အမူအရာဖြင့်





မော့ကြည့်နေ၏။

ထိုအကြည့်ကြောင့်ပင် ဂျော်နီတစ်ယောက် သူ့ တစ်ချက်သတိ လစ်ပြီး အကဲဆတ်လွန်းသွားမှန်း သတိပြုမိလိုက်ကာ ထရပ်လက်စနှင့် ကောင်းကင်ကြိုးရထားခန်းလေးထဲတွင် လူးလာခေါက်တုံ့ လျှောက်နေ လိုက်၏။

မျက်နှာချင်းဆိုင်ထိုင်ခုံရှိ ရာဇဝတ်အုပ် ဦးမြင့်ကြိုင်တို့ လူစု ကလည်း ဖြူန်းစားကြီး ဒေါသထွက်သွားသော ဂျော်နီ့ကို စူးစိုက်စွာ လိုက်ကြည့်နေကြလေသည်။

မြွေသူတော်မောင်ခြိမ့်က အက်ကွဲကွဲအသံဖြင့်...

''ဒီမှာ လာထိုင်စမ်းပါဦး ကိုဂျော်နီရာ... ကျုပ်က ကျုပ် ဘယ်လောက်တောင် အတွေးခေါင်ခဲ့သလဲဆိုတာ ဝန်ခံချင်လို့ ပါဗျ''

''ဘာအတွေးခေါင်တာလဲ''

ဂျော်နီက အနီးတွင် ဝင်ထိုင်လိုက်သည်နှင့် မြွေသူတော် မောင်ခြိမ့်က သူ့လက်ထဲရှိ ဆေးပြင်းလိပ်သေတ္တာကို တဘုန်းဘုန်း အသံထွက်အောင် ပုတ်ပြရင်း...

''ဒီလိုဗျ... ကလေးတွေ သစ်သားတုံးလေးတွေနဲ့ အိမ်ဆောက် တမ်း ကစားသလိုပဲ။ တွေးလုံးဆိုတာဟာ ယူဆချက်တစ်ခု ပေါ်ကို နောက်ထပ်ထင်မြင်ချက်တစ်ခုတင်...၊ အဲဒီလို ဆင့်ကဲ ဆင့်ကဲ ရုပ်လုံးပေါ်အောင် တွေးယူရတာဗျ။ အောက်ဆုံးက သစ်သားတုံးကို ဖယ်ထုတ်လိုက်ရင် အဆောက်အဦတစ်ခုလုံး ပြိုကျသွားသလိုပဲ။ အတွေးမှာလည်း ပထမဦးဆုံး အခြေခံ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ထင်မြင်ယူဆချက်မှားပြီဆိုတာနဲ့ အတွေး အဆောက်အဦ တစ်ခုလုံး တစ်စစီပြိုကျသွားတတ်တာမျိုးဗျ''

''ခင်ဗျား ဆိုလိုချင်တာက...''

ဂျော်နီက ခပ်ထွေထွေ မေးလိုက်သည်။

မြွေသူတော်မောင်ခြိမ့်က ရှက်ကိုးရှက်ကန်း အမူအရာဖြင့်...

''ဒီအမှုမှာ ကျုပ်အခြေခံထားတဲ့တွေးလုံးက ဟောဒီ ဆေးပြင်းလိပ်သေတ္တာထဲမှာ ခင်ဗျားက ပုံးထောင်ထားပြီး ဦးကျွန်းလှဖေကို သတ်တယ်ဆိုတဲ့ ယူဆချက်ပဲဗျ။ ဟော... အခုတော့ ဒါက ဘာမှမဟုတ်တဲ့ ရိုးရိုးသာမန်ဆေးပြင်းလိပ်သေတ္တာမှန်းလည်း သိလိုက်ရရော ကျုပ် တွေးထားသမျှတွေ အကုန်လုံးဟာလည်း ရေစုန်မျှောကုန်တာပဲ ဗျို့... ဟား... ဟား...''

မြွေသူတော်မောင်ခြိမ့်က ပြောဆိုရယ်မောရင်း ဆေးပြင်းလိပ်သေတ္တာလေးကို လက်ဖြင့် တဘုန်းဘုန်းမြည်အောင် ရိုက်နေလေတော့သည်။

''ဟား... ဟား... ဟား...''

ဂျော်နီမှာ အလိုက်သင့် အလျားသင့် လိုက်လံရယ်မောနေရသော်လည်း မြွေသူတော်မောင်ခြိမ့်၏ အားရပါးရ လက်ဖြင့်ပုတ်နေသည့် ဒဏ်ကြောင့် ဆေးပြင်းလိပ်သေတ္တာလေး၏အဖုံး မတော်တဆ ပွင့်သွားလျှင်ဖြင့် အားလုံး မသာပေါ်ကုန်ကြတော့မှာပဲဟု တွေးကာ ချွေးပြန်စပြုလာ၏။

မြွေသူတော်မောင်ခြိမ့်ကမူ မရပ်မနား လေပန်းနေဆဲ။

''ရာဟုရဲ့အိမ်မှာ တွေ့ရတဲ့ လက်နှိပ်စက်ထဲက စာတွေ၊





ကုမ္ပဏီဒါရိုက်တာတွေရဲ့ နောက်ကြောင်း အချက်အလက်တွေဆိုတာကလည်း ခင်ဗျားဘာသာ လုပ်ကြံပြီး ဖန်တီးထားတာလို့တောင် ကျုပ် ထင်လိုက်မိသေးသဗျာ... ဟဲ... ဟဲ... ရယ်စရာ မကောင်းဘူးလား''

''ဟဲ... ဟဲ...''

ဂျော်နီမှာ ပြည့်ပြည့်ဝဝပင် မရယ်နိုင်။ မြွေသူတော်မောင်ခြိမ့်၏ ညာဘက်လက်က ဆေးပြင်းလိပ်သေတ္တာအဖုံးပေါ် အမှတ်တမဲ့လိုလို ရောက်သွားပြီး အဖုံးချိတ်လေးကို ဖြုတ်မိတော့မယောင်ယောင် လက်ဆော့နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဘုရား... ဘုရား... ဒီစုံထောက်စုတ်ကလည်း မျောက်သေလို့ဝင်စားသလား မသိဘူး။ လက်ကမငြိမ်းလိုက်တာ လွန်ပါရော...။

မြွေသူတော်မောင်ခြိမ့်ကတော့ တဟီးဟီး တဟားဟားနှင့်ပင်

''ဒါတင် ဘယ်ကမလဲဗျ၊ ရာဟုအိမ်မှာ တွေ့ရတဲ့ ဘဏ်စာအုပ်ကလည်း ခင်ဗျားကိုယ်တိုင် သူ့ငွေစာရင်းထဲကို ထည့်ပေးထားတယ်လို့ ကျုပ် သံသယဖြစ်နေတာ။ တော်သေးတာပေါ့ဗျာ... စောစောက ကြိုပြီးမပြောထားမိလို့...၊ ပြောများ ပြောထားမိရင် ကျုပ်လုံးလုံး အရှက်ကွဲပြီဗျို့... ဟီဟိ... ဟီဟိ''

ဂျော်နီကတော့ မရယ်နိုင်...။ ဟော ကြည့်လေ မြွေသူတော်မောင်ခြိမ့်၏ ညာဘက်လက်ညှိုးနှင့် လက်မက ဆေးပြင်းလိပ်သေတ္တာအဖုံးချိတ်ကို အမှုမဲ့ အမှတ်မဲ့ ကလိနေပြန်ပြီ။ မတော်တဆ ချိတ်ပြီးပွင့်လိုက်မှဖြင့် ဒုက္ခ...။



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီတစ်ယောက် အာခေါင်တွေ ခြောက်ကာ ရေငတ်သလို ဖြစ်လာလေသည်။ အဲဒီဆေးပြင်းလိပ်သေတ္တာကို ငါ့လက်ထဲ အရယူထားလိုက်မှ အေးမှာပါလေဟုတွေးကာ မသိမသာ လက်လှမ်းသည်။

သို့သော် မြွေသူတော်မောင်ခြိမ့်က သေတ္တာဘူးကလေးကို ကိုင်ကာ၊ ပုတ်ကာဖြင့် ဆက်ပြီး…

"စိတ်တော့မရှိနဲ့ ကိုဂျော်နီရေ ခင်ဗျားက ဓာတ်ပုံပညာလည်း ကျွမ်းတဲ့လူဆိုတော့ ဦးဂျိန်းလုဖေနဲ့ ဆူဇီတို့ရဲ့ နှစ်ယောက်တွဲဓာတ်ပုံကလည်း တကယ့်အစစ်မဟုတ်ဘဲ ခင်ဗျား ဖန်တီးထားတာလို့ ကျုပ်က သံသယရှိနေတာဗျ… ဟား… ဟား… စိတ်မရှိနဲ့နော်"

ဂျော်နီက မြွေသူတော်မောင်ခြိမ့် ဘာပြောသည်ကို မကြားလိုက်။ သူ့အာရုံကား မြွေသူတော်မောင်ခြိမ့်၏လက် တရစ်ဝဲဝဲလုပ်နေသော ဆေးပြင်းလိပ်သေတ္တာ အဖုံးချိတ်လေးဆီ ရောက်နေသောကြောင့် ဖြစ်သည်။

ဒါကို သတိပြုမိသွားပုံရသော မြွေသူတော်မောင်ခြိမ့်က "ဟေ့လူ ကိုဂျော်နီ ဘာဖြစ်နေတာလဲဗျ။ ပြောစမ်းပါ၊ ခင်ဗျား ကျုပ်ကို စိတ်မဆိုးဘူး မဟုတ်လား… ဟဲ… ဟဲ"

"ဟဲ… ဟဲ… စိတ်မဆိုးပါဘူးဗျာ"

တိုစကားကို ဂျော်နီ ဖြေလိုက်စဉ်မှာပင် မြွေသူတော်မောင်ခြိမ့်က ဆေးပြင်းလိပ်သေတ္တာ အဖုံးချိတ်လေးကို လှန်ဖွင့်လိုက်လေတော့သည်။





"ဖျောက်!"

အဖုံးဖွင့်သံက တိုးတိုးလေးပင် ဖြစ်သော်လည်း ဂျော်နီ၏ နားထဲတွင် မိုးခြိမ်းသံတမျှ မြည်ဟီးတုန်ခါသွားလေတော့သည်။ သူ့ မျက်လုံးတွေ ပြာဝေသွား၏။

သူ့အာရုံထဲတွင် မီးတောက်မီးလျှံတွေကို မြင်ယောင်လာသည်။ သူ့နားထဲတွင် ပေါက်ကွဲသံကြီးကို ကြားယောင်လာ၏။

ငါ… သေ… ရ… တော့… မယ်…။

*



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြင်းလိပ်သေတ္တာထဲရှိ ပတ္တာနှင့် ဆက်သွယ်ထားသော စနက်တံမှာ ပေါက်ကွဲဖို့ရန် တစ်မိနစ်သာ ခံသည်။

ထိုအသိက သူ့ကို မိုက်ခနဲ ဖြစ်သွားစေ၏။

လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

"ချက်... ချက်... ချက်..."

လက်ပတ်နာရီမှ စက္ကန့်တံက တရွေ့ရွေ့။ ထိုစဉ် ဂုဏ်ဆိုးထိုးသံနှင့်တူသော မြွေသူတော်မောင်ငြိမ့်၏ အသံက...

"ဟောဗျာ... ကိုဂျော်နီ၊ လက်ပတ်နာရီကို တကြည့်ကြည့်လုပ်နေပြန်ပြီ... ဒီမယ် နားထောင်စမ်းပါဦးဗျ။ ကနေ့မနက် ဦးနီမောင်နဲ့ ဆူဇီတို့ အလုပ်ထုတ်ခံရတာလည်း ခင်ဗျားပယောဂကြောင့်ပဲလို့ ကျုပ်က တထစ်ချတွက်ထားတာ... ဟား... ဟား"

ဂျော်နီ၏ အတွင်းစိတ်ကတော့ ဗလောင်ဆူနေလေပြီ။ 'ဟုတ်တယ် ... ဟုတ်တယ်... အဲဒါတွေအားလုံး ငါ့လက်ချက်တွေ ချည်းပဲ' ဟု အသံကုန် အော်ဟစ်ပစ်လိုက်ချင်လာ၏။ သူ့နဖူးမှာ ဇီးကင်းခန့်ရှိသော ချွေးသီးချွေးပေါက်တွေ စို့လာ၏။





တောက်... လူသတ်မှုကနေ လွတ်ပြီးကာမှ ဒီစုံထောက် စောက်ရှူး လက်ကမြင်းလို့ အားလုံးသေကြရတော့မယ်။ မဖြစ်ရ— မဖြစ်ဘူး... ဒီဆေးပြင်းလိပ်သေတ္တာကို ဟောဒီ ကြိုးရထားပေါ်ကနေ အမြန်ဆုံး လွှင့်ပစ်မှ...

သူ ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထပြီး ကြိုးရထား၏ တံခါးရှိရာဆီကို ပခုံးစောင်းဖြင့် ပြေးတိုက်လိုက်လေ၏။

"ဒုန်း!"

တံခါးက မပွင့်ချေ။ ရာဇဝတ်အုပ် ဦးမြင့်ကြိုင်တို့ အဖွဲ့ကလည်း သူ့ကို မျက်တောင်မခတ်စတမ်း ကြည့်နေကြသည်။

မြွေသူတော်မောင်ငြိမ့်က

"ဟေ့လူ ကိုဂျော်နီ... ဘာလို့ တံခါးကို အတင်းဖွင့်နေတာလဲ။ မတော်တဆ ပြုတ်ကျသွားမှဖြင့်ဗျာ"

သူ ပြန်မဖြေအား...။ တံခါးကို နောက်တစ်ကြိမ် အားကုန်သုံးလျက် ဆောင့်တိုက်လိုက်ပြန်လေသည်။

"ဒုန်း!"

"ကျွီ!"

ဒီတစ်ခါတော့ ကြိုးရထား၏ ဘေးတံခါးက ရှောရှောရှုရှု ပွင့်သွား၏။ ပေနှစ်ထောင် အမြင့်မှာဖြစ်သောကြောင့် လေအေးက တဟူးဟူးနှင့် တိုးဝင်လာသည်။

"ဟေ့လူ... ဟေ့လူ"

သူ့ကို လှမ်းအော်နေသော မြွေသူတော်မောင်ငြိမ့်ကလည်း လှည့်၍ မျက်နှာချင်းဆိုင်လိုက်၏။ အချိန်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်ဆိုသော အချိန်သည် တိုတောင်းလွန်းပေစွ။

''အဲဒီဆေးပြင်းလိပ်သေတ္တာ ကျုပ်ကိုပေးစမ်း''

လေတဟူးဟူးနှင့်မို့ သူ အသံကုန်အော်ပြောလိုက်သည်။

''ဟင်... ဘာ... ဘာရယ်''

ထုံထိုင်းထိုင်း အတီးအတ အမူအရာနှင့် ပြန်မေးနေသော မြွေသူတော်မောင်ခြိမ့်ကို သူ စိတ်မရှည်တော့။ သူ တစ်ဟုန်ထိုးပြေးပြီး မြွေသူတော်မောင်ခြိမ့်၏ လက်ထဲမှ ဆေးပြင်းလိပ်သေတ္တာကို ဆောင့်ဆွဲယူလိုက်သည်။

''ဟော့လူ... ဘာ... လုပ်...''

''ဒုန်း!...''

''ဟာ!''

မြွေသူတော်မောင်ခြိမ့်က တံတောင်ဆစ်ကို မြှောက်၍ ကာလိုက်သောကြောင့် သူ့လက်နှင့် တိုက်မိသွားသလား... ဘယ်လို ဖြစ်သည် မပြောတတ်...၊ သေတ္တာထဲမှ ဆေးပြင်းလိပ်တစ်လိပ်ချင်းစီ ထည့်ထားသော ရွှေရောင်သတ္တုချောင်းလေးများသည် ကြိုးရထားကြမ်းပြင်ပေါ် တကွဲတပြားစီ လိမ့်ဆင်း ပြန့်ကျဲသွားလေတော့သည်။

''ဂလောက်... ဂလောက်... ချောက်!''

ဟာ... သွားပြီ...။ ထောင်ချောက်ဖုံးထည့်ထားတဲ့ သတ္တုချောင်းက ဘယ်ဟာပါလိမ့်။ သူ မခွဲခြားတတ်တော့။

''လုပ်ကြပါဦး... လုပ်ကြပါဦး''

ဂျော်နီက ပါးစပ်မှ အရူးတစ်ယောက်လို ကယောင်ကတမ်း အော်ဟစ်ရင်း ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ရွှေရောင်သတ္တုချောင်း





လေးများကို သွေးပျက်ချောက်ချားစွာ အူယားဖားယား လိုက်ကောက်နေလေတော့သည်။

ထိုင်ခုံတွင် ထိုင်နေသော မြွေသူတော်မောင်ခြိမ့်နှင့် ဦးနီမောင်တို့ကလည်း မတုန်မလှုပ်၊ မျက်နှာချင်းဆိုင်ခုံရှိ ရာဇဝတ်အုပ် ဦးမြင့်ကြိုင်တို့ အဖွဲ့ကလည်း ကျောက်ရုပ်တွေပမာ...၊

ဂျော်နီတစ်ယောက် ဘယ်လိုမှ အောင့်အီးထားနိုင်စွမ်း မရှိတော့ဘဲ ကြုံးအော်လိုက်တော့သည်။

''အရူးတွေ... ဘာထိုင်လုပ်နေကြတာလဲ... ဒီအထဲမှာ ဗုံးပါတယ်ဗျ''

မြွေသူတော်မောင်ခြိမ့်က သူ့ခြေထောက်အနီးတွင် ကျနေသော သတ္တုချောင်းလေးကို ကောက်ယူကာ အထဲမှ ဆေးပြင်းလိပ်ကို ထုတ်ယူလိုက်သည်။ ထိုဆေးပြင်းလိပ်ကို ပါးစပ်မှာတေ့ပြီး မီးညှိတော့မည့်ဆဲဆဲမှာပင် ဦးနီမောင်က...

''ဒီဆေးပြင်းလိပ်သေတ္တာကို ခင်ဗျား ဘယ်က ယူလာတာလဲ ကိုမောင်ခြိမ့်''

''ခင်ဗျား အတွင်းရေးမှူးဆီက တောင်းလာတာပါဗျာ။ ခင်ဗျား ဗီရိုထဲမှာ လေဆာ့တောင် ကျန်သေးတာပဲ... ဟောဒီတစ်ဘူးလောက် ကျုပ်ယူရုံနဲ့တော့ ကိစ္စမရှိတန်ကောင်းဘူး ထင်ပါရဲ့ဗျာ... နော်''

မြွေသူတော်မောင်ခြိမ့်က အေးအေးလူလူပြောရင်း ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်လိုက်လေသည်။

*



www.burmeseclassic.com

ဂျော်နီ၏ နှလုံးသားတစ်ခုလုံး အေးစိမ့်သွားသည်။ သူ့နှလုံးအိမ်ပေါ်မှာ ရေခဲရေမှုန်တွေ သီးနေသလိုမျိုး...။

ကယောင်ကယမ်းဖြစ်နေသော သူ့လှုပ်ရှားမှုတွေ အားလုံးသည်လည်း တုံ့ခနဲ ရပ်တန့်သွားသည်။ သူ့မျက်လုံးမှ အကြောတွေလည်း တောင့်တင်းသွားသည်။

မြွေအသေကောင်တစ်ကောင်လို သူ့မျက်လုံးတွေ ပြူးကျယ်ငြိမ်သက်လျက်...။

သူ့ပါးစပ်သည် ဟောင်းလောင်းပွင့်သွား၏။

ထောင်ချောက်တစ်ခုထဲသို့ တစ်ကိုယ်လုံး တိုးဝင်ပိတ်မိခံလိုက်ရသော သားကောင်တစ်ကောင်၏ ခံစားချက်မျိုးဖြင့် သူ နာကျင်ခါးသီးနေလေသည်။

ဟုတ်သည်။ တကယ်လည်း မြွေသူတော်မောင်ခြိမ့်၏ ထောင်ချောက်ထဲတွင် သူကိုယ်တိုင် လည်စင်းပေးကာ လူသတ်မှုကို ဝန်ခံမိလျက်သား ဖြစ်နေပါပြီကော...။

ထိုစဉ်မှာပင် ဦးနီမောင်ကို လှမ်းပြောနေသော မြွေသူတော်မောင်ခြိမ့်၏ အက်ကွဲကွဲအသံကြီးက သူ့နားထဲသို့ စိတ်မချမ်းမြေ့ဖွယ် တိုးဝင်လာသည်။





"ကျုပ်ဖြင့်ဗျာ... ခင်ဗျားရုံးခန်းထဲက ဟောဒီ ဆေးပြင်းလိပ်သေတ္တာကိုလည်းရှေ့ ပေါက်ကွဲသွားတဲ့ ကားထဲက ကျန်ခဲ့တဲ့ ပုံမျိုးဖြစ်အောင် ဟိုနားဒီနားတွေ မီးရှို့ပြီး အကြံအဖန် လုပ်ရသေးတယ်ဗျို့...။ နောက် ဟော... ဟိုက ရာဇဝတ်အုပ် ဦးမြင့်ကြိုင်တို့အဖွဲ့နဲ့ ညှိပြီး ဇာတ်တိုက်စရာရှိတာ တိုက်... ပြီးတော့မှ တရားခံကို အခုလို သူ့ပါးစပ်က ဖွင့်ပြောပြီး ဝန်ခံလာအောင် ပြေးပေါက်မရှိတဲ့ ဒီကောင်းကင်ကြိုးရုထား ပေါ်မှာ အမိဖမ်းဖို့ စီစဉ်ရတော့တာပဲဗျာ"

ဂျော်နီက သူ့လက်ထဲတွင် ဆုပ်ကိုင်ထားခဲ့ဖြစ်သော ဆေးပြင်းလိပ် သေတ္တာချောင်းများကို ဖြည်လျှော့လွှတ်ချလိုက်တော့သည်။

"ဒေါက်... ဒေါက်... ဒေါက်"

ထို့နောက် တစ်ဖက်ထိုင်ခုံပေါ်တွင် တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်လျက် သူ့ကို အလွတ်မပေးတမ်း စောင့်ကြည့်နေကြသော ရာဇဝတ်အုပ် ဦးမြင့်ကြိုင်နှင့် အဖွဲ့ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ရာဇဝတ်အုပ် ဦးမြင့်ကြိုင်၏ လက်ထဲတွင်ကား သူ့အတွက် ရည်ရွယ်ပြီး အသင့်ဆုပ်ကိုင်ထားသော လက်ထိတ်တစ်စုံ...။

ဒါသည်ပင်လျှင် သူ၏ နိဂုံးဖြစ်တော့၏။

သူက နာကျင်ရှုံ့သွပ်စွာဖြင့် တဟားဟား အော်ရယ်လိုက်ပါသည်။

"ဟား... ဟား... ဟား..."

သူ့ရယ်သံသည် တောင်နံရံတွေဆီသို့ ပဲ့တင်ခတ်[illegible]

*

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်ကတော့ မှိုင်းမှုန်ရီဝေသည့် မျက်လုံးအစုံဖြင့် သူ့ကို ငေးကြည့်နေဆဲ။

ကောင်းကင်ကြိုးရထားကလည်း နှင်းမြူတွေကြားတွင် တရွေ့ရွေ့ သွားနေဆဲ...။

ဇော်နိုင်ငံစိုး

❑

BURMESE CLASSIC



www.burmeseclassic.com